# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၃၁၂)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပခုက္ကူမြို့နယ် ဒေသခံပြည်သူများ စကားဝိုင်းကျင်းပ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပခုက္ကူမြို့နယ် ဒေသခံပြည်သူများစကားဝိုင်းတွင် ဆွေးနွေးသည့်သူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

**ပခုက္ကူ ဩဂုတ် ၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများစကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာ၌ ကျင်းပသည်။

ဒေသခံပြည်သူများစကားဝိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "တစ်နိုင်ငံလုံးမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ လုပ်ရတဲ့ရည်ရွယ်ချက်က ငြိမ်းချမ်းရေးဆိုတာ တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တယ်ဆိုတာကို ပြည်သူပြည်သားတွေ သဘောပေါက်ဖို့ပဲ ဖြစ်ပါတယ်။ အခု ပခုက္ကူမှာဆိုရင် အရင်တုန်းက ပြည်တွင်းစစ်တွေ မရှိတဲ့အခါကျတော့ အပစ်အခတ်ရပ်စဲရေးဆိုတာဘာလဲ၊ ဘယ်လိုအဓိပ္ပာယ်ရှိသလဲ၊ ကိုယ့်ရဲ့ဘဝတွေကို ဘယ်လိုအကျိုးဆက်အနေနဲ့ ပြောင်းလဲစေသလဲဆိုတာကို နားလည်ကြမှာ မဟုတ်ဘူး။ ပြည်တွင်းစစ်တွေဖြစ်တဲ့ ဒေသတွေက ပြည်သူပြည်သားတွေပဲ နားလည်တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကိုယ်ရဲ့ဒေသမှာ ပြည်တွင်းစစ် ဖြစ်ခဲ့သည်ဖြစ်စေ၊ မဖြစ်ခဲ့သည်ဖြစ်စေ နိုင်ငံရဲ့ငြိမ်းချမ်းရေးဟာ အားလုံးနဲ့ သက်ဆိုင်တယ်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များစာပေစကားဝိုင်းအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များစာပေစကားဝိုင်းအခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မန္တလေး တက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ယင်းနေ့နံနက် ၉ နာရီမှစတင်၍ မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ MITV၊ mntv၊ Sky Net Up to Date၊ Sky Net တိုင်းရင်းသား၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊ MIR (Radio)နှင့် MOI Webportal Myanmar Facebook၊ MRTV Facebook၊ Myanmar Digital News Facebook၊ President Office၊ Myanmar State Counsellor Office နှင့် Information Committee Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဂျိုင်းယာယီဗောတံတား ပြင်ဆင်ဆောင်ရွက်မှုပြီးစီး၍ ၁၃ တန်အထက် ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြု

*စာမျက်နှာ - ၁၂*

## ချူကလီးယားလက်နက် ကင်းစင်သည့် ကမ္ဘာဖြစ်လာစေရေး ကုလအတွင်းရေးမှူးချုပ် တောင်းဆို

*စာမျက်နှာ - ၁၄*


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ငြိမ်းချမ်းရေးဗိမာန်ကြီးတည်ဆောက်ရာတွင် သဲတစ်ပွင့်၊ အုတ်တစ်ချပ်အဖြစ် လူတိုင်းပါဝင်

"တစ်နိုင်ငံလုံးမှာငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ လုပ်ရတဲ့ ရည်ရွယ်ချက်က ငြိမ်းချမ်းရေးဆိုတာ တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တယ်ဆိုတာကို ပြည်သူပြည်သားတွေ သဘောပေါက်ဖို့ပဲ ဖြစ်ပါတယ်"

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာတွင် ယမန်နေ့က ကျင်းပခဲ့သည့် ဒေသခံပြည်သူများ စကားဝိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အထက်ပါအတိုင်းပြောကြားခဲ့ပြီး မိမိတို့အားလုံး ငြိမ်းချမ်းရေးရအောင်လုပ်ဖို့ တာဝန်ရှိကြောင်းဖြင့်လည်း လမ်းညွှန်ခဲ့သည်။

ငြိမ်းချမ်းရေးဟူသည် ရန်လိုမုန်းတီးမှုနှင့် ပဋိပက္ခများကင်းစင်ပြီး မိမိတို့၏ အသက်နှင့်ခန္ဓာ အိုးအိမ်စည်းစိမ်တို့ ပျက်စီးဆုံးရှုံးရမည့်ဘေးကို အချိန်နှင့်အမျှ စိုးရွံ့ထိတ်လန့်နေရသည့် အဖြစ်မှ လွတ်မြောက်ခွင့်ရနေခြင်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုသည်။ တစ်နည်းအားဖြင့်လည်း ငြိမ်းချမ်းရေးဆိုသည်မှာ ပြဿနာတစ်စုံတစ်ရာကို အကြမ်းဖက်မှုအလျှင်းမပါဘဲ စိတ်တူကိုယ်မျှ ပြေလည်အောင်ဖြေရှင်းကြကာ မိမိတို့လူ့အဖွဲ့အစည်း တိုးတက်ရာ တိုးတက်ကြောင်းအတွက် တက်ညီလက်ညီ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်စွမ်း ရှိကြခြင်းလည်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့ ဘုရားရှိခိုးရာတွင် ကပ်သုံးပါးမှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းလိုကြောင်းကိုလည်း ထည့်သွင်းဆုတောင်းကြမြဲဖြစ်သည်။ ၎င်းကပ်သုံးပါးတွင် သတ္ထန္တရကပ်သည် ဓားလှံလက်နက်စစ်မက်ဘေးကြောင့် အသက်အိုးအိမ်တို့ပျက်စီးဆုံးရှုံးရသည့် ကပ်ဘေးပင် ဖြစ်သည်။ စစ်မက်ကြောင့် ကုန်သွယ်စီးပွားလယ်ယာလုပ်ငန်းများ မလုပ်နိုင်သောအခါ စားနပ်ရိက္ခာတို့ခေါင်းပါးပြီး အငတ်ပြဿနာဆိုက်၍ ဒုဗ္ဘိက္ခန္တရကပ် ကျရောက်လာနိုင်သကဲ့သို့ အစာအာဟာရမပြည့်ဝသဖြင့် ကိုယ်ခံအားနည်းနေသူတို့အပေါ် ကူးစက်ရောဂါများက အလွယ်တကူ စွဲကပ်ကာ ရောဂန္တရကပ်လည်း နောက်ဆက်တွဲ ကျလာနိုင်သည်သာ ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ဒေသအများစုက ငြိမ်းချမ်းနေသည်။ စစ်ပွဲမရှိ။ စစ်ပွဲမရှိသောဒေသများတွင် နေထိုင်ကြသည့်ပြည်သူများမှာ စစ်၏ အန္တရာယ်များကို မခံစားကြရ။ မိမိတို့နေထိုင်ရာ အိမ်ခေါင်မိုးပေါ်၊ မိမိတို့သားငယ် သမီးငယ်များ ကစားနေသည့် အနီးအနားဆီ အချိန်မရွေး ကျရောက်ပေါက်ကွဲလာနိုင်သည့် ပုံးဆန်အမြောက်ဆန်တို့ကို ကြောက်ရွံ့နေကြရသည့် ခံစားမှုများမှ လွတ်မြောက်ခွင့်ရနေကြသည်။ မငြိမ်းချမ်းသောဒေသများမှ စစ်ရှောင်ပြည်သူများ တစ်နည်းအားဖြင့် လက်နက်ကိုင်ဆောင်မထားသော အပြစ်မဲ့ပြည်သူများ၊ သားသည်မိခင်များ၊ အမျိုးသမီးများနှင့် ကလေးများစသည့် မိမိတို့တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ဒုက္ခများအတွက် ထပ်တူထပ်မျှ ခံစားကာ ငြိမ်းချမ်းသောဒေသများမှ တိုင်းရင်းသားညီအစ်ကို မောင်နှမများက နားလည်စာနာမှု များ ပြသကြရမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် လက်နက်စွဲကိုင် တိုက်ခိုက်နေကြသည့် ပဋိပက္ခများ မိမိတို့ မြေပေါ်မှ အပြီးတိုင် ပျောက်ကွယ်သွားဖို့ မိမိတို့အားလုံး ရှိရာနေရာ၊ ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ လိုမည်ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မပြောချင်တာက ပြည်သူတွေက ငြိမ်းချမ်းရေးလိုချင်တယ် ဆိုတာကို သေသေချာချာ သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေသိအောင် အသံထွက်ပြီး အသိပေးကြရပါလိမ့်မယ်။ ပြည်သူတွေက ငြိမ်းချမ်းရေးလိုချင်တယ်။ ငြိမ်းချမ်းရေးမလိုချင်တာက ဘယ်သူတွေလဲဆိုတာ ပြည်သူတွေသိဖို့လိုပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးလိုချင်တဲ့ ပြည်သူတွေအားလုံး စည်းစည်းလုံးလုံးနဲ့ တစ်သံတည်းထွက်ပြီး ကိုယ်လက်လှမ်းမီရာ လက်လှမ်းမီရာ ငြိမ်းချမ်းရေးအတွက် သဲတစ်ပွင့်၊ အုတ်တစ်ချပ် ငြိမ်းချမ်းရေးဗိမာန်ကြီးကို တည်ဆောက်ရေးအတွက် ပံ့ပိုးကြပါ" ဟူ၍လည်း နှိုးဆော်တိုက်တွန်းခဲ့ရာ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးခရီးစဉ်တွင် ပြည်သူများ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်၍ လူတိုင်းပါဝင်သွားကြရမည် ဖြစ်ပါကြောင်း။ ။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး ခေတ္တမျှသည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**




# ပြန်ကြားရေးနှင့် သတင်းမီဒီယာဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး



ပြန်ကြားရေးနှင့် သတင်းမီဒီယာဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန် ဆွေးနွေးမှာကြားစဉ်။

**နေပြည်တော် ဩဂုတ် ၉**

ပြန်ကြားရေးနှင့် သတင်းမီဒီယာဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု လွှတ်တော် D ဆောင် ပထမထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ၂၀၁၈ ခုနှစ်၊ လွှတ်တော် အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယကနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင်နှင့် သတင်းမီဒီယာကောင်စီဝင်များ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၈ ခုနှစ်၊ လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယကနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်က သတင်းမီဒီယာများ လွှတ်တော်အတွင်း သတင်းရယူရာတွင် အဆင်ပြေချောမွေ့မှုရှိစေရေးနှင့် စည်းကမ်းတကျရှိစေရေးတို့ကို မှာကြားသည်။

ဆက်လက်၍ လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများက လွှတ်တော်ဝင်းအတွင်း ပြန်ကြားရေး၊ သတင်းရယူရေးဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စနစ်တကျနှင့် ပိုမိုအဆင်ပြေစေရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၉**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံ အမတ်ကြီး H.E. Mr.Vikram Misri အား နေပြည်တော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနှင့် အိန္ဒိယနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ရန်အတွက် နှစ်နိုင်ငံအကြား သဘောတူညီချက်တစ်ရပ် ပြုစုရန်၊ စစ်တွေဆိပ်ကမ်း၊ ပလက်ဝပြည်တွင်းရေကြောင်းဆိပ်ကမ်း၊ ဆက်စပ်ပစ္စည်းနှင့် အဆောက်အအုံများ စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများကို Private Port Operator ရွေးချယ်ခန့်ထားနိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးကိစ္စရပ်များ၊ ကလေးလေဆိပ်ဖွံ့ဖြိုးရေးအတွက် လေ့လာထားရှိမှုများနှင့် ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများအား ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စစ်တောင်း၊ သံလွင်မြစ်တို့၏ စိုးရိမ်ရေမှတ်အခြေအနေ

**နေပြည်တော် ဩဂုတ် ၉**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ရောဝတီမြစ်ရေ ဟင်္သာတနှင့် ဇလွန်တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် ဩဂုတ် ၉**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်စီတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေများသည် နောက်လေးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပခုက္ကူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုအားပေး

**ပခုက္ကူ ဩဂုတ် ၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ဒေါက်တာမြင့်ထွေး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ဒုတိယဝန်ကြီး ဦးမင်းသူတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာရှိ အရှေ့ချောက်ကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော် ဦးဝိလာသအား ဖူးမြော်ကြည်ညို၍ သာသနာရေးနှင့်ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေးလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ချောက်ကန်ကျေးရွာ ကျေးရွာဘောလုံးကွင်း၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် စကားပိုင်းသို့ တက်ရောက်၍ ငြိမ်းချမ်းရေး၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ အလုပ်အကိုင်အခွင့်အလမ်း၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ရောက်ရှိပြီး ကျေးလက်ဒေသနေ အလုပ်လက်မဲ့ ဆင်းရဲနွမ်းပါးသူများအား အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ မော်တာစက်ချုပ်သင်တန်း၊ ညှော်ကြိုဝန်ဆောင်မှုသင်တန်း၊ အိပ်ခန်းဆောင်ဝန်ဆောင်မှုသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုကို လှည့်လည်ကြည့်ရှုသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပခုက္ကူမြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း၌ သင်တန်းသူများ ချုပ်လုပ်နေမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပခုက္ကူမြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ညှော်ကြိုဝန်ဆောင်မှုသင်တန်း၌ သင်တန်းသား သင်တန်းသူများ သင်ကြားနေမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

ထိုသို့ကြည့်ရှုစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သင်တန်းများသို့ တက်ရောက်သင်ကြားနေကြသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့ သင်ယူတတ်မြောက်ထားသည့် ပညာရပ်များဖြင့် မိမိဒေသတွင် ပြန်လည်အသုံးချသွားရန် လိုအပ်ပါကြောင်း၊ သို့မှသာ မိသားစုဝင်ငွေကို တိုးတက်စေမည့်အပြင် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုသင်ကြားနေသည့် ဘာသာရပ်အလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားတတ်မြောက်သွားရန် လိုအပ်ပါကြောင်း၊ မရှင်းလင်းသည့် အချက်များရှိပါကလည်း ဆရာ ဆရာမများထံတွင် မိမိနားလည် သဘောပေါက်သည်အထိ သင်ကြားသင်ယူသွားရမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

အဆိုပါ သင်တန်းကျောင်းကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ စက်မှုလက်မှု၊ အိမ်တွင်းမှုကျောင်းဝန်ထမ်း၊ အထည်ချုပ်စက်ရုံဝန်ထမ်း၊ ဟိုတယ်ဝန်ထမ်းအပါအဝင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၂၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းဆောင်အတွင်း ခင်းကျင်းပြသထားသည့် ပခုက္ကူ စက်မှုဇုန်မှ စိန်စိုးစံကုမ္ပဏီလီမိတက်၏ သုံးရာသီပရိဘောဂ စက်ရုံထုတ် ပရိဘောဂပစ္စည်းများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပရိဘောဂစက်ရုံကို ပြည်တွင်းလုပ်သားများအား ကျွမ်းကျင်သော အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်ပေးနိုင်ရန်၊ စွန့်ပစ်ပစ္စည်းမှ တန်ဖိုးမြင့်ထုတ်ကုန် ဆန်းသစ်တီထွင်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်ခဲ့ပြီး လုပ်သားအင်အား ၁၂၂ ဦးဖြင့် ပရိဘောဂအချောထည်များကို ထုတ်လုပ်လျက်ရှိသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ခြေရှိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းစိုက်ပျိုးရေးခြံတွင် ဖွင့်လှစ်ထားသည့် အခမဲ့ကွန်ပျူတာသင်တန်းကျောင်း၌ ဒေသခံလူငယ်များအား ကွန်ပျူတာပညာရပ်များ သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထိုသို့ ကြည့်ရှုအားပေးစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သင်တန်းသားများ၏ သင်ကြားသင်ယူနိုင်မှု အခြေအနေကို စစ်ဆေးမေးမြန်း၍ သင်တန်းသားများအနေဖြင့် သင်ကြားပေးသည့် ဘာသာရပ်များကို ကျွမ်းကျင်စွာ တတ်မြောက်ရန် လေ့ကျင့်သင်ကြားသွားရမည်ဖြစ်ကြောင်း၊ မိမိတို့ သင်ယူတတ်မြောက်သည့် ဘာသာရပ်ကိုလည်း ကျွမ်းကျင်စွာဖြင့် ပြန်လည်အသုံးချခြင်းဖြင့် ဒေသအကျိုးနှင့် နိုင်ငံအကျိုးကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

အဆိုပါ ကွန်ပျူတာသင်တန်းကျောင်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် စတင်ဖွင့်လှစ်ခဲ့၍ သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ခဲ့ကာ သင်တန်းသား ၁၇၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခု တတိယအကြိမ်တွင် သင်တန်းသား ၉၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ခြေရှိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းစိုက်ပျိုးရေးခြံတွင် ဖွင့်လှစ်ထားသည့် အခမဲ့ကွန်ပျူတာသင်တန်းကျောင်း၌ ဒေသခံလူငယ်များနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

"ကျွန်မတို့အားလုံးဟာ ငြိမ်းချမ်းရေးရအောင်လုပ်ဖို့ တာဝန်ရှိပါတယ်။ အဲဒီတော့ ဒီလိုဆွေးနွေးပွဲ စကားဝိုင်းတွေမှာဆိုရင် ပါဝင်တဲ့ပုဂ္ဂိုလ်တွေ တစ်ဦးစီဟာ ဘယ်လိုမြင်သလဲဆိုတာ သိချင်ပါတယ်။ ပြီးတော့ ငြိမ်းချမ်းရေးရအောင် ဘယ်လိုလုပ်ရမလဲ။ ဘာဖြစ်လို့ ငြိမ်းချမ်းရေးကိုလိုအပ်သလဲ။ ဒီဟာတွေကို စုပေါင်းပြီးတော့ စဉ်းစားစေချင်ပါတယ်။

### အစိုးရဟာ ပြည်သူပြည်သားတွေကို တာဝန်ခံရတဲ့အစိုးရ

" ပြီးတော့ ငြိမ်းချမ်းရေးဟာ ကျွန်မတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဘယ်လိုဆက်နွှယ်မှုရှိတယ်လို့ ထင်သလဲဆိုတာကိုလည်း ကျွန်မတို့အနေနဲ့ သိချင်ပါတယ်။ တခြားကိုယ့်ရဲ့ ရပ်ရွာမှာဖြစ်နေတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ပြောချင်တာရှိရင်လည်းပြောလို့ရပါတယ်။ ဥပမာဆိုရင် ကျွန်မအမြဲပဲ ဘယ်နေရာသွားသွား ပြည်သူပြည်သားတွေကို မေးရတယ်။ ဝန်ကြီးချုပ်လိမ္မာရဲ့လား။ ကျွန်မတို့ မကွေးတိုင်းဒေသကြီးက ဝန်ကြီးချုပ်ကတော့ လိမ္မာပုံတော့ရပါတယ်။ ဒါပေမယ့်လည်း ပြည်သူတွေက ပိုပြီးတော့သိမှာပါ။ အဲဒီတော့ ကျွန်မတို့အစိုးရဟာ ပြည်သူပြည်သားတွေကို တာဝန်ခံရတဲ့အစိုးရပါ။

" ပြည်သူတွေ ရွေးချယ်တင်မြှောက်လို့ တက်လာတဲ့ အစိုးရဆိုတာ ပြည်သူပြည်သားတွေကို တာဝန်ခံရပါတယ်။ ပြည်သူပြည်သားတွေရဲ့ဘဝတွေ အကောင်းဆုံးဖြစ်အောင် ကြိုးစားရပါတယ်။ ဘယ်အစိုးရမှ ခြောက်ပြစ်ကင်းသဲလဲစင် မဟုတ်ပါဘူး။ မမှားတဲ့အစိုးရဆိုတာလည်း တစ်ခါမှမရှိပါဘူး။ မမှားတဲ့ရှေ့နေဆိုပေမယ့် ရှေ့နေတွေထက်ပိုပြီးတော့ မှားနိုင်တာ အစိုးရတွေပါပဲ။ အမှားရှိရင်လည်း အရေးကြီးတာက ပြင်နိုင်ဖို့ပါပဲ။ ကျွန်မ မကြာခဏပြောသလိုပေါ့။ ပြဿနာတွေရှိရင် ပြဿနာက



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်



ဦးသက်ခိုင်(တောင်သူ၊ ကိုင်းကျေးရွာ)



ဦးကျော်နိုင်( ယာဉ်လိုင်းဥက္ကဋ္ဌ)



ဦးမြင့်ဝင်း(အရောင်းအဝယ်)



မောင်ဇေယျာမင်း(ဒုတိယနှစ်၊ နည်းပညာတက္ကသိုလ်)



မခိုင်သဇင်အောင် (ဂုဏ်ထူးတန်းပထမနှစ်၊ ပခုက္ကူတက္ကသိုလ်)



မဖြိုးသီရိလွင် (တတိယနှစ်၊ နည်းပညာတက္ကသိုလ်)



မယမုံဖြိုး(မဟာပထမနှစ်၊ ပခုက္ကူတက္ကသိုလ်)



မအိစံပယ်ဖြိုး(ဒုတိယနှစ်၊ ပညာရေးကောလိပ်)

အရေးကြီးတာ မဟုတ်ပါဘူး။ ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ အဖြေကို ရအောင်လုပ်ဖို့က အရေးကြီးတာပါ။

အခုဒီစကားဝိုင်းမှာဆိုရင် ကျွန်မတို့ နိုင်ငံမှာ လွတ်လပ်ရေးရကတည်းက ဘာဖြစ်လို့ အပြည့်အဝ ပြည်တွင်းငြိမ်းချမ်းရေးရအောင် မလုပ်နိုင်သေးတာလဲ။ ဒီပြဿနာကို ကျွန်မတို့ ဘယ်လိုဖြေရှင်းမလဲဆိုတာကို နည်းနည်းအာရုံပြုပြီး ပြောပြစေချင်ပါတယ်" ဟု ပြောကြားသည်။

**မဖြိုးသီရိလွင် (တတိယနှစ်၊ နည်းပညာတက္ကသိုလ်)**

မကွေးတိုင်းဒေသကြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် နှစ်ပေါင်းများစွာ ငြိမ်းချမ်းနေခဲ့ပါကြောင်း၊ ဒီနေရာတွင်နေထိုင်သည့် ကျောင်းသားလူငယ်များသည် များသောအားဖြင့် ငြိမ်းချမ်းရေးကို ခံစားရပါကြောင်း။

ငြိမ်းချမ်းရေးကိုခံစားရသည့်အတွက် မငြိမ်းချမ်းခြင်းကို နားမလည်ကြပါကြောင်း၊ ၎င်းတို့၏ပတ်ဝန်းကျင်နှင့် သတင်းမီဒီယာများမှ မြန်မာနိုင်ငံ၏ မည်သည့်နေရာတွင် တိုက်ပွဲများ ကြုံတွေ့နေရသည်၊ ဘယ်လိုနေထိုင်နေကြရသည်ကို သိကြပါကြောင်း၊ သိသာသိပြီး ဘာမှမတတ်နိုင်ဘူးဆိုသည့်စိတ်ရှိနေသည့် လူငယ်များအများကြီး ရှိပါကြောင်း၊ ဒုတိယတစ်ခုပြောလိုသည်မှာ မြန်မာနိုင်ငံသည် လူတစ်ယောက်၏ ခန္ဓာကိုယ်ကဲ့သို့ဖြစ်ပါကြောင်း၊ ခန္ဓာကိုယ်တွင်ကိုက်ခဲနာကျင်မှုတစ်ခုရှိပါက ခန္ဓာကိုယ်တစ်ခုလုံးအပါအဝင် စိတ်ကပါ အေးအေးချမ်းချမ်းမနေရပါကြောင်း၊ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးရှိသည့် အစိတ်အပိုင်းများရှိသလို မငြိမ်းချမ်းသည့် အစိတ်အပိုင်းများရှိပါကြောင်း။

### ငြိမ်းချမ်းသည့်ဒေသက ကျောင်းသားလူငယ်များစဉ်းစား

မငြိမ်းချမ်းသည့်ဒေသများတွင် ကျောင်းသားလူငယ်များသည် အချင်းချင်းစုပြီး လက်လှမ်းမီသလောက် သူတို့နည်း၊ သူတို့ဟန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများလုပ်ကြပါကြောင်း၊ ပြည်သူများ၏ အသံကိုနားထောင်ပြီး ပြည်သူများ၏ လက်မှတ်များကို ကောက်ခံထားခြင်းမျိုးကို ငြိမ်းချမ်းရေးစကားဝိုင်းများတွင် တွေ့ရပါကြောင်း၊ ငြိမ်းချမ်းသည့်ဒေသက ကျောင်းသားလူငယ်များ မည်သို့ပါဝင်ကြမည်နည်း၊ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရန် မိမိတို့မည်သည့်နေရာမှ ပါဝင်ကြရမည်ကို ငြိမ်းချမ်းသည့်ဒေသက ကျောင်းသားလူငယ်များ စဉ်းစားရန်လိုပြီဟု မြင်ပါကြောင်း။

မငြိမ်းချမ်းရခြင်းအကြောင်းကို အရိုးရှင်းဆုံး ဝေဖန်သုံးသပ်မည်ဆိုပါက ပထမတစ်ခုသည် တစ်ယောက်အပေါ် တစ်ယောက်ထားသည့် နားလည်နိုင်စွမ်း၊ မတူညီသည့် အမြင်၊ စိတ်သဘောထားများကြောင့်ဖြစ်ပါကြောင်း၊ မည်သည့် လူ့အဖွဲ့အစည်းသော်လည်းကောင်း၊ ရုံးပိုင်းဆိုင်ရာ ကျောင်းပိုင်းဆိုင်ရာတွင်သော်လည်းကောင်း ရှေ့က ဦးဆောင်သည့်သူက ဦးဆောင်ပြီး နောက်ကလိုက်မလာခြင်းမျိုး၊ အထက်လူကြီးနှင့် နောက်ကလိုက်လုပ်သူများ၏ ကြားထဲတွင် အချိတ်အဆက်မမိခြင်းမျိုး၊ နားလည်မှုလွဲနေခြင်းမျိုးများ ရှိပါကြောင်း။

အခြေခံကစပြီး ကလေးငယ်များ၏ နုနယ်သည့်စိတ်၊ ၎င်းတို့၏နှလုံးသား၊ ၎င်းတို့၏ နိုင်ငံအပေါ်ထားသည့် စိတ်သဘောထားများကို မည်သို့ပြုပြင်ယူရမည် ဆိုသည်ကို ပြည်သူလူထုအားလုံးနှင့် ကျောင်းသားလူငယ်များ၊ ပြည်သူလူထုအားနှင့် ကဏ္ဍအသီးသီးမှ တတ်ကျွမ်းပညာရှင်များအားလုံး စုပေါင်းပြီးစဉ်းစားရန် လိုအပ်နေပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဦးကျော်နိုင်(ယာဉ်လိုင်းဥက္ကဋ္ဌ)**

မိမိဆွေးနွေးချင်သည်မှာ မိသားစုများ၏ ငြိမ်းချမ်းရေးဖြစ်ပါကြောင်း၊ မိသားစုငြိမ်းချမ်းပါက ရပ်ကွက်ငြိမ်းချမ်းမည်။ ရပ်ကွက်ငြိမ်းချမ်းပါက မြို့နယ်ငြိမ်းချမ်းမည်။ မိမိတို့ကိုယ်တိုင် ငြိမ်းချမ်းပြီဆိုပါက တိုင်းပြည်လည်း ငြိမ်းချမ်းမည်ဖြစ်ပါကြောင်း။

အခြေခံအနေဖြင့် မိသားစုများ ငြိမ်းချမ်းရန်လိုအပ်ပါကြောင်း၊ မိသားစုငြိမ်းချမ်းရန်အတွက် အခြေခံ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရှိမည်ဆိုပါက မိသားစုများငြိမ်းချမ်းမည်ဟု ယုံကြည်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အထက်တန်းကျောင်းသားဘဝဖြင့် ကျောင်းထွက်ခဲ့ရသည့် ၇၀ ရာခိုင်နှုန်းသော လူငယ်ထုအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးနေသည်ကိုတွေ့ရပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာကျောင်းများ ပေါများစွာ ဖွင့်လှစ်ပေးမည်ဆိုပါက ထိုလူငယ်ထုအတွက် လမ်းပျောက်တော့မည် မဟုတ်ပါကြောင်း။

### မူးယစ်ဆေးဝါးကို တိုက်ထုတ်ကြရမည်

အိမ်တစ်အိမ်တွင် မိသားစုဝင်တစ်ယောက် မူးယစ်ဆေးဝါး စွဲကပ်ပြီဆိုလျှင် အဆိုပါမိသားစုသည် မငြိမ်းချမ်းတော့ပါကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးကိုလည်း တွန်းလှန်ရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးများသည် မငြိမ်းချမ်းသည့် နယ်စပ်ဒေသများမှလာပါကြောင်း၊ မူးယစ်ဆေးဝါးများသည် လက်နက်များ၊ ကျည်ဆန်များအဖြစ် ပြောင်းလဲသွားမည်ဆိုပါက မိမိတို့တိုင်းပြည်၏ ငြိမ်းချမ်းရေးသည် မည်သည့်အခါမှ ရနိုင်တော့မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးကို တိုက်ထုတ်ကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လုပ်ဆောင်မှုများသည် တော်တော်အောင်မြင်ပါကြောင်း။

မိသားစုတစ်စုတွင် ကျန်းမာရေးထိခိုက်လာပြီဆိုလျှင် ဘယ်မိသားစုဝင်မှ ငြိမ်းချမ်းသာယာမှု၊ ပျော်ရွှင်မှုမရှိနိုင်တော့ပါကြောင်း၊ ပခုက္ကူပြည်သူ့ဆေးရုံကြီးသည် လမ်းပန်းဆက်သွယ်ရေးကောင်းသော်လည်း ဆေးရုံနေရာကျဉ်းပါကြောင်း၊ လူနာ အမျိုးသမီးနှင့် ကလေးများအတွက် ဆေးရုံဆောက်မည်ဟု ကြားသိရပါကြောင်း၊ ဆေးရုံသည် အမှန်တကယ် ကျပ်တည်းနေသည့်အတွက် အကောင်အထည်ဖော်ပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

**မယမုံဖြိုး(မဟာပထမနှစ်၊ ပခုက္ကူတက္ကသိုလ်)**

မိမိတို့နိုင်ငံသည် တိုင်းရင်းသားပြည်သူလူထုပေါင်းစုံနေထိုင်သည့် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားအချင်းချင်းအကြားတွင် သင့်မြတ်ရန် လိုအပ်သည်ဟုထင်ပါကြောင်း၊

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ပြည်ထောင်စုစိတ်ဓာတ်ရှိပြီး တိုင်းရင်းသားအားလုံးသည် ကိုယ့်ပြည်သူကို ကာကွယ်မည်ဆိုသည့်စိတ်ဓာတ် အားလုံးတွင်ရှိလျှင် ငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် အခက်အခဲမရှိဟု ထင်မိပါကြောင်း။

တိုင်းရင်းသားများ စုပေါင်းနေထိုင်သည့်အတွက် အင်အားမတူညီမှုများရှိပါကြောင်း၊ အင်အားများမတူညီသည့်အတွက် တစ်ဦးနှင့်တစ်ဦးအကြားတွင် ပဋိပက္ခများဖြစ်စေသည့် သဘောထားကွဲလွဲမှုများ ဖြစ်လာပါကြောင်း၊ ယင်းကွဲလွဲမှုများကြောင့် ငြိမ်းချမ်းရေးရရှိရန် ကြာရှည်နေပါကြောင်း၊ ပြည်သူအချင်းချင်း၏ကြားထဲတွင် ပဋိပက္ခဖြစ်စေသည့် ကွာခြားမှုပေါင်းများစွာကို စေ့စပ်ညှိနှိုင်းနိုင်ရန် လိုအပ်ပါကြောင်း၊ တိုင်းပြည်တစ်ပြည်၏ ငြိမ်းချမ်းရေးသည်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အဓိက ပင်တိုင်ဖြစ်သည်ဟုထင်မိပါကြောင်း၊ ငြိမ်းချမ်းရေးသည် ဒေသဖွံ့ဖြိုးရေးတွင် အရေးပါပါကြောင်း၊ မငြိမ်းချမ်းသည့်ဒေသများကို ခြုံငုံကြည့်ပါက အားလုံးသည် နယ်စပ်ဒေသများ ဖြစ်နေပါကြောင်း၊ နယ်စပ်ဒေသများသည် အခြားပြည်ပနိုင်ငံများနှင့် ချိတ်ဆက်ပြီး စီးပွားရေးကို အဓိကလုပ်သည့်ဒေသများ ဖြစ်ပါကြောင်း။

ဒေသများ မငြိမ်းချမ်းသည့်အတွက် ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံမည့်သူများသည် ရင်းနှီးမြှုပ်နှံရန် မဝင်ရဲကြပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးသည်လည်း သိသိသာသာကျဆင်းလာပါကြောင်း၊ ဒေသတစ်ခုချင်းစီတွင် ငြိမ်းချမ်းရေးရရန်အတွက် ကြိုးစားသင့်ပါကြောင်း။

ငြိမ်းချမ်းရေးဆိုသည်မှာ လူကြီးပိုင်းနှင့်သာ သက်ဆိုင်သည် မဟုတ်ပါကြောင်း၊ လူငယ်များအားလုံးနှင့်လည်း သက်ဆိုင်နေသည့် အရာတစ်ခုဖြစ်ပါကြောင်း။

**ပါဝင်ကူညီမည်ဆိုသည့် စိတ်ဓာတ်ရှိရန်လို**

ပြည်သူပြည်သားအားလုံးက နိုင်ငံငြိမ်းချမ်းရန်အတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီမည်ဆိုသည့် စိတ်ဓာတ်ရှိရန်လိုအပ်ပါကြောင်း၊ နိုင်ငံ၏စီးပွားရေးအချက်အချာကျသည့်ဒေသများ တစ်ခုချင်းစီဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် ငြိမ်းချမ်းရေးရအောင် မိမိတို့ ကြိုးစားရန်လိုအပ်ပါကြောင်း၊ ဒေသတစ်ခုချင်းစီ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသတွင်မှီတင်းနေထိုင်သည့် ပြည်သူများ၊ ဒေသခံများအားလုံး၏ မိသားစုများ စားဝတ်နေရေး အဆင်ပြေလာမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် မှီတင်းနေထိုင်သည့် ပြည်သူပြည်သားများအားလုံး၏ စီးပွားရေးအဆင်ပြေလာမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပခုက္ကူမြို့နယ် ဒေသခံပြည်သူများစကားဝိုင်း ကျင်းပစဉ်။ သတင်းစဉ်

**“ကျွန်မတို့အားလုံးဟာ ငြိမ်းချမ်းရေးရအောင်လုပ်ဖို့ တာဝန်ရှိပါတယ်။ အဲဒီတော့ ဒီလိုဆွေးနွေးပွဲ စကားဝိုင်းတွေမှာဆိုရင် ပါဝင်တဲ့ပုဂ္ဂိုလ်တွေ တစ်ဦးစီဟာ ဘယ်လို မြင်သလဲဆိုတာ သိချင်ပါတယ်။ ပြီးတော့ ငြိမ်းချမ်းရေးရအောင် ဘယ်လိုလုပ်ရမလဲ။ ဘာဖြစ်လို့ ငြိမ်းချမ်းရေးကိုလိုအပ်သလဲ။ ဒီဟာတွေကို စုပေါင်းပြီးတော့ စဉ်းစားစေချင်ပါတယ်”**

**ဦးသက်ခိုင်(တောင်သူ၊ ကိုင်းကျေးရွာ)**

ငြိမ်းချမ်းရေးနှင့် စိုက်ပျိုးရေး ဆက်စပ်သည့်အကြောင်းဆွေးနွေးလိုပါကြောင်း၊ ပခုက္ကူဒေသသည် အဘိုးအဘွားများလက်ထက်က မငြိမ်းချမ်းခဲ့ပါကြောင်း၊ ယင်းအချိန်က မငြိမ်းချမ်းသေးတဲ့ဒဏ်ကို တိုက်ရိုက်ခံစားခဲ့ရပါကြောင်း၊ ယခုအချိန်တွင် ငြိမ်းချမ်းသွားသော်လည်း မငြိမ်းချမ်းသေးသည့် ဒဏ်ကိုလည်း သွယ်ဝိုက်ခံစားခဲ့နေရတာလည်း ရှိပါကြောင်း၊ နယ်စပ်ဝင်ထွက်ဂိတ်များတွင် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်နေသည့်အတွက် မိမိတို့ဒေသမှ ထွက်ကုန်များ၊ အခြားဒေသများမှထွက်သည့် ကုန်များသည်လည်း ကုန်စည်စီးဆင်းမှုများ ရပ်တန့်သွား၍ သီးနှံဈေးကွက်များ ကျဆင်းလာသောကြောင့် လူသုံးကုန်ပစ္စည်းများ ဈေးတက်သွားပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ မငြိမ်းချမ်းပါက မငြိမ်းချမ်းခြင်း၏အကျိုးကို အားလုံးခံစားနေရသည်ဟု မြင်မိပါကြောင်း။

**ကုန်ကျစရိတ်များပြားပြီး အရှုံးပေါ်**

မိမိတို့နိုင်ငံက ပြည်တွင်းစစ် အရှည်ကြာဆုံးဟုပင်ပြော၍ရပါကြောင်း၊ လွတ်လပ်ရေးရပြီးကတည်းက အတိုက်အခိုက်နှင့် စစ်ပွဲများက နှစ်ပေါင်း ၇၀ နီးပါး ကြာခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့ အားလုံးသည် သစ်တောများကို မဆင်မခြင်ခုတ်ခဲ့ကြပါကြောင်း၊ မိမိတို့ တောင်သူလယ်သမားများ ၎င်းဒဏ်ကို ခံစားနေရပါကြောင်း၊ မြစ်ချောင်းတစ်လျှောက်တွင် ရေကြီး၊ ကမ်းပြိုမှုများကို ခံစားနေရပါကြောင်း၊ သစ်တောများပျက်စီးသွားသည့်အတွက် သဘာဝပတ်ဝန်းကျင်များ ပျက်စီးပြီး၍ မိမိတို့စိုက်ပျိုးသည့် သီးနှံများတွင် ပိုးမွှားများ အလွန်ကျပါကြောင်း၊ တောင်သူများက ပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲရပါကြောင်း၊ ဈေးကွက်မရှိသည့်အခါတွင် ပိုးသတ်ဆေးဖိုးများ ကုန်ကျစရိတ်များပြားပြီး အရှုံးပေါ်ပါကြောင်း။

နိုင်ငံတိုးတက်ရန်အတွက် ငြိမ်းချမ်းရေးသည် မရှိမဖြစ်နှင့် ငြိမ်းချမ်းရေးရမှဖြစ်မည်ဟုယုံကြည်မိပါကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိမိတို့ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရန် သုတေသနလုပ်ငန်းများကို လုပ်စေချင်ပါကြောင်း၊ စပါးစိုက်တောင်သူများကို ၁ ဧက တစ်သိန်းခွဲချေးပြီး ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများကို ၅ သောင်းချေးပါကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများက စပါးစိုက်တောင်သူများကဲ့သို့ ကုန်ကျမှုမများသော်လည်း ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများကိုလည်း စိုက်ပျိုးစရိတ်ချေးငွေတိုးပြီး ချေးပေးမည်ဆိုပါက သီးနှံမပေါ်ခင် အတိုးကြီးကြီးရှာရသည့်ဒဏ်မှ အတတ်နိုင်ဆုံးသက်သာလိမ့်မည်ဟု မြင်မိပါကြောင်း။

မိမိတို့ဒေသသည် ပဲစင်းငုံ အများကြီးထွက်ပါကြောင်း၊ ပဲစင်းငုံဈေးကွက်ကျဆင်းသွားသည့်အတွက် တောင်သူများ စီးပွားပျက်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရက လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲရန်အတွက် ထွန်စက်များ၊ လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျရောင်းချနေသော်လည်း တောင်သူများမဝယ်နိုင်ပါကြောင်း၊ ယင်းအချိန်တွင် မိမိတို့ခိုင်းနေသည့်နွားများ ပြည်ပသို့ တင်ပို့ရောင်းချနေပါကြောင်း၊ စည်းကမ်းအတိုင်းလုပ်မည်ဆိုပါက အန္တရာယ်မရှိနိုင်သော်လည်း လက်ရှိအနေ အထားအရ ခိုင်းနွားများရှား၍ ဈေးကြီးနေပါကြောင်း၊ ပြည်ပသို့တင်ပို့နေသည့် ခိုင်းနွားများနှင့် ပတ်သက်၍ အစိုးရအနေဖြင့် မူဝါဒများ ပြန်လည်သုံးသပ်ပေးပါရန် ပြောကြားလိုပါကြောင်း၊ မြို့ဆင်ခြေဖုံးများတွင် သိမ်းဆည်းခံလယ်ယာမြေများ ရှိပါကြောင်း၊ ရတဲ့သူ ရပြီး၊ မရတဲ့သူ မရပါကြောင်း၊ မရသေးသူများကို သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေး ကူညီပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

**မအိစံပယ်ဖြိုး(ဒုတိယနှစ်၊ ပညာရေးကောလိပ်)**

ပညာရေးနှင့် ငြိမ်းချမ်းရေးအကြောင်း ပြောလိုပါကြောင်း၊ ပထမဦးဆုံး နိုင်ငံတစ်နိုင်ငံမှာရှိသည့် တိုင်းသူပြည်သားများအားလုံး ငြိမ်းငြိမ်းချမ်းချမ်းနှင့် နေထိုင်စားသောက်နိုင်ရန် အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းရေးကို ညီညီညွတ်ညွတ်နှင့် ပူးပေါင်းဆောင်ရွက်ပြီး အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေးဟု ပြောလိုက်သည်နှင့် အပြောကလွယ်ပါကြောင်း၊ သို့သော် လက်တွေ့အကောင်အထည်ဖော်သည့်နေရာတွင် ခက်ခဲမှုများရှိမည်ဟု မိမိအနေဖြင့်မြင်မိပါကြောင်း။

**ငြိမ်းချမ်းရေးဆိုသည်မှာ အလှမ်းဝေးနေဦးမည်**

နယ်စပ်ဒေသများပါမကျန် ကလေးသူငယ်များအားလုံး ငြိမ်းငြိမ်းချမ်းချမ်း၊ အေးအေးချမ်းချမ်း ပညာသင်ကြားနိုင်ရန် လိုအပ်မည်ဟုထင်ပါကြောင်း၊ နယ်စပ်ဒေသများတွင် လက်နက်ကိုင်အဖွဲ့များနှင့် ပဋိပက္ခများဖြစ်ပြီး အဆိုပါဒေသရှိကလေးများ ပညာကို ကောင်းစွာမသင်ကြားနိုင်ပါကြောင်း၊ ရလာသည့်အကျိုးဆက်မှာ ပညာသင်ကြားပါက ရနိုင်မည့်ဆင်ခြင်တုံတရား၊ ကိုယ်ချင်းစာတရား၊ စဉ်းစားတွေးခေါ်နိုင်စွမ်းများ ရလာမည် မဟုတ်ပါကြောင်း၊ ယင်းအတွက် စဉ်းစားဆင်ခြင်နိုင်စွမ်းများ၊ တစ်ဦးအပေါ်တစ်ဦးထားသင့်သည့် ကိုယ်ချင်းစာတရားများ၊ ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်တတ်မှုများမရပါက မိမိတို့လိုချင်နေသည့် ငြိမ်းချမ်းရေးဆိုသည်မှာ အလှမ်းဝေးနေဦးမည် ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးကို လိုချင်ပါက ပါးစပ်အပြောနှင့် ငြိမ်းချမ်းရေးလုပ်မနေဘဲ တိုင်းရင်းသားအချင်းချင်း ညှိနှိုင်းခြင်း၊ ကိုယ့်ဘက်သူ့ဘက် မျှမျှတတဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းရေးပန်းတိုင်ကို ဘယ်လိုနည်းလမ်းများနှင့် သွားမည်ဆိုသည်ကို ပူးပေါင်းဆောင်ရွက်ပြီး ဆွေးနွေးတိုင်ပင်သင့်သည်ဟု ထင်မိပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဦးမြင့်ဝင်း(အရောင်းအဝယ်)**

ငြိမ်းချမ်းရေးနှင့် စီးပွားရေးအကြောင်းကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဆိုသည်မှာ လူတိုင်းကိုယ်စိတ်နှစ်ပါးလုံး အေးချမ်းသာယာပြီး မိမိ၏ပတ်ဝန်းကျင်၊ မိမိ၏ဒေသတွင် ငြိမ်းငြိမ်းချမ်းချမ်းနှင့် လုပ်ကိုင်နေရမည့် အခြေအနေဟု ထင်မြင်မိပါကြောင်း၊ မိမိတို့ဒေသသည် ငြိမ်းချမ်းသည့် ဒေသဖြစ်ပါကြောင်း၊ မိမိတို့ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းသည် တောင်သူလုပ်ငန်းနှင့် မိမိတို့ရွာ၏ မြောက်ဘက်တွင် အမှတ်(၁၁) အထည်ချုပ်စက်ရုံရှိပါကြောင်း၊ ထိုစက်ရုံတွင်လုပ်သည့် အလုပ်သမားများ ရှိပါကြောင်း၊ နောက်မိမိတို့ရွာတွင် ကိုယ်ထူကိုယ်ထ တစ်နိုင်တစ်ပိုင်မွေးသည့် မွေးမြူရေးလုပ်ငန်းများရှိပါကြောင်း။

**အရှုံးအမြတ်ကိုတွက်မည်ဆိုပါက ရှုံးသည့်နှစ်ကများ**

မိမိတို့ တောင်သူလုပ်ငန်းတွင် တောင်သူများ မည်မျှပင်ကြိုးစားကြိုးစား၊ မည်ကဲ့သို့ သွင်းအားစုများထည့်ထည့် နှစ်ချုပ်လိုက်၍ အရှုံးအမြတ်ကို တွက်မည်ဆိုပါက ရှုံးသည့်နှစ်က များပါကြောင်း၊ ရှုံးသည်ဆိုသည်မှာ အချက် ၃ ချက်ရှိပါကြောင်း၊ နံပါတ်တစ်မှာ သဘာဝမိုးရေကိုမျှော်ကိုးရပါကြောင်း၊ သစ်ပင်များစိုက်ထားပါကြောင်း၊ ကြီးထွားလာပါကြောင်း၊ အသီးအပွင့်များ ပွင့်နေပါကြောင်း၊ ဥများလည်း ဥနေပါကြောင်း၊ သို့သော် မိုးမရွာပါက အလကားဖြစ်၍ ဆုံးရှုံးပါကြောင်း၊ စီးပွားရေးများထိခိုက်ပါကြောင်း။

**လုပ်ကွက်များကျဉ်းမြောင်းလာ**

နံပါတ်နှစ်မှာ မိမိတို့တောင်သူများသည် မိရိုးဖလာ စိုက်ပျိုးရေး နည်းစနစ်များပင်လုပ်နေပါကြောင်း၊ တကယ်တမ်းဆိုပါက မျိုးကောင်းမျိုးသန့်များ၊ စိုက်နည်းစနစ်များကိုကျင့်သုံးမည်ဆိုပါက ပိုကောင်းသော်လည်း မိရိုးဖလာစနစ်များကိုပင် လုပ်နေသည့်အတွက်ကြောင့် သီးနှံများမှာ အထွက်နှုန်းများ ကျပါကြောင်း၊ ထို့ကြောင့်လည်း စီးပွားရေးထိခိုက်ပါကြောင်း၊ နောက်တစ်ချက်မှာ မိမိတို့ရွာသည် ပခုက္ကူမြို့နှင့် နီးစပ်၊ ထိစပ်နေပါကြောင်း၊ မြို့နယ်နိမိတ်မှာ ချဲ့ချဲ့လာပါကြောင်း၊ ချဲ့လာသည့်အခါ မိမိတို့စိုက်သည့် တောင်သူများ၏ စိုက်ဧကများသည် တဖြည်းဖြည်း ကျဉ်းမြောင်းလာပါကြောင်း၊ လုပ်ကွက်များကျဉ်းမြောင်းလာပါကြောင်း၊ ဧရိယာများကျဉ်းမြောင်းလာပါကြောင်း၊ အထွက်နှုန်းများလျော့၍ စီးပွားရေးများ ထိခိုက်လာပါကြောင်း၊ မိုးကိုမျှော်နေရပါကြောင်း၊ ယခုကဲ့သို့ သဘာဝမိုးရေကို မျှော်နေမည့်အစား ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်လုပ်ငန်းများ မိမိတို့ဒေသတွင် တည်ဆောက်ပေးမည်ဆိုပါက မိမိတို့စီးပွားရေးများ ပို၍ဖွံ့ဖြိုးလာမည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့ ရွာ၏မြောက်ဘက်အထည်ချုပ်စက်ရုံတွင် မိမိတို့ဒေသခံများသာမက ရွာနီးချုပ်စပ်မှသူများရော၊ ပခုက္ကူမြို့ပေါ်မှ အလုပ်သမားများပါ အထည်ချုပ် စက်ရုံတွင် လုပ်ကြပါကြောင်း၊ အထည်ချုပ်စက်ရုံတွင်လုပ်သည့် အလုပ်သမားတစ်ယောက်၏ တစ်လပျမ်းမျှဝင်ငွေမှာ တစ်သိန်းခွဲ၊ နှစ်သိန်းလောက်ဝင်ပါကြောင်း၊ အကယ်၍ စက်ရုံသည် ရေရှည်တည်တံ့ခိုင်မြဲမှုမရှိပါက ယင်းစက်ရုံတွင်လုပ်နေသည့် အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်သွားမည်ဖြစ်ပါကြောင်း၊ စားဝတ်နေရေးများ ခက်ခဲမည်ဖြစ်ပါကြောင်း၊ စီးပွားရေးများ ထိခိုက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် စီမံပေးရန် တောင်းဆိုပါကြောင်း ဆွေးနွေးပြောကြားသည်။

**မခိုင်သဇင်အောင် (ဂုဏ်ထူးတန်းပထမနှစ်၊ ပခုက္ကူတက္ကသိုလ်)**

ငြိမ်းချမ်းရေးဆိုသည်မှာ ကိုယ့်ထမင်းကိုလည်း သူလာစားမည်၊ သူ့ရေကိုလည်း ကိုယ်သွားသောက်မည်၊ သူ၏ဒေသကိုလည်း ကိုယ်သွားလည်မည်၊ မိမိ၏ဒေသတွင်လည်း မည်မျှလည်စရာပေါ်များကြောင်း၊ မည်မျှစည်ပင်သာယာကြောင်း ပြောပြပြီး အလည်ခေါ်မည်၊ မတူညီသည့်ဒေသများ၏ ယဉ်ကျေးမှုများကိုဖလှယ်ကြမည်၊ ထိုသို့ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဖြစ်နေသည့်သဘောကို ငြိမ်းချမ်းခြင်းဟု ထင်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် တစ်ဦးချင်းစီရပ်၍မရဘဲ တိုင်းရင်းသားမျိုးစုံပေါင်းစည်းမှသာလျှင် မြန်မာနိုင်ငံဟု ဖြစ်ပေါ်လာသည့်အတွက် စုစုစည်းစည်းရှိနေရန် လိုအပ်ပါကြောင်း၊ မငြိမ်းချမ်းပါက ပြည်သူများ တိုက်ရိုက်ခံစားရပါကြောင်း၊ မငြိမ်းချမ်းသည့်အတွက် ယင်းဒေသမှာရှိကလေးများ ကျောင်းသွားနေရမည့်အစား တောထဲတောင်ထဲတွင် ပြေးလွှားပြီး စစ်ဘေးကိုရှောင်နေရပါကြောင်း၊ အခန့်မသင့်ပါက မိမဲ့ဖမဲ့အဖြစ်နှင့် ရင်နင့်ဖွယ်ရာ တွေ့မြင်ရပါကြောင်း။

**လူ၏ ရုပ်ရော၊ နာမ်ရော ငြိမ်းချမ်းခြင်းဖြစ်**

ကိုယ်တွေ့အနေနှင့်ပြောရပါက ပခုက္ကူတက္ကသိုလ်တွင် ဟောပြောပွဲများ များစွာပြုလုပ်ပါကြောင်း၊ ကျောင်းသူကျောင်းသားများလည်း နားထောင်လိုပါကြောင်း၊ သို့သော် ဟောပြောပွဲခန်းမသည် လိုအပ်ချက်များရှိပြီး ကျောင်းသားများ လာနိုင်အောင် မဆွဲဆောင်နိုင်သည့်အတွက် မတက်မဖြစ်တက်ရမည့် သူများသာလျှင် စာပေဟောပြောပွဲကို ရောက်ပါကြောင်း၊

*စာမျက်နှာ ၆ သို့*

# “ပြောရမယ်ဆိုရင် ဆရာ၊ ဆရာမတွေတော်တော်များများက ကောင်းမွန်တဲ့ ပညာရေးစနစ်ကို မမီခဲ့ဘူး။ အခုကောင်းမွန်တဲ့ ပညာရေးစနစ်ထူထောင်ဖို့ဆိုတော့ ဆရာ၊ ဆရာမတွေရဲ့ အရည်အချင်းကိုပါ တစ်ခါတည်းဖြည့်ပေးနေရတယ်။ ကျောင်းသားတွေကိုပဲ အာရုံစိုက်ပြီး ကြည့်လို့မရဘူး။ ဆရာ၊ ဆရာမတွေကိုလည်း ကြည့်ရတယ်။ ဆရာ၊ ဆရာမတွေကို အရည်အချင်းဖြည့်ပေးဖို့ဆိုတာ ဒါလည်းလွယ်တဲ့ကိစ္စမဟုတ်ဘူး”

*စာမျက်နှာ ၅ မှ*

ဆွဲဆောင်မှုမရှိသည့်အတွက်ကြောင့် မသွားကြပါကြောင်း၊ မသွားသည့်အတွက် ဗဟုသုတမရဘဲ ဆုံးရှုံးမှုတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းခြင်းသည် လူ၏ ရုပ်ရော၊ နာမ်ရော ငြိမ်းချမ်းခြင်းဖြစ်ပါကြောင်း၊ လူတစ်ယောက်သည် ရုပ်ရော၊ နာမ်ရောငြိမ်းချမ်းမှ၊ စိတ်ရောငြိမ်းချမ်းနေမှသာလျှင် လုပ်ငန်းဆောင်တာများကို များစွာလုပ်ဆောင်နိုင်ပြီး ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးစသည့် ကဏ္ဍမှနေပြီး စွမ်းစွမ်းတမံလုပ်ဆောင်နိုင်မှသာလျှင် မျှော်မှန်းထားသည့် ပြည်ထောင်စုကြီး ဖြစ်လာမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**မောင်ဇေယျာမင်း(ဒုတိယနှစ်၊ နည်းပညာတက္ကသိုလ်)**

ငြိမ်းချမ်းရေး၏အနှစ်သာရကို မိမိအမြင်အားဖြင့် ဆွေးနွေးလိုပါကြောင်း၊ ငြိမ်းချမ်းရေးကို ပြောသည့်နေရာတွင် လွတ်လပ်ပြီးတရားမျှတသည့် ဉမကွဲသိုက်မပျက် မိသားစုစိတ်ဓာတ် အရင်းခံပြီး တည်ဆောက်ရမည်ဟု ထင်မြင်ပါကြောင်း၊ ထပ်မံဆွေးနွေးလိုသည်မှာ မငြိမ်းချမ်းသည့်ဒေသများတွင် စစ်မက်ဖြစ်ပွားနေသည့်အတွက် အဆိုပါဒေသများတွင်ရှိသည့် ကလေးငယ်များ၊ အမျိုးသမီးများသည် အခက်အခဲများစွာ ရှိနေပါကြောင်း၊ ပညာရှာရန်အတွက် စာသင်ကျောင်းများ ပိတ်ထားရကြောင်း၊ ကျန်းမာရေးအတွက်ဆိုလျှင်လည်း ဆေးရုံ၊ ဆေးခန်းများ ပိတ်ထားရသည့်အတွက် ရသင့်ရထိုက်သည့် လူ့အခွင့်အရေးဆိုင်ရာများ ဆုံးရှုံးနေရသည်ကို တွေ့မြင်ရပါကြောင်း။

### လူငယ်ပညာရှင်များစွာ ပေါ်ထွန်းလာမည်

ပညာရေးဆိုသည်မှာ လူ့သိက္ခာတရား၏ အခြေခံအုတ်မြစ်ဟုပြောခဲ့ပါကြောင်း၊ ထိုအရာကို လူတိုင်းသိရန်လိုအပ်ပါကြောင်း၊ မိမိတို့ ယခုအချိန်တွင် ဘွဲ့ရလျှင်ပညာတတ်ဖြစ်သည်ဟု ယူဆကြကြောင်း၊ ဘွဲ့ရသော်လည်း ပညာတတ်ဟုခေါ်ဆို၍ မရပါကြောင်း၊ ဘွဲ့ရသော်လည်း မိမိတို့နိုင်ငံကို ထောက်ပံ့ပေးနိုင်သော ပညာရှင်နည်းပါးပါကြောင်း၊ ထို့ကြောင့် အတန်းပညာတက်ရောက်သည့်အခါ ဘွဲ့ရရန် ဦးမတည်ဘဲ နိုင်ငံကို အကျိုးပြုနိုင်သော ပုဂ္ဂိုလ်များ၊ လူငယ်များ ဖြစ်လာစေရန်အတွက် ကြိုးစားရန် လိုအပ်ပါကြောင်း၊ သို့မှသာ တိုင်းပြည်ကို အထောက်အပံ့ပြုမည့် လူငယ်ပညာရှင်များစွာ ပေါ်ထွန်းလာမည်ဟု မြင်မိပါကြောင်း ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးဝင်းမော်ဌေး



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို



ပခုက္ကူစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ထင် မေးမြန်းစဉ်။



ပခုက္ကူမြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ထွေး မေးမြန်းစဉ်။

**ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က**“ ငြိမ်းချမ်းရေးဆိုတာ အားလုံးနဲ့ဆိုင်တယ်ဆိုတာ အားလုံးသိပြီးသားဖြစ်ပါတယ်။ ဒီမှာသတိပြုမိတာကတော့ ရှေ့ကဦးဆောင်တဲ့အတိုင်း နောက်ကမလိုက်တာဟာ ပြဿနာလို့ပြောတာ တစ်ခုရှိပါတယ်။ ဒါပေမယ့် ရှေ့ကဦးဆောင်တဲ့သူကလည်း မှန်ဖို့လိုပါတယ်။ နောက်ပြီးတော့ ဦးဆောင်တဲ့သူအရွေးမှန်ဖို့လည်း လိုပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ဦးဆောင်မယ့်သူတွေကို ကိုယ့်ဘာသာကိုယ် ရွေးချယ်ပိုင်ခွင့်ရှိတဲ့စနစ်ပဲ ဖြစ်ပါတယ်။

### ဆင်ခြင်တုံတရားရှိရုံနဲ့လည်း မလုံလောက်

“ ပြည်သူလူထု အရည်အချင်းပြည့်ဝရင် အရည်အချင်းမဲ့တဲ့အစိုးရတစ်ခုတက်ဖို့ အင်မတန်မှခက်ပါတယ်။ ဒါပေမယ့်လည်း ပြည်သူလူထုကနေ ဆင်ခြင်တုံတရားရှိနေရင် အစိုးရကလည်း ကောင်းလေပဲ။ ဆင်ခြင်တုံတရားရှိရုံနဲ့လည်း မလုံလောက်ဘူး။ ပြည်သူလူထုကနေ သိက္ခာရှိရှိ၊ သတ္တိရှိရှိနဲ့ ကိုယ်ယုံကြည်ရာဘက်ကနေ ရပ်တည်ဖို့ဟာ အင်မတန်အရေးကြီးပါတယ်။

“ ကျွန်မတို့နိုင်ငံရေး လုပ်တယ်ဆိုတာ အနာဂတ်ကိုကြည့်ပြီးလုပ်ရပါတယ်။ အနာဂတ်ကိုဦးတည်ပြီး ကြည့်တာကတော့ ပစ္စုပ္ပန်ကိုတည့်တည့်ကြည့်ရမှာပါ။ ပြောချင်တာက ပစ္စုပ္ပန်ကို တည့်တည့်ကြည့်ပါ။ အခုဖြစ်ပေါ်နေတဲ့ ကျွန်မတို့နိုင်ငံရဲ့ပြဿနာတွေ၊ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို တည့်တည့်ကြည့်ပါ။

“ အတိတ်ကိုပြန်ပြန်သွားပြီး အတိတ်ရဲ့အကျဉ်းသမားတွေလည်း မဖြစ်သင့်ဘူး။ အနာဂတ်ကိုပဲ မျှော်ကိုးပြီးတော့ အခုလုပ်ကြမယ့်ဟာကို မလုပ်ကြဘဲ အနာဂတ်၊ အနာဂတ်ဆိုပြီး မဖြစ်သေးတဲ့ကိစ္စကို အာရုံစိုက်နေလို့မဖြစ်ပါဘူး။ အခုလက်ရှိ လုပ်ရမယ့်ကိစ္စတွေကို အားလုံးဝိုင်းလုပ်မယ်ဆိုရင် ငြိမ်းချမ်းရေးရနိုင်မှာပါ။ ငြိမ်းချမ်းရေး ဘာလို့မရသလဲဆိုရင် နားလည်မှုနည်းပါးလို့ဆိုပြီး ပြောသွားပါတယ်။ မှန်ပါတယ်။ နားလည်မှုဆိုတာ ဘာပေါ်မှာအခြေခံသလဲဆိုတော့ တစ်ဦးနဲ့တစ်ဦး လေးစားမှုအပေါ်မှာလည်း အခြေခံပါတယ်။ နားထောင်တယ်ဆိုတာကလည်း လေးစားလို့ပါ။ ကိုယ်လေးစားရတဲ့ပုဂ္ဂိုလ်ပြောရင် နားထောင်တယ်။ ကိုယ်မလေးစားရတဲ့ ပုဂ္ဂိုလ်ပြောရင် နားမထောင်ဘူး။ ဒါက လူ့သဘာဝပါပဲ။

“ ကျွန်မတို့ ပြည်သူ ပြည်သားတွေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစေချင်ပါတယ်။ အဲဒီအတွက် နိုင်ငံ့အနာဂတ်ကို ဦးတည်ပြီးတော့ ပစ္စုပ္ပန်မှာ ပညာရေး၊ ကျန်းမာရေးကို အင်မတန်မှ ဂရုစိုက်တယ်ဆိုတာ ဘာဖြစ်လို့လဲဆိုတော့ ရုပ်ပိုင်းဆိုင်ရာဘက်က ကျန်းမာရေး၊ ဦးနှောက်ပိုင်းဆိုင်ရာဘက်က ပညာရေး၊ ဦးနှောက်တင်မဟုတ်ဘူး အကျင့်စာရိတ္တကိုစွဲလည်းပါပါတယ်။ ဒီနှစ်ခုပေါ်မှာ အခြေခံပြီးတော့ တိုးတက်အောင်လုပ်ရပါမယ်။ ခုနကပြောသွားတဲ့အထဲမှာ စာမေးပွဲရမှတ်ကိုမူတည်ပြီးတော့ ဘယ်ဘာသာရပ်ပေါ်မှာ ယူနိုင်တယ်ဆိုတာ သတ်မှတ်ထားတဲ့အခါကျတော့ မိဘတွေရော၊ ကလေးတွေကိုယ်တိုင်ရော၊ ဂုဏ်ကိုမက်ပြီးတော့ ဟိုဟာယူမယ်၊ ဒီဟာယူမယ်။ တကယ်စိတ်ဝင်စားလို့မဟုတ်ဘူး။ တကယ်လုပ်ချင်လို့မဟုတ်ဘူး။

### ပညာရေးစနစ်လည်း ပြောင်းလဲလာပါပြီ

“ ငြိမ်းချမ်းရေးကို ထိခိုက်နေတဲ့အရာတွေကို ကျွန်မတို့အားလုံးဝိုင်းပြီးတော့ ပယ်ရမယ်။ ငြိမ်းချမ်းရေးဖြစ်စေမယ့်အရာတွေကို အားလုံးဝိုင်းပြီးတော့ ပြုစုပျိုးထောင်ရမယ်။ အဲဒီဟာလည်း ပြည်သူပြည်သားတွေပါမှ ဖြစ်မှာပါ။ ပညာရေးစနစ်လည်း ပြောင်းလဲလာပါပြီ။ စာမေးပွဲရမှတ်နဲ့မသတ်မှတ်ဘဲ အဆင့်နဲ့သတ်မှတ်တဲ့အခါကျတော့ ငါးမှတ်ပိုတဲ့သူက ငါးမှတ်နည်းတဲ့သူအပေါ်မှာ ကျော်တဲ့ကိစ္စတို့၊ မိဘချင်းပြိုင်တဲ့ကိစ္စတို့ ဒါတွေ အင်မတန်မှ ကျဆင်းသွားပါတယ်။ တက္ကသိုလ်ပညာရေးထက် အသက်မွေးဝမ်းကျောင်းပညာရေးကို အားပေးနေပါတယ်။ ပညာသင်တယ်ဆိုတာ အဓိကက ကိုယ့်ဘဝကိုယ် လုံလုံခြုံခြုံပြည့်ပြည့်စုံစုံ ရပ်တည်နိုင်ဖို့ပါပဲ။ အဲဒါက တက္ကသိုလ်သွားမှဖြစ်တဲ့ကိစ္စမဟုတ်ပါဘူး။ တက္ကသိုလ်မရောက်ဖူးပဲ ကိုယ့်ဘဝမှာ လုံလုံခြုံခြုံကျေကျေနပ်နပ် ရပ်တည်နိုင်တဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။ အသက်မွေးဝမ်းကျောင်းပညာ ကျောင်းသူကျောင်းသားများဆိုတာ ကျွန်မတို့နိုင်ငံအနေနဲ့ အင်မတန်မှလိုအပ်ပါတယ်။ တခြားနိုင်ငံတွေနောက်ကနေ ကျန်ရစ်ခဲ့တဲ့နိုင်ငံတစ်ခုအနေနဲ့ အမြန်နှုန်းနဲ့လိုက်နိုင်အောင် လုပ်ရမယ်ဆိုရင် သင်ထားတဲ့ပညာတွေဟာ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်တွေနဲ့ ကိုက်ညီနေရမှာ ဖြစ်ပါတယ်။

“ ကျွန်မတို့နိုင်ငံမှာ အားလုံးအတွက် အခွင့်အရေးတွေ အများကြီးရအောင်၊ ပြည့်ပြည့်စုံစုံမှန်ကန်တဲ့ အခွင့်အရေးတွေရအောင် ကြိုးစားပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ငြိမ်းချမ်းရေးရဲ့အခြေခံအုတ်မြစ်ဖြစ်တဲ့ တည်ငြိမ်မှုကို ဆောက်တည်နိုင်မယ်လို့ ထင်ပါတယ်။ ပြည်သူလူထုဟာ စိတ်ပိုင်းဆိုင်ရာအရ၊ ရုပ်ပိုင်းဆိုင်ရာအရ လုံခြုံပြီဆိုရင် နိုင်ငံဟာလည်း လုံခြုံမှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ ညီညွတ်မှုပါ။

“ အထူးသဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်နေသည့်ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေအားလုံးဟာ တကယ်ပဲနိုင်ငံ့အပေါ်မှာ စေတနာထားမယ်ဆိုရင် ငြိမ်းချမ်းရေးရမှာပါ။ ပခုက္ကူလို ငြိမ်းချမ်းရေးရဲ့အကျိုးအမြတ်ကို ရှည်ကြာစွာခံစားရတဲ့ ဒေသတစ်ခုမှာတောင် ဖွံ့ဖြိုးသင့်သလောက်မဖွံ့ဖြိုးဘူး။ ဘာဖြစ်လို့လဲဆိုရင် ကျွန်မတို့ နိုင်ငံတစ်ခုလုံးကမှ မဖွံ့ဖြိုးသေးလို့ပါ။ နိုင်ငံတစ်ခုလုံး မဖွံ့ဖြိုးရင် အရပ်ဒေသလိုက် ဖွံ့ဖြိုးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

### အရည်အချင်းတွေနဲ့ ပြည့်ဝဖို့လို

“ ကျွန်မတို့ အသက်ကြီးတဲ့သူတွေတောင်မှ မျှော်လင့်ချက်နဲ့ ရပ်တည်နိုင်ရင် ဘာဖြစ်လို့ မျှော်လင့်ချက်နဲ့ မရပ်တည်နိုင်ရမှာလဲ။ ဒါပေမယ့် မျှော်လင့်နေလို့လည်းမပြီး မျှော်လင့်ချက် အကောင်အထည်ဖော်နိုင်ဖို့ အလုပ်လုပ်နိုင်တဲ့အင်အား၊ လုပ်တတ်ကိုင်တတ်တဲ့ အရည်အချင်းတွေနဲ့တော့ ပြည့်ဝဖို့လိုပါတယ်။ ကျွန်မကတော့ လူငယ်တွေရဲ့အမြင်ကို တင်ပြသွားတာကို တန်ဖိုးထားပါတယ်။ လူငယ်တိုင်း လူငယ်တိုင်းဟာ မတူတဲ့အမြင်တွေရှိပေမယ့် နောက်ဆုံးမှာတော့ တူညီတဲ့စိတ်ဓာတ်နဲ့ ငြိမ်းချမ်းရေးရဖို့ လုပ်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

“ ကျွန်မတို့အနေနဲ့ အသက်မွေးဝမ်းကျောင်းပညာကို အင်မတန်မှ အားပေးတယ်။ မိဘတွေဟာ သားသမီးတွေကို အသက်မွေးဝမ်းကျောင်း ပညာကျောင်းတွေကို လွှတ်ဖို့ ဝန်မလေးပါနဲ့။ တချို့ထင်နေတာက အသက်မွေးပညာကျောင်းဆိုတာ ဒုတိယတန်းစားပညာရေးလို့ ထင်နေတယ်။

“ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံတွေဖြစ်တဲ့ ဆွစ်ဇာလန်တို့၊ ဂျာမနီတို့၊ ဆွီဒင်တို့ဆိုရင် အသက်မွေးဝမ်းကျောင်းပညာသင်တဲ့ ကျောင်းသားတွေနဲ့ တက္ကသိုလ်တက်တဲ့ ကျောင်းသားတွေကို ဘယ်လိုမှခွဲခြားပြီး မမြင်ပါဘူး။ အသက်မွေးဝမ်းကျောင်းပညာကျောင်းက ထွက်တဲ့ကျောင်းသားတွေဟာ ဝင်ငွေရကိန်းက ပိုပြီးမြင့်မားတာကြောင့် အင်မတန်မှသိက္ခာရှိပါတယ်။ ကျွန်မ ဆွစ်ဇာလန်သွားတုန်းက အသက်မွေးဝမ်းကျောင်းပညာကျောင်းမှာသွားနေတဲ့ ကျောင်းသားလေး လေးယောက်နဲ့တွေ့ပြီး သူတို့ကို မေးကြည့်တယ်။ ခွဲခြားဆက်ဆံမှုရှိသလား။ ဒုတိယတန်းစား ပညာရေးစာရင်းထဲမှာ ဝင်နေတဲ့ လူငယ်တွေဆိုပြီး ခွဲခြားဆက်ဆံတာရှိသလား ဆိုပြီးမေးတော့ သူတို့က ဒီမေးခွန်းကို အံ့အားသင့်တယ်။

“ သူတို့ရဲ့ပညာရေးဝန်ကြီးဌာနက တာဝန်ရှိသူကို ဒီလိုခွဲခြားဆက်ဆံမှု မရှိတာ ဘာကြောင့်လဲဆိုပြီး မေးကြည့်တော့ အသက်မွေးဝမ်းကျောင်းပညာကျောင်းက ထွက်တဲ့ ကလေးတွေရဲ့ ဝင်ငွေရနိုင်တဲ့အနေအထားဟာ တက္ကသိုလ်ကထွက်တဲ့ ကလေးတွေထက်တောင် ပိုကောင်းသေးတယ်ဆိုတာကိုကြည့်ပြီး ရပ်ရွာကလည်း လေးစားကြတယ်။ အထင်ကြီးကြတယ်။ ခွဲခြားပြီးမမြင်ဘူး။ ဒါကြောင့် သဘောတူပါတယ်၊ ဒီကိစ္စကိုလည်း တတ်နိုင်သလောက် လုပ်ပေးပါ့မယ်။

### လူကြီးတွေနဲ့ ကလေးတွေကြားထဲမှာ ယုံကြည်မှုနဲ့ပူးပေါင်း

“ မူးယစ်ဆေးဝါးကတော့ တကယ့်ပြဿနာပါ။ အရင်တုန်းကဆို ဘိန်းနဲ့ ဘိန်းထွက်ပစ္စည်းတွေက အန္တရာယ်ပါ။ အခုတကယ့်အန္တရာယ်က စိတ်ကြွဆေးပြားတွေပါ။ ကလေးတွေ ငယ်ငယ်ကတည်းက စသုံးတယ်။ သုံးလာတဲ့နှုန်းက တက်လာတဲ့အတွက် ပြဿနာဖြစ်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ မိဘ၊ ဆရာများဟာ အရည်အချင်းနှစ်ခုရှိဖို့ လိုပါတယ်။ တစ်ချက်က ကလေးတွေဟာ မူးယစ်ဆေးဝါး သုံးစွဲနေသလားဆိုတဲ့လက္ခဏာတွေကို ကြည့်တတ်ဖို့လိုပါတယ်။ ဒုတိယတစ်ချက်က ဒီလိုသိလာပြီဆိုရင် သားသမီးတွေက ယုံယုံကြည်ကြည်နဲ့ ဝန်ခံလာဖို့ ပြောဖို့လိုတယ်။ မပြောရဲရင် ပြဿနာကို ဖြေရှင်းဖို့ခက်မယ်။ လူကြီးတွေနဲ့ ကလေးတွေကြားထဲမှာ နားလည်မှု၊ ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ဒီပြဿနာကို ဖြေရှင်းနိုင်မှာပါ။

“ ကျွန်မတို့က ပြည်ထောင်စုဆိုတော့ တိုင်းရင်းသားလူမျိုးပေါင်းစုံရှိတယ်။ တော်တော်များများ စစ်ဖြစ်နေတဲ့ဒေသတွေဟာ နယ်စပ်ဒေသတွေဖြစ်နေတယ်။ နယ်စပ်ဒေသတွေမှာဖြစ်နေတယ်ဆိုတော့ စီးပွားရေးကိုထိခိုက်တယ်။ နိုင်ငံစီးပွားရေးကို ထိခိုက်တယ်။ တခြားနိုင်ငံတွေရဲ့ဆက်ဆံရေးကိုလည်း ထိခိုက်တယ်။

### ပြုစုပျိုးထောင်ဖို့အရေးကြီး

“ ကျွန်မတို့ရဲ့ ပြည်သူ ပြည်သားများဟာ ရတနာဆိုတာကို အားလုံးသဘောပေါက်ရမယ်။ တစ်ယောက်ချင်းကလည်း ကိုယ်ကိုယ်တိုင်က ရတနာဖြစ်သလို ကိုယ့်ဘေးပတ်ဝန်းကျင်မှာရှိတဲ့ တခြားကိုယ့်ရဲ့ နိုင်ငံသူနိုင်ငံသားများဟာလည်း ရတနာတွေပဲ။ အဲဒီဟာကို ပြုစုပျိုးထောင်ဖို့အရေးကြီးပါတယ်။ နိုင်ငံချမ်းသာမှ ပညာရေးတိုးတက်မယ်မဟုတ်ဘူး။ ဒီနှစ်ခုက အမြဲတမ်း ဒွန်တွဲရမယ်၊ ပညာရေးတိုးတက်ခြင်းအားဖြင့်လည်း နိုင်ငံကိုချမ်းသာအောင်လုပ်နိုင်မယ်။ တစ်ခုပြီးမှ တစ်ခုမဟုတ်ဘူး။ တစ်ခါတည်းလုပ်သွားမှဖြစ်မယ်။ ချမ်းသာတဲ့အထိ စောင့်ပြီးတော့မှ ပညာရေးစနစ်ကို ပြုပြင်လို့မဖြစ်ဘူး။ တတ်နိုင်သလောက် တတ်နိုင်သလောက် လုပ်သွားရမယ်။

“ကျွန်မတို့နိုင်ငံက စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာကလည်း စိုက်ပျိုးရေးက အင်မတန်မှ အရေးကြီးပါတယ်။ တချို့က လက်မှုလယ်ယာကနေ စက်မှုလယ်ယာပြောင်းသွားတယ်။ စက်မှုလယ်ယာပြောင်းသွားတယ်ဆိုတာကလည်း စိုက်ပျိုးရေးကဏ္ဍကို ပံ့ပိုးဖို့ပါပဲ။ စိုက်ပျိုးရေးကဏ္ဍ ပျောက်ကွယ်သွားအောင် လုပ်ဖို့မဟုတ်ပါဘူး။

*စာမျက်နှာ ၁၀ သို့*

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့တွင် ဥပဒေကြမ်း(၁)ခု၊ အစီရင်ခံစာ(၁)ခု တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြခြင်း၊ ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ကြေညာသည်။



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။

## အခြေခံပညာဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အဆိုတင်သွင်း

ထို့နောက် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာအမှတ်စဉ် (၆/၂၀၁၈)ကို ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ဖတ်ကြားတင်ပြပြီး လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင် တင်ဒါခေါ်ယူခြင်းမှ စာချုပ်ချုပ်ဆိုသည်အထိ လုပ်ငန်းစဉ်တွင်လည်းကောင်း၊ လုပ်ငန်းတန်ဖိုးပေးချေမှုစနစ်တွင်လည်းကောင်း၊ မလိုလားအပ်သော ကြန့်ကြာမှုမဖြစ်စေရေးနှင့် တာဝန်ယူ၊ တာဝန်ခံမှု စနစ်ကို ကျင့်သုံးနိုင်စေရေးတို့အတွက် ဆောင်ရွက်သင့်ကြောင်း သဘောထားမှတ်ချက်(၅)ခု၊ တင်ဒါစိစစ်ရာတွင် ကျွမ်းကျင်မှုဆိုင်ရာတွက်ချက်မှုများအတွက် အမှတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်သင့်ကြောင်း သဘောထားမှတ်ချက် (၂) ခု၊ တင်ဒါအောင်မြင်သူနှင့် ချုပ်ဆိုမည့် လုပ်ငန်းအပ်နှံသဘောတူ စာချုပ်ပါလုပ်ငန်းတာဝန်နှင့် စည်းကမ်းချက်များသည် တိကျခိုင်မာပြီး မြို့နယ်ကြီးကြပ်ရေးအဖွဲ့များ၊ အရည်အသွေးစိစစ်ရေးအဖွဲ့များအနေဖြင့် ထိထိရောက်ရောက် ကြပ်မတ်စစ်ဆေးနိုင်စေရေးနှင့် မလိုလားအပ်ဘဲ အငြင်းပွားမှုဖြစ်ပြီး တရားစွဲဆိုရသည့် အခြေအနေအထိ မဖြစ်ပေါ်စေနိုင်ရေးအတွက် ဆောင်ရွက်သင့်ကြောင်း သဘောထားမှတ်ချက်(၃)ခု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာနသို့ အပ်နှံဆောင်ရွက်သော လုပ်ငန်းများအတွက် လုပ်ငန်းတန်ဖိုးပေးချေခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်ညီညွတ်စေရေးအတွက် ဆောင်ရွက်သင့်သည့် သဘောထားမှတ်ချက် (၂) ခုတို့ ပါရှိသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အီတလီနိုင်ငံမှ အတိုးမဲ့ချေးငွေ ယူရိုသန်း ၃၀ ရယူရန်ကိစ္စ ဆွေးနွေး

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အီတလီနိုင်ငံမှ အတိုးမဲ့ချေးငွေ ယူရိုသန်း ၃၀ ရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက အီတလီနိုင်ငံချေးငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီးမှ ဖွံ့ဖြိုးမှုနိမ့်ကျပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် နာဂဒေသ၏ ဖွံ့ဖြိုးမှုအတွက် ရည်ရွယ်ဆောင်ရွက်မည့် စီမံကိန်းဖြစ်သည့်အတွက် ကြိုဆိုပါကြောင်း၊ စီမံကိန်းဆောင်ရွက်မည့်ဒေသမှာ တောင်တန်းဒေသဖြစ်ပြီး အအေးပိုင်းဒေသဖြစ်သည့်အတွက် နေရောင်ခြည်ရရှိနိုင်မှုအားနည်းသည့် အနေအထားအရ ဆိုလာစနစ်ကျင့်သုံးပါက အမှန်တကယ်အဆင်ပြေနိုင်ခြင်း ရှိ/မရှိ၊ ဓာတ်အား တစ်နှစ်ပတ်လုံး အပြည့်အဝရရှိနိုင်ရန် စုဆောင်းနိုင်စွမ်း ရှိ/မရှိ တို့ကို သေချာလေ့လာဆန်းစစ်ပြီးမှ ဆိုလာစနစ်ဆောင်ရွက်မည့်ဒေသနှင့် ကျေးရွာများကို ရွေးချယ်သတ်မှတ်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက ယခုချေးငွေယူရိုသန်း ၃၀ မှာ အိမ်သုံး ဆိုလာစနစ်နှင့် အသေးစားဓာတ်အားပေးစနစ်အတွက် ကျေးရွာပေါင်း ၁၀၁၉ ရွာ၊ အိမ်ခြေ ၉၆၅၀၀ မီးလင်းရေး ဆောင်ရွက်မည်ဖြစ်သည်ဟု သိရှိရပါကြောင်း၊ မီးလင်းရေးကော်မတီဖွဲ့စည်းရာတွင် ဖွဲ့စည်းမည့်ပုံစံအတိုင်း ဒေသခံလူထုကိုယ်စားပြု ခေါင်းဆောင်များဖြင့် စနစ်တကျမှန်ကန်စွာ ဖွဲ့စည်းဆောင်ရွက်ရန် အကြံပြုလိုပါကြောင်း။

အသေးစားဓာတ်အားပေးစနစ်ကို ဖြစ်နိုင်ခြေရှိသောနေရာများတွင် ဦးစားပေးဆောင်ရွက်စေလိုပါကြောင်း၊ ထိုမှတစ်ဆင့် စာသင်ကျောင်း၊ ကျန်းမာရေးဆေးပေးခန်းနှင့် တစ်ရွာလျှင် ကုန်ထုတ်လုပ်မှု(၁)ခု ထုတ်လုပ်နိုင်သည်အထိ မျှော်မှန်းဆောင်ရွက်စေလိုပါကြောင်း၊ ဘာသာရေးအဆောက်အအုံများကို မီး၊ ရေရရှိရေး ဆောင်ရွက်သင့်ပါကြောင်း၊ ပြင်ဆင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ၎င်းစီမံကိန်း ဇရိယာတွင် အသိပညာပေးဟောပြောမှုများ၊ လက်ကမ်းစာစောင်များ၊ ပြုလုပ်ဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးတင်လင်းက ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေးရန်ပုံငွေအဖွဲ့တို့က သတ်မှတ်ထားသည့် နိုင်ငံ၏မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်ကို တိုင်းတာသည့် Score အရ ကိုက်ညီခြင်းကြောင့် ချေးငွေရယူရန် သင့်လျော်မှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ စီမံကိန်းဆောင်ရွက်မည့် ဒေသများသည် ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသများဖြစ်သည့်အတွက် အမှန်တကယ် ဆောင်ရွက်ပေးသင့်သည့် ဒေသများဖြစ်သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ အီတလီအစိုးရအနေဖြင့် ချေးငွေထုတ်ပေးခြင်းမှာ မြန်မာနိုင်ငံ၏ တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ချက်များအတွက် ကူညီပံ့ပိုးရန် မဟာဓာတ်အားလိုင်းနှင့်ဝေးကွာသည့် ကျေးရွာများတွင် အကြိုလျှပ်စစ်မီးရရှိရေးစနစ် (Pre-Electrification System) နှင့် ဆောင်ရွက်စေရန်၊ အစိုးရ၊ ပြည်သူလူထုနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်မှု မြှင့်စေရန်၊ ပြည်သူအချိုးကျထည့်ဝင်မှုစနစ်ဖြင့် ပိုမိုကောင်းမွန်သည့် လျှပ်စစ်မီးလင်းရေးဆောင်ရွက်ရန်နှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာစေရန် ရည်ရွယ်ပြီး ချေးငွေပေးအပ်ခြင်းဖြစ်သည့်အတွက် ရရှိလာသည့် ချေးငွေကို အလေအလွင့်မရှိစေဘဲ စီမံကိန်းဒေသမှ ပြည်သူများအတွက် အကျိုးရှိရှိ၊ ထိထိရောက်ရောက် စေတနာထည့်ပေါင်းပြီး ဆောင်ရွက်သင့်ပါကြောင်း။

## အသေးစားဓာတ်အားပေးစနစ် လည်ပတ်ရန်နှင့် ပြင်ဆင်ထိန်းသိမ်းရန်အတွက် ရင်းနှီးမြှုပ်နှံသူက ကျေးရွာတစ်ရွာလျှင် ဝန်ထမ်းတစ်ဦးခန့်အပ်ပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်မည်

အသေးစားဓာတ်အားပေးစနစ် လည်ပတ်ရန်နှင့် ပြင်ဆင်ထိန်းသိမ်းရန်အတွက် ရင်းနှီးမြှုပ်နှံသူက ကျေးရွာတစ်ရွာလျှင် ဝန်ထမ်းတစ်ဦးခန့်အပ်ပြီး Prepaid စနစ်ဖြင့် ကြိုတင်ငွေကောက်ခံခြင်းဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မည်ဖြစ်ပြီး နည်းပညာအကူအညီပေးရန်အတွက် အီတလီအစိုးရက ကမ္ဘာ့ဘဏ်သို့ သီးခြားရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ သန်း ထောက်ပံ့ပေးသွားမည်ဖြစ်သည့်အတွက် စနစ်တကျဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း ဆွေးနွေးသည်။

အလားတူ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဦးဥက္ကာမင်း၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးဝေ့တင်း၊ ကျိုက်လတ် မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ လဟယ် မဲဆန္ဒနယ်မှ ဦးသက်နောင်၊ အင်းတော် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၊ ကလေး မဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခေါ်)ဒေါ်ရှားမီး၊ ဖာပွန် မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ ကျုံပျော် မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်၊ မိုင်းရယ် မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်နှင့် ကသာ မဲဆန္ဒနယ်မှ ဦးမြင့်ကြည်တို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို ဩဂုတ် ၁၃ ရက် တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်**

---

◆ *ကျောဖုံးမှ*

တိုင်းဒေသကြီး/ပြည်နယ်အားလုံးရှိ သတ်မှတ်တရားရုံးများတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မှုခင်းစီမံခန့်ခွဲမှုစနစ်သည် မြန်မာနိုင်ငံ တရားစီရင်ရေးအတွက် ပိုမိုကောင်းမွန်သော ဆောင်ရွက်ချက်များနှင့် အရည်အသွေးမြင့် တရားမျှတမှုဖြစ်ပေါ်စေရေးအတွက် လိုအပ်သည့်စနစ်တစ်ခုဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းအဆင့်ကို တိုင်းတာရာတွင် မှုခင်းစီမံခန့်ခွဲမှုစနစ် ကျင့်သုံးခြင်းရှိ၊ မရှိ ညွှန်းကိန်းသည် အရေးကြီးသည့် အချက်တစ်ရပ်ဖြစ်၍ အကောင်အထည်ဖော်ရေးဆက်လက်၍ ပိုမိုကြိုးပမ်းအားထုတ်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ရာဇဝတ်အမှုပေါင်း ၈၈၂ မှု လက်ခံရရှိပြီး ၅၅၂ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ တရားမအမှုပေါင်း ၁၄၂၇ မှု လက်ခံရရှိပြီး ၁၃၂၃ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ ထို့ပြင် စာချွန်တော်လျှောက်ထားမှု ၁၄၇ မှု လက်ခံရရှိပြီး ယခင်နှစ်အမှုလက်ကျန် ၂၆ မှုအပါအဝင် ၁၇၃ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း။

**စစ်ဆေးပြီးပြတ်**

တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော်များတွင် ရာဇဝတ်အမှုပေါင်း ၃၅၀၁ မှု လက်ခံရရှိပြီး ယခင်နှစ် အမှုလက်ကျန် ၂၀ မှုအပါအဝင် ၃၅၂၁ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ တရားမအမှုပေါင်း ၂၈၈၂ မှု လက်ခံရရှိပြီး ၂၅၂၁ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ ခရိုင်တရားရုံးများတွင် ရာဇဝတ်အမှုပေါင်း ၁၀၈၇၀ မှု လက်ခံရရှိပြီး ၉၄၂၈ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ တရားမအမှုပေါင်း ၆၈၀၅ မှု လက်ခံရရှိပြီး ၅၄၀၆ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း။

မြို့နယ်တရားရုံးများတွင် ရာဇဝတ်အမှုပေါင်း ၁၅၅၈၂၈ မှု လက်ခံရရှိပြီး ၁၄၉၂၇၅ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ တရားမအမှုပေါင်း ၁၅၄၆၁ မှု လက်ခံရရှိပြီး ၁၂၂၅၇ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ ဥပဒေအရတည်ထောင်သော အခြားတရားရုံးများဖြစ်သည့် ကလေးသူငယ်တရားရုံး (ရန်ကုန်နှင့် မန္တလေး) တွင် ကလေးသူငယ် ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၆၄ မှု လက်ခံရရှိပြီး ယခင်နှစ်အမှုလက်ကျန် ၁၀ မှုအပါအဝင် ၁၇၄ မှု စစ်ဆေး ပြီးပြတ်ခဲ့ကြောင်း၊ စည်ပင်သာယာတရားရုံး (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့တွင် စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၉၉၅၆ မှု လက်ခံရရှိပြီး ၉၉၄၅ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း။

မော်တော်ယာဉ်တရားရုံး (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၅၈၅၉၄ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း၊ ထို့ကြောင့် တရားရုံးများသည် အမှုအခင်းများကို ကြန့်ကြာမှုမရှိစေဘဲ ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင် အဆုံးအဖြတ်ပြုကြရန်နှင့် အမှန်တရားကို အဆုံးအဖြတ်ပေးသည့်၊ အငြင်းပွားမှုများကို ဖြေရှင်းပေးသည့် တရားရုံးများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ တက်ရောက်ကြသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

Government of the Republic of the Union of Myanmar
Ministry of the Office of the State Counsellor

PRESS RELEASE

( Dated: 9 August 2018 )

**Background**

The International Criminal Court ("the Court" or ICC") was established through the Rome Statute of the International Criminal Court ("the Rome Statute"). The ICC has the jurisdiction to prosecute individuals for the international crimes of genocide, crimes against humanity and war crimes. Myanmar is **not party** to the Rome Statute and the Court has no jurisdiction on Myanmar whatsoever.

Regardless, the ICC's Prosecutor has made a *Prosecution's Request for a Ruling on Jurisdiction under Article 19(3) of the Statute* ("the Request") to the ICC and has requested Myanmar to submit its opinion.

Myanmar has declined to engage with the ICC by way of a formal reply due to the reasons stated below.

A. Bad Faith (*Mala Fides*)

1. The Request by the Prosecutor may be interpreted as an indirect attempt to acquire jurisdiction over Myanmar which is not a State Party to the Rome Statute.

2. Myanmar, as a non-State Party, is under no obligation to enter into litigation with the Prosecutor at the ICC or even to accept *notes verbales* emanating from their Registry by reference to article 34 of the Vienna Convention on the Law of Treaties ("Vienna Convention").

3. The actions of the Prosecutor, constitute an attempt to circumvent the spirit of article 34 of the Vienna Convention. By allowing such a contrived procedure, the ICC may set a dangerous precedent whereby future populistic causes and complaints against non - State Parties to the Rome Statute may be litigated at the urging of biased stakeholders and non-governmental organizations and even then, selectively based on the political current of the times.

4. The Prosecutor appears to have chosen to ignore the fact that the United Nations Security Council has issued a Presidential Statement stressing the need for transparent investigations of alleged human rights abuses while, at the same time, recognizing Myanmar's sovereignty and territorial integrity. Respect for Myanmar's sovereignty would permit it to continue to investigate all violations of international humanitarian law whether committed by its own forces or by elements hostile to the Government authorities such as the forces of the Arakan Rohingya Salvation Army ("ARSA").

B. Procedural Framework Irregularities

5. It is submitted that the Prosecution has incorrectly applied Article 19(3) request for a ruling from the Court on jurisdiction when the Court is not properly seized of the matter. Article 19(3) was intended to allow the Prosecutor to seek preliminary rulings on matters pertaining to jurisdiction and admissibility which arise in the normal conduct of proceedings ie. within a "situation". In this matter, the Prosecutor has bypassed important procedural safeguards and instead used Art. 19(3) to request preliminary rulings on issues of jurisdiction prior to even initiating proposed cases within a "situation".

6. In order to obtain the impartial facts necessary to substantiate a jurisdictional request, the Prosecutor should have conducted a preliminary examination, of the sort envisaged in the *chapeau* of article 53(1) of the Rome Statute. Failure to do so, even if it was in part due to financial reasons, was, in fact, an abandonment of her mandatory duty to exercise her unique discretion under article 53(1)(a), namely to evaluate the information to see if it provides a reasonable basis for believing that a crime within the jurisdiction of the Court has been or is being committed.

7. With the benefit of a proper preliminary examination, the Prosecutor would possibly have dealt with the sources of information forming the basis for the Request with more circumspection. As it is, the sources on which the Prosecutor has relied for the purpose of the Request present a completely one-sided and biased narrative of the events in Rakhine State.

8. The amendment of Regulation 46(3) of the Regulations of the Court ("RoC") on 29 June 2018, in the course of the present proceedings, must be viewed negatively, as it provides support for the Prosecutor. The effect of the amendment was to provide the Prosecutor with a short-circuit process to enable a speedy deliberation of this matter.

9. The Prosecutor had not sought the opening of an investigation by virtue of her *proprio motu* powers under article 15(3) of the Rome Statute. By her actions she has "put the cart before the horse" by approaching the Pre-Trial Chamber for a ruling on jurisdiction *before* conducting a preliminary examination. It is submitted that the Prosecutor has reversed accepted procedure without legal justification.

C. Lack of Transparency

10. Myanmar is concerned with the lack of fairness and transparency of the ICC proceedings.

11. The regulations governing the conduct of ICC proceedings stipulates that reasons should be given for derogating from the default rule, namely that its hearings be conducted in public. Regulation 20 states among others, that when a Chamber orders that certain hearings be held in close or private session, the Chamber shall make public the reasons for such an order. In this matter, the Pre-Trial Chamber held an *ex parte Prosecutor only* status conference on 20 June 2018. It also debated issues placed, at the time, on a confidential agenda in a closed hearing without written justification and in blatant violation of its own regulations.

12. All issues discussed at the closed hearing would be of crucial importance and the fact that the Prosecutor's responses to some of these issues still remain confidential is both inexplicable and prejudicial.

13. The lack of transparency was further manifested when Bangladesh chose to file its observations with the Court confidentially. The Court has the ability to require a participant in the legal proceedings to present its submissions in a public manner or, at the very least, in a partially redacted fashion in order to safeguard vital interests. This was not done and, as a consequence, Myanmar could not reasonably have been expected to make an appropriately informed and formal response when it was denied the submissions of the very country on the territory of which jurisdiction is sought.

D. Amici Curiae – prejudicial vs probative value

14. The Court has permitted organizations to file *amicus curiae* submissions without consideration of their identity or the beneficial scope of their proposed contributions. Several of the briefs submitted did not address legal issues, but instead presented allegations consisting of mostly charged narratives of harrowing personal tragedies calculated to place emotional pressure on the Court.

E. Victims (irregular application)

15. Furthermore, the Court has allowed unsolicited victims' applications (something which, to date, has only ever happened in the context of a pre-existing "situation") which is a totally new development. This is worrying, because the Court appears to have predetermined or, at least, acquiesced to a procedural mechanism which would normally be subject to due process. Article 68(3) states that the Court shall permit views and concerns [*of victims*] to be presented and considered at stages of the proceedings .....in a manner which is not prejudicial to or inconsistent with the rights of the accused and a fair and impartial trial…"

16. It has been made known that several groups have *de facto* joined the legal process and have filed detailed observations, without the Court even ruling whether their participation is appropriate under regulation 86 of RoC. The unauthorized and unsolicited submission of observations by these groups has had the effect of placing the Court in a difficult emotional bind. Rejection of their submissions on the grounds of a flagrant procedural irregularity would have left the ICC judges exposed to a charge of callousness.

F. Preconditions to the exercise of jurisdiction - Article 12(2)(a) of the Rome Statute

17. Myanmar categorically rejects the proposition that the Court has jurisdiction as proposed by the Prosecutor in the Request. Myanmar also disagrees with the Prosecution's assertion that population displacement across a national boundary is an essential objective element of the crime of deportation set out in Article 7 (1) (d).

18. Furthermore, there is no organizational policy of the kind required for proving crimes against humanity under the Rome Statute. Such a policy would be hard to reconcile with the repatriation agreement signed between Myanmar and Bangladesh in November 2017,whereby both countries agreed on a short time frame for the voluntary return of all those who had left Rakhine State as a result of hostilities in the region. Myanmar and

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

Bangladesh also signed the Terms of Reference for the Joint Working Group (JWG) and Physical Arrangement for Repatriation of Displaced Myanmar Residents from Bangladesh ("the Physical Arrangement"). All these bilateral agreements are aimed to facilitate repatriation of verified residents of Rakhine State who crossed over to Bangladesh following the terrorist attacks in October 2016 and August 2017. There is no cap on the number to be repatriated and the process was to have commenced on 23 January 2018.

19. The Myanmar Government has recently signed a Memorandum of Understanding ("MOU") with UNDP and UNHCR on 6th June 2018. The MOU seeks UN participation in coordinating and harmonizing humanitarian and development action in Rakhine State, and in assisting the GoM in the voluntary, safe and dignified return of the displaced persons from Rakhine State who have been duly verified as residents of Myanmar according to the Arrangement.

G. Complementarity

20. The Myanmar government has on 30th July 2018 established an Independent Commission of Enquiry. The Commission consists of four members: two international members (one is the Chairperson of the Commission) and two national members. The Commission will investigate the allegations of human rights violations and related issues following the terror attacks by the Arakan Rohingya Salvation Army (ARSA).

Conclusion

21. For all the reasons cited above, Myanmar submits that the *Prosecution's Request for a Ruling on Jurisdiction under Article 19(3) of the Statute* is meritless and should be dismissed.

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၉**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မုဒုံမြို့တွင် ၆ ဒသမ ၈၅ လက်မ၊ ပေါင်မြို့တွင် ၅ ဒသမ ၃၁ လက်မ၊ မော်လမြိုင်မြို့တွင် ၅ ဒသမ ၂၁ လက်မ၊ ကျိုက်မရောမြို့တွင် ၄ ဒသမ ၄၅ လက်မ၊ ချောင်းဆုံမြို့တွင် ၄ ဒသမ ၃၃ လက်မ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၅၈ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၂ ဒသမ ၉၆ လက်မ၊ ကော့ကရိတ်မြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ပိုင်ကျုံမြို့တွင် ၂ ဒသမ ၇၆ လက်မနှင့် စဉ့်ကူးမြို့တွင် ၂ ဒသမ ၆၀ လက်မတို့ ဖြစ်ကြသည်။ **မိုး/၉လ**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး **H.E. Mr. Scot Marciel** အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အမေရိကန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတည်ဆောက်ရေး၊ ဒီမိုကရေစီစနစ် ပိုမိုခိုင်မာအားကောင်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ လွှတ်တော်များ၏ ဘတ်ဂျက်စိစစ်ရေး၊ အပြန်အလှန်ထိန်းကျောင်းရေး၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဗြိတိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H. E. Mr. Daniel Patrick Chugg အား ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် မောင်တောဒေသသို့ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ စေလွှတ်ပေးနေမှုများ၊ အဆိုပါဒေသတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်မှုများ၊ မြန်မာနိုင်ငံ၏ လက်ရှိ မီဒီယာအခင်းအကျင်းနှင့် လုပ်ဆောင်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ သတင်းမီဒီယာလွတ်လပ်ခွင့် အခြေအနေစသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး **H. E. Mr. Daniel Patrick Chugg** နှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## MoU ကို လက်တွေ့အကောင်အထည်ဖော်ရေးအတွက် ရခိုင်ပြည်နယ်သို့ UNDP နှင့် UNHCR ဝန်ထမ်းများက ကွင်းဆင်းအကဲဖြတ်မှုများ ဆောင်ရွက်မည်

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့အကြား ဇွန် ၆ ရက်က လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအား လက်တွေ့အကောင်အထည်ဖော်ရေး ပထမအဆင့်အနေဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်း ဘူးသီးတောင်မြို့နယ်ရှိ ကျေးရွာအုပ်စု ၅ အုပ်စု (ကျေးရွာ ၁၂ ရွာ)နှင့် မောင်တောမြို့နယ်ရှိ ကျေးရွာအုပ်စု ၈ အုပ်စု (ကျေးရွာ ၁၁ ရွာ) စုစုပေါင်းကျေးရွာအုပ်စု ၁၃ အုပ်စု (ကျေးရွာ ၂၃ ရွာ) တို့၌ ကွင်းဆင်းအကဲဖြတ်မှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းသို့ ကွင်းဆင်းအကဲဖြတ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် UNDP နှင့် UNHCR တို့ဘက်မှ တာဝန်ချထားသည့် ဝန်ထမ်းများအား ခရီးသွားလာခွင့်ပြုကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဩဂုတ် ၇ ရက်တွင် အသိပေးထားပြီး ယခုအခါ အဆိုပါနေရာများသို့ ကွင်းဆင်းအကဲဖြတ်မှုများ ပြုလုပ်ရန်အတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန် သက်ဆိုင်ရာဌာနများသို့လည်း အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူလ်ဟတ်ဆန် မာမွတ်အလီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင်ခမ်ချောင်ဒရီနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ငြိမ်းချမ်းရေးရရှိဖို့အတွက် တစ်ဦးချင်း တစ်ဦးချင်းမှာ ကိုယ်လုပ်နိုင်တာ ဘာလေးရှိတယ်ဆိုတာ စဉ်းစားပါ

*စာမျက်နှာ ၆ မှ*

"ခိုင်းနွားတွေကို ရောင်းလိုက်မယ်ဆိုရင် တောင်သူလယ်သမားတွေအတွက် ပြဿနာရှိတယ်။ သို့သော် တရားဝင်လုပ်ရတဲ့အကြောင်းရင်းက ခိုးပြီးရောင်းတဲ့အတွက် ဘယ်ဘက်ကမှ အကျိုးမရှိဘူး။ တရားဝင် ဘောင်ဝင်အောင်လို့ လုပ်လိုက်တဲ့ သဘောပါ။ နွားတွေအားကိုးမှုတွေကို ကျဆင်းလာအောင်လည်းလုပ်ရမယ်။ တောင်သူတွေအနေနဲ့ လယ်ယာသုံးစက်တွေကို တတ်နိုင်တဲ့အခြေအနေဖြစ်အောင် လုပ်ဖို့လည်းလိုတယ်။

## မှန်ကန်ဖြောင့်မတ်ဖို့လို

"မှန်ကန်တဲ့ပိုင်ရှင်တွေဆီကို လယ်ယာမြေတွေ ပြန်လည်ရအောင်လုပ်ဖို့ဆိုရင် ပြဿနာတွေကအမျိုးမျိုးပါ။ သိမ်းထားတဲ့သူတွေက ပြန်မပေးချင်တဲ့ပြဿနာ၊ ပြန်ပေးဖို့သဘောတူညီပြီး သက်ဆိုင်ရာဌာနတွေက မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် မလုပ်နိုင်တဲ့ပြဿနာ၊ လယ်ယာမြေတွေကို ပြန်လည်ရပိုင်ခွင့်ရှိပါတယ်ဆိုပြီး လျှောက်တဲ့ပြည်သူတွေအားလုံးကလည်း ရိုးသားတာတော့မဟုတ်ပါဘူး။ ရပိုင်ခွင့်မရှိဘဲ တောင်းတဲ့သူတွေလည်းရှိတယ်။ တကယ်ရပိုင်ခွင့်ရှိတဲ့သူတွေအတွက် ရှုပ်ထွေးကုန်ပါတယ်။ ရှုပ်ထွေးမှုတွေကိုရှောင်ဖို့ဆိုရင် အားလုံးက မှန်ကန်ဖြောင့်မတ်ဖို့လိုတယ်။

"ကျောင်းဆရာမလုပ်ဖို့ ပညာသင်နေတဲ့ပုဂ္ဂိုလ်တစ်ယောက်ဆိုတော့ မေးခွန်းတစ်ခု မေးချင်တယ်။ ဒါကတော့ တစ်ခါတုန်းက ဆရာမကြီးတစ်ယောက်က မေးဖူးတဲ့မေးခွန်းပါ။ 'မောင်ဖြူကို သင်္ချာသင်ပေးချင်တယ်ဆိုရင် သမီးပထမဦးဆုံး ဘာသိဖို့လိုသလဲ' ဆိုတာပါ။

" တကယ်တော့ ကျောင်းသားကိုသိဖို့ အဓိကပဲ။ ကိုယ့်ကိုယ်ကိုယ် သိဖို့မဟုတ်ဘူး။ ကိုယ်သင်တဲ့ဘာသာကို သိဖို့လည်းမဟုတ်ဘူး။ ကိုယ့်ရဲ့အရည်အချင်းကိုလည်း သိဖို့မဟုတ်ဘူး။ ကျောင်းသားကို သိဖို့ပဲဆိုပြီး ဆရာမကြီးက ပြောပါတယ်။ ကျောင်းသားအကြောင်းသိမှ ဒီကျောင်းသားကို ကိုယ်သင်ပေးချင်တဲ့ ပညာရအောင် လုပ်ပေးနိုင်မှာဖြစ်ပါတယ်။

## ပညာရေးစနစ်ပြောင်းဖို့ကြိုးစားနေ

"အခုဒီပညာရေးစနစ်ကိုလည်း ပြောင်းဖို့ကြိုးစားနေပါတယ်။ အလွတ်ကျက်တဲ့စနစ်ကို အားမပေးချင်ဘူး။ ဒါပေမယ့် အခုအထိ အတိုင်းအတာတစ်ခုအထိတော့ စာမေးပွဲမှာ အမှတ်ရရေးဟာ အလွတ်ကျက်တာနဲ့ ဆိုင်နေတဲ့အတွက် မှတ်ဉာဏ်ကောင်းတဲ့ကလေးတွေက အလေးသာတယ်။ ဒီကလေးတစ်ယောက်ဟာ မှတ်ဉာဏ်မကောင်းဘဲ တခြားသူတွေ နာရီဝက်နဲ့ ကျက်ရတဲ့ဟာကို သူ့မှာ ၄၅ မိနစ်၊ မိနစ် ၅၀ ကျက်ရတယ်ဆိုပေမယ့် သူစိတ်ထား ပိုကောင်းရင်ကောင်းမယ်။ လူမှုရေးမှာ ပိုကောင်းရင်ကောင်းမယ်။ သူ့ရဲ့သူငယ်ချင်းတွေကြားထဲမှာ ပြဿနာဖြစ်ရင် သူဖြေရှင်းပေးနိုင်တဲ့ အရည်အချင်းတွေရှိရင်ရှိမယ်။ အဲဒီလိုပဲ ဆရာ၊ ဆရာမ တစ်ယောက်အတွက် ကိုယ့်ရဲ့ တပည့်တွေရဲ့ အရည်အချင်းကို သိဖို့ဆိုတာ အရေးအကြီးဆုံးပဲ။ ဒါမှ ဒီတပည့်တွေအတွက် အကောင်းဆုံးဖြစ်လာမှာပါ။

"အခု မြို့တွေကျယ်လာလို့ဆိုတာတော့ အဲဒါကြောင့်လို့တော့ ပြောလို့မရပါဘူး။ သို့သော်ငြားလည်း လယ်ယာမြေကို ကြိုက်သလို တခြားဟာအတွက် သုံးလို့မရပါဘူး။ ဒါလည်းစည်းမျဉ်း၊ စည်းကမ်းဥပဒေရှိတယ်ဆိုတာလည်း သိပြီးသားဖြစ်မှာပါ။ ဥပဒေနဲ့မကိုက်ညီဘဲနဲ့ လယ်ယာမြေကို တိုက်ဆောက်လိုက်လို့လည်း မရပါဘူး။ ဒါကြောင့် အဲဒီလိုမရအောင် လုပ်ထားတဲ့ ဥပဒေကိုလည်း တချို့က ဒါနဲ့ပြောင်းပြန်မြင်တဲ့ လူတွေရှိတယ်။ တချို့က ဘယ်လိုမြင်သလဲဆိုတော့ ဘာဖြစ်လို့ တောင်သူလယ်သမားတွေ သူဌေးဖြစ်တာကို မမြင်စေချင်လို့၊ သူတို့လယ်တွေကို သူတို့ဟာသူတို့ ရောင်းခွင့်ကို လွတ်လွတ်လပ်လပ်မပေးထားတာလဲဆိုပြီးတော့ မေးတဲ့လူတွေရှိတယ်။ အဲဒီလို လွတ်လွတ်လပ်လပ် မပေးရခြင်းအကြောင်းက ခုနကပြောသွားတဲ့ကိစ္စပဲ။ ကျွန်မတို့ဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံ၊ အထူးသဖြင့် စပါးနဲ့ပတ်သက်ရင် ကျွန်မတို့ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ ဆန်စားတဲ့ပြည်သူတွေဖြစ်တယ်။ အဲဒီတော့ ဆန်လုံလုံလောက်လောက် ထုတ်နိုင်အောင်လို့ဆိုတာကို ဦးတည်ပြီးတော့ ဒီလိုဥပဒေတွေကို ထုတ်ခဲ့ရတာဖြစ်ပါတယ်။ ခေတ်နဲ့အညီတော့ ပြောင်းဖို့တော့လိုမှာပါ။ မြို့ကြီးတွေက မကျယ်လာပါနဲ့လို့တော့ ပြောလို့မရပါဘူး။ ကျယ်လာမှာပဲ။ ဒါကတော့ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အကျိုးတစ်ရပ်ပါ။ အကောင်းလည်းရှိတယ်။ အဆိုးလည်း ရှိတယ်။

"ငြိမ်းချမ်းရေး မရှိတဲ့အခါကျရင် အမျိုးသမီးနဲ့ ကလေးတွေ ဒုက္ခရောက်တယ်ဆိုတာကို ပြောသွားတယ်။ အဲဒါကို သဘောကျတယ်။ အားလုံးပဲ ပြောကြပါတယ်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုမှာ ငြိမ်းချမ်းရေးမရှိရင်၊ စစ်မက်တွေ ဖြစ်နေရင် ဒုက္ခအခံရဆုံးက ကလေးတွေနဲ့ အမျိုးသမီးတွေပဲ။ ဒါကြောင့် အမျိုးသမီးတွေက ငြိမ်းချမ်းရေးအတွက်ကို ထဲထဲဝင်ဝင်လုပ်ဖို့လိုတယ်။ ဘာဖြစ်လို့ ဒုက္ခခံရမယ့်ကိစ္စတွေကို အမျိုးသားတွေက လုပ်နေရသလဲဆိုတဲ့ အဲဒီမေးခွန်းကို မေးရဲရမယ်။ အဲဒီမေးခွန်းရဲ့ အဖြေကို မဖြစ်မနေပေးရမယ်ဆိုပြီး အမျိုးသားတွေကို ပညာပေးရလိမ့်မယ်။ တကယ်ပဲ ငြိမ်းချမ်းရေးလိုချင်တယ်ဆိုရင် နေ့ချင်းညချင်းရအောင် လုပ်လို့ရတယ်။

"ပြောရမယ်ဆိုရင် ဆရာ၊ ဆရာမတွေ တော်တော်များများက ကောင်းမွန်တဲ့ပညာရေးစနစ်ကို မမီခဲ့ဘူး။ အခုကောင်းမွန်တဲ့ ပညာရေးစနစ်ထူထောင်ဖို့ဆိုတော့ ဆရာ၊ ဆရာမတွေရဲ့အရည်အချင်းကိုပါ တစ်ခါတည်းဖြည့်ပေးနေရတယ်။ ကျောင်းသားတွေကိုပဲ အာရုံစိုက်ပြီး ကြည့်လို့မရဘူး။ ဆရာ၊ ဆရာမတွေကိုလည်း ကြည့်ရတယ်။ ဆရာ၊ ဆရာမတွေကို အရည်အချင်းဖြည့်ပေးဖို့ဆိုတာ ဒါလည်းလွယ်တဲ့ကိစ္စမဟုတ်ဘူး။

"မကြာခင်က ကျွန်မ ပေတောကျေးရွာလေးကိုသွားခဲ့တယ်။ အဲဒီမှာ မူလတန်းကျောင်းလေးကို သွားကြည့်တဲ့အခါ အဲဒီကျောင်းလေးက ထူးခြားတယ်။ ထူးခြားတယ်ဆိုတာက ကျောင်းဆရာက သုံးယောက်ရှိတယ်။ ဆရာမကနှစ်ယောက်ရှိတယ်။ ဒါဆိုရင် ဒီနိုင်ငံမှာ ထူးခြားတာပဲ။ တော်တော်များများ ကျောင်းတွေမှာဆိုရင် ဆရာဆိုရင် မှုးလို့မှ ရှူစရာ၊ ဘယ်မှာမှ ရှာမတွေ့ဘူး။ ဆရာမတွေချည်းပဲ။ အဲဒီကျောင်းမှာ ကျောင်းဆရာက သုံးယောက်ရှိတယ်။ ဆရာမက နှစ်ယောက်ရှိတယ်။ ဒါထက်ပိုပြီး သဘောကျတာက ဘာလဲဆိုတော့ ကလေးတွေက လုံးဝရှက်တာ၊ ကြောက်တာမရှိဘူး။ မေးလို့ရှိရင် ဖြေတာပဲ၊ ဘာတတ်သလဲမေးလို့ရှိရင် ခပ်အေးအေးရွတ်ပြတာပဲ။ သူတို့ကို သူတို့ ယုံကြည်မှုရှိတဲ့ပုံပေါ်တယ်။ အဲဒါက အရေးကြီးဆုံးပဲ။

"ပညာသင်တယ်ဆိုတာ ကလေးတွေဟာ သိချင်စိတ်၊ စူးစမ်းဆင်ခြင်တတ်ရုံတင်မဟုတ်ဘူး။ သိချင် တတ်ချင်စိတ်ရှိဖို့က အရေးကြီးတယ်။ ကလေးလေးတစ်ယောက်ဟာ သိချင်တတ်ချင်စိတ် ရှိပြီဆိုရင် သူ့ဘာသာသင်ယူမှာပဲ။ ငယ်ငယ်တုန်းက ကျောင်းစာထဲမှာ ပုံပြင်တစ်ခုသင်ရတယ်။ ဒါကတော့ ဆရာကို မရိုသေတာနဲ့ ပတ်သက်လို့ပါ။ ဆရာကိုအာခံရင် အာခေါင်ကို လုံ့စူးတယ်ဆိုတယ်။ အဲဒီမှာ လူတစ်ယောက်က ငှက်ကို ကြည့်ပြီးတော့ ပညာရှာတာပဲ။ ငှက်ရဲ့လုပ်ပုံလုပ်နည်းကို ကြည့်ပြီးတော့ သူပညာရပ်တစ်ခုကို ရအောင်လုပ်တာပဲ။ သင်ယူချင်ရင် အချိန်မရွေး သင်ယူနိုင်တယ်။ လောကကြီးမှာ ကိုယ့်ဘေးမှာ ဖြစ်နေပျက်နေတဲ့ ကိစ္စတွေကို နိစ္စဓူဝ လေ့လာပြီးတော့ ပညာတွေအများကြီးရနိုင်တယ်။ အဲဒီစိတ်ဓာတ်ကို လူငယ်တွေ၊ ကျောင်းသူ ကျောင်းသားတွေရဲ့ စိတ်အတွင်းမှာ၊ နှလုံးသားထဲမှာ စွဲသွားအောင်လို့ လုပ်ပေးဖို့လိုတယ်။ အဲဒီလိုဆိုရင် ပညာတတ်သွားပြီ၊ ပညာရှာတတ်သွားမှ တကယ့်ပညာတတ်လို့ ခေါ်တယ်။ ကိုယ့်ဘာသာ ကျောင်းခန်းအပြင်ဘက်မှာ ပညာရှာတတ်သွားတဲ့သူဟာ ပညာတတ်ပဲ။ ကျောင်းခန်းအပြင်ဘက်ရောက်လို့မှ ကျောင်းခန်းထဲက ပညာကလွဲလို့ ဘာမှမတတ်ဘူးဆိုရင် ပညာတတ်လို့ သတ်မှတ်ရမှာ အင်မတန်မှ ခက်ပါတယ်။ အဲဒီတော့ ဝိုင်းဝန်းပြီး ဆွေးနွေးပေးလို့ ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

## ဆရာဝန်များ ပို့ပေးမည်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မိမိတို့အနေဖြင့် ဆေးရုံကြီးဆောက်ရန်ရှိပါကြောင်း၊ ဆရာဝန်များ ဖြည့်ဆည်းရန်လည်းအဓိကဖြစ်ပါကြောင်း၊ ခုတင် ၅၀ တွင် ၈၆ ယောက်မှ ၁၀၁ ယောက်အထိ တိုးရမည်ဖြစ်ပါကြောင်း၊ ကြားဖြတ်အစီအစဉ်အနေဖြင့် ဆရာဝန်များ ပို့ပေးမည်ဖြစ်ပါကြောင်း၊ ဆရာဝန်များခန့်ရန် အစိုးရအဖွဲ့ကလည်း သဘောတူပြီးဖြစ်ပါကြောင်း၊ အတွေ့အကြုံရှိသည့် ရန်ကုန်ဆေးရုံကြီးနှင့် မန္တလေးဆေးရုံကြီးများမှ နှစ်နှစ် သုံးနှစ်ကျော်သည့်သူများကို ပို့ပေးမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဦးစီးမှူးများကို မိမိတိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းတွင်ရှိသော ဆေးရုံတိုင်းကို ခုတင်တိုးရန် လိုအပ်မှုရှိမရှိ ဆန်းစစ်ရန် လမ်းညွှန်ထားပြီးဖြစ်ပါကြောင်း။

## ဖြည့်စွက်ဆွေးနွေး

လာမည့်နှစ်တွင် ဘဏ္ဍာငွေတိုးပြီးလုပ်ရန်ရှိပါကြောင်း၊ အဓိကအနေဖြင့် ဆရာဝန်များရောက်အောင် လွှတ်ပေးမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာများနှင့် ပတ်သက်ပြီး ၂၀၁၈-၂၀၁၉ ဘတ်ဂျက်တွင် ငွေကျပ် ၂၆၉ ဘီလီယံသုံးစွဲပြီး ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း ဖြည့်စွက်ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက မိမိကိုယ်တိုင် တောင်သူတစ်ဦးဖြစ်ပါကြောင်း၊ မကွေးတွင်ဆီထွက်ဖြစ်သည့် မြေပဲ၊ နှမ်းတို့ကို နှစ်တိုင်းစိုက်ပါကြောင်း၊ ရှုံးနေသည်မှာ ၂ နှစ် ၃ နှစ်ရှိပြီဖြစ်ပါကြောင်း၊ မကွေးတွင်လည်း စိုက်ပျိုးရေးသုတေသနခြံရှိပါကြောင်း၊ တောင်သူများ မျိုးကောင်းမျိုးသန့်ရရှိရေး၊ ရာသီဥတုဒဏ်ခံနိုင်သည့် မျိုးစိတ်များရရှိရေး သုတေသနလုပ်ရန် သုတေသနခြံကို အမြဲညွှန်ကြားပါကြောင်း၊ ယခင်စိုက်ပျိုးသည့်အချိန်က မျိုးများကို ပွဲရုံမှာတင်ဝယ်ကြပါကြောင်း၊ စိုက်ပျိုးရေး သုတေသနခြံက ဝယ်ရသည်ကို သိရှိသူအနည်းငယ်သာရှိပါကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်သည့်အနေအထား မရှိသေးပါကြောင်း၊ သက်ဆိုင်ရာ တိုင်းစိုက်ပျိုးရေးဦးစီးမှူးနှင့် ညှိနှိုင်းပြီး ယခုကြိုးစားထားပါကြောင်း။

စိုက်ပျိုးရေးချေးငွေကိစ္စတွင် ယခင်က ကျပ် နှစ်သောင်းသာရပါကြောင်း၊ ယခုငါးသောင်းဆိုသည်မှာ တစ်ဧကကို ၂၀ ရာခိုင်နှုန်းခန့်သာရှိပါကြောင်း၊ တစ်ဧကအမှန်တကယ် သုံးသိန်းခန့်ကုန်ကျပါကြောင်း၊ ခိုင်းကျွဲနွားများကို ရောင်းချရာတွင် ယနေ့အထိ မကွေးတိုင်းတွင် မိမိသိသလောက် အကောင်ရေ ၁၇၀၀၀ ကျော်ခန့် ကုမ္ပဏီပေါင်း ၁၇၀ ကနေတင်ပို့ပြီးဖြစ်ပါကြောင်း၊ တရားဝင်သွားခြင်းဖြစ်ပါကြောင်း၊ တရားမဝင်သွားသည်များရှိသည်ဟု ကြားသိနေရပါကြောင်း။ ယင်းအတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပြီး တတ်နိုင်သလောက်ထိန်းချုပ်ရန် ကြိုးစားနေပါကြောင်း၊ သိမ်းဆည်းခံလယ်မြေများကို မူလတောင်သူများထံ ပြန်လည်ပေးနိုင်ရေး မိမိတို့ မြေသိမ်းကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်းပြီး ကြိုးစားဆောင်ရွက်နေပါကြောင်း ဖြည့်စွက်ဆွေးနွေးသည်။

## ပြန်လည်ရှင်းလင်းဖြေကြား

ရေစကြိုမြို့နယ် ဆန်းသစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးခေမာစာရက လယ်ယာမြေကိစ္စနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပခုက္ကူ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ထင်က ပခုက္ကူစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာအခြေခံအဆောက်အအုံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပခုက္ကူမြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ထွေးက အဝေးပြေးယာဉ်ရပ်နားစခန်း ဆောင်ရွက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း မေးမြန်းရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို တို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် အွန်လိုင်းမှတစ်ဆင့် မေးမြန်းသည့် မေးခွန်း သုံးခုကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဖြေကြားသည်။

**မင်းရသ၏ မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က** " ကျွန်မပြောချင်တာက ပြည်သူတွေက ငြိမ်းချမ်းရေး လိုချင်တယ်ဆိုတာကို သေသေချာချာ သက်ဆိုင်တဲ့ပုဂ္ဂိုလ်တွေသိအောင် အသံထွက်ပြီး အသိပေးကြရပါလိမ့်မယ်။ ပြည်သူတွေက ငြိမ်းချမ်းရေးလိုချင်တယ်။ ငြိမ်းချမ်းရေးမလိုချင်တာက ဘယ်သူတွေလဲဆိုတာ ပြည်သူတွေ သိဖို့လိုပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးလိုချင်တဲ့ ပြည်သူတွေအားလုံး စည်းစည်းလုံးလုံးနဲ့ တစ်သံတည်းထွက်ပြီး ကိုယ်လက်လှမ်းမီရာ လက်လှမ်းမီရာ ငြိမ်းချမ်းရေးအတွက် သဲတစ်ပွင့် အုတ်တစ်ချပ် ငြိမ်းချမ်းရေးဗိမာန်ကြီးကို တည်ဆောက်ရေးအတွက် ပံ့ပိုးကြပါ။ တစ်ဦးနဲ့ တစ်ဦး တွန်းအားပေးနိုင်ရင် အများကြီးခရီးရောက်မှာ ဖြစ်ပါတယ်။

"ဒီလိုငြိမ်းချမ်းရေးစကားဝိုင်းတွေလုပ်ရတာ ပင်ပန်းတယ်လို့ မထင်ပါဘူး။ ဒီလိုစကားဝိုင်းတွေနဲ့မှ ပြည်သူတွေနဲ့ ထိတွေ့မှုရှိတာပါ။ ဒီလိုလာရတာ ကျွန်မအတွက် စိတ်ချမ်းသာပါတယ်။ ပြည်သူတွေအနေနဲ့လည်း ကျွန်မတို့ရဲ့လုပ်ငန်းတွေကို ပံ့ပိုးမယ်ဆိုတာ ယုံကြည်ပါတယ် "ဟု ဖြေကြားသည်။

**ကျော်ဇောအောင်၏ မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က** "ကျွန်မသက်သာအောင်လို့ ဝန်ကြီးတွေနဲ့ ပြည်နယ်၊ တိုင်းတွေမှာ ထိတွေ့မှုတွေလုပ်ပေးပါဆိုတာ ကောင်းပါတယ်။ ဒါပေမယ့် ဝန်ကြီးတွေ ပြောတာမဟုတ်ရင် ကျွန်မပိုပင်ပန်းတာမျိုးတော့ မဖြစ်စေချင်ပါဘူး။ ဒီလိုစကားဝိုင်းတွေ လိုလားတယ်ဆိုရင် ကျွန်မအနေနဲ့ ဝန်ကြီးတွေကို ကန့်သတ်ထားမှာ မဟုတ်ပါဘူး။ ကိုယ့်ရဲ့သက်ဆိုင်ရာကဏ္ဍအရ ပြည်သူတွေနဲ့ထိတွေ့ပြီး ဆွေးနွေးပွဲတွေ လုပ်နိုင်ဖို့အတွက် ကျွန်မစဉ်းစားပါ့မယ် " ဟုဖြေကြားသည်။

**ကျော်ငြိမ်းသန့်၏ မေးခွန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က** " ကျွန်မတို့အနေနဲ့ အလုပ်တစ်ခုကို လုပ်မယ်ဆိုရင် အစီအစဉ်နဲ့တင်မကဘူး လုပ်ကိုလုပ်ပါတယ်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေနဲ့ ရွေ့လျားစာကြည့်တိုက်တွေလုပ်နေတာ တစ်နိုင်ငံလုံးမှာ ပြန့်သွားပါပြီ။ ပထမဆုံး စတာကတော့ ကျွန်မရဲ့မြို့နယ် ကော့မှူးမြို့နယ်က စတာပါ။ ရွေ့လျားစာကြည့်တိုက် စလုပ်တဲ့နေ့မှာပဲ ရှိတဲ့စာအုပ်တွေ အားလုံးငှားဖြစ်သွားတယ်။ ဒါကြောင့် အားတက်သွားတယ်။ ပြည်သူတွေဟာ စာဖတ်ချင်တယ်။ စာအုပ်မရှိလို့သာ မဖတ်ရတာကို သဘောပေါက်သွားတဲ့အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကနေ ရွေ့လျားစာကြည့်တိုက်တွေကို အောင်အောင်မြင်မြင်နဲ့ တိုင်းနဲ့ပြည်နယ်အနှံ့အပြားမှာ ရှိလာပါပြီ။ နောက်ဆိုပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကျောင်းတွေ၊ မြို့တွေမှာ ရှိနိုင်ဖို့ ကြိုးစားသွားပါမယ်။ အခုစပြီး လုပ်နေပါပြီ။

## လက်တွေ့ကျကျ ကူညီပေး

"ကျွန်မတို့ ပြည်သူ ပြည်သားများဟာ စာဖတ်ဝါသနာပါနိုင်တဲ့ အခြေခံဗီဇရှိတယ်ဆိုတာကို မြင်ရပါတယ်။ ကလေးတွေကို ငယ်ငယ်ကတည်းက စာဖတ်နိုင်ဖို့ လူကြီးတွေက အားပေးရမယ်။ အခုတစ်ကမ္ဘာလုံးမှာဖြစ်နေတာက ကလေးတွေက ငယ်ငယ်ကတည်းက ဖုန်းတွေကိုင်တဲ့အခါကျတော့ စာဖတ်တဲ့ အလေ့အကျင့်မရှိတော့ဘူး။ စာအုပ်တစ်အုပ်ဖတ်တယ်ဆိုတာ စာအုပ်ထဲမှာ အာရုံစူးစိုက်ရတယ်။ အတွေးအခေါ်တွေလည်း အများကြီးပေါ်လာတယ်။ အထူးသဖြင့် လူငယ်တွေကို စာဖတ်တဲ့ အလေ့အကျင့် ရှိစေချင်တယ်။ မိဘတွေကလည်း အားပေးရုံတင်မကဘူး လက်တွေ့ကျကျ ကူညီပေးဖို့လိုတယ် " ဟုဖြေကြားသည်။

## ငြိမ်းချမ်းရေးရရှိဖို့အတွက်စဉ်းစား

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် "ကိုယ်တကယ်လုပ်ချင်တဲ့ အလုပ်တစ်ခုကို လုပ်ရင်တော့ အပင်ပန်းခံနိုင်ရမယ်။ ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေးတည်ဆောက်ချင်ရင် အားလုံးအပင်ပန်းခံနိုင်ရမယ်။ အမြဲတမ်းကိုယ်လိုချင်တာကိုပဲ ကြည့်နေမယ်၊ ကိုယ်သက်သာသလိုပဲ နေမယ်ဆိုရင်တော့ ကျွန်မတို့နိုင်ငံ တိုးတက်မှာမဟုတ်ဘူး။ ငြိမ်းချမ်းရေးကိုလည်း အမြန်ရမှာမဟုတ်ဘူး။ ငြိမ်းချမ်းရေးရခြင်းအားဖြင့် ဆယ်စုနှစ်ပေါင်းများစွာ ဒုက္ခခံခဲ့ရတဲ့ ကျွန်မတို့ရဲ့ပြည်ထောင်စုသား ညီအစ်ကိုမောင်နှမများကို ကူညီနိုင်မှာဖြစ်တယ်။ သူတို့ရဲ့ဘဝတွေ လှပအောင် တည်ဆောက်ပေးနိုင်မှာ ဖြစ်ပါတယ်။ လူတစ်ဦးတစ်ယောက်ရဲ့ ကိုယ်ကလွဲလို့ တခြားလူတစ်ဦး တစ်ယောက်ရဲ့ ဘဝကို လှပအောင်တည်ဆောက်ပေးနိုင်တယ်ဆိုတာ အင်မတန်မှ ကြီးမားတဲ့ ကုသိုလ်ပါ။ ကျွန်မတို့ နိုင်ငံသူနိုင်ငံသားအားလုံးရဲ့ ဘဝတွေကိုလှပအောင် တည်ဆောက်ပေးနိုင်တယ်ဆိုရင် တစ်သက်တာမကုန်နိုင်တဲ့ စိတ်ချမ်းသာမှုတွေရမှာပါ။ တကယ်စိတ်သောကဖြစ်နေတဲ့အချိန်၊ ကိုယ်ကဒုက္ခရောက်နေတဲ့အချိန်မှာ ကိုယ်တစ်ချိန်တစ်ခါက ဘယ်သူတွေအတွက် စိတ်ချမ်းသာမှုရှိအောင်၊ ဘယ်သူတွေရဲ့ဘဝလှပအောင် လုပ်ခဲ့တယ်ဆိုတာကို အဲဒီအတွေးတွေ ပြန်တွေးလိုက်ရင် ရင်ဆိုင်ရတဲ့ ဒုက္ခတွေ၊ ကိုယ်ပတ်သက်နေတဲ့ပြဿနာတွေဟာ ခံသာလာတယ်၊ ကျော်လွှားနိုင်တဲ့ အရည်အချင်းတွေလည်း တက်လာပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့အတွက် တစ်ဦးချင်း တစ်ဦးချင်းမှာ ကိုယ်လုပ်နိုင်တာ ဘာလေးရှိတယ်ဆိုတာ စဉ်းစားပါ။ ငါမလုပ်နိုင်ပါဘူးဆိုတာ ဘယ်တော့မှမရှိဘူး။ အနည်းဆုံးအားဖြင့် ကိုယ့်မိတ်ဆွေတစ်ယောက်နဲ့ ငြိမ်းချမ်းရေးရဲ့ အရေးပါမှုကို ဆွေးနွေးနိုင်မယ်ဆိုရင် ဒါလည်းငြိမ်းချမ်းရေးကို အားပေးတာပဲ။ ကျွန်မတို့ ပြည်သူပြည်သားများဟာ ငြိမ်းချမ်းရေးကိုပံ့ပိုးမှ ငြိမ်းချမ်းရေးကို တိုးတက်အောင် ကျွန်မတို့နဲ့ ဝိုင်းဝန်းပြီး ကျွန်မတို့နိုင်ငံဟာ မြန်မြန်ဆန်ဆန် တိုးတက်ဖွံ့ဖြိုးနိုင်မယ်။ လူငယ်တွေရဲ့ဘဝလည်း လှနိုင်မယ်။ လူကြီးတွေကလည်း လိပ်ပြာသန့်သန့်နဲ့ ဒီဘဝထဲကနေပြီး ကိုယ့်အချိန်အခါရောက်တဲ့အခါမှာ ထွက်သွားနိုင်မှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ ငြိမ်းချမ်းရေးစကားဝိုင်းသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ငြိမ်းချမ်းရေးစကားဝိုင်းများကို ၂၀၁၇ ခုနှစ်အတွင်း ငါးကြိမ်ကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီ ၁၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများ စကားဝိုင်း၊ ၂၀၁၈ ခုနှစ် ဇွန် ၁၄ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ်ဘက်စုံခန်းမ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများ၏ ငြိမ်းချမ်းရေးစကားဝိုင်းတို့ကို ကျင်းပခဲ့ပြီး ယခုအကြိမ်သည် ၂၀၁၈ ခုနှစ်အတွင်း သုံးကြိမ်မြောက် ကျင်းပသည့် စကားဝိုင်းဖြစ်သည်။ **သတင်းအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် ဒေသခွဲအစည်းအဝေးတက်ရောက်ရန် အင်ဒိုနီးရှားသို့သွားရောက်

နေပြည်တော် ဩဂုတ် ၉

**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် ဒေသခွဲအစည်းအဝေးသို့ တက်ရောက်ရန် ဩဂုတ် ၅ ရက်မှ ၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့သည်။**

ပြည်ထောင်စု ဝန်ကြီးသည် လွန်ဘော့ခ်မြို့၌ ရောက်ရှိစဉ်အတွင်း ဩစတြေးလျနိုင်ငံ ပြည်ထဲရေးဝန်ကြီး မစ္စတာ ပီတာဒက်တွန်နှင့် လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေး၊ ဥပဒေရေးရာ နှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး မစ္စတာဝီရန်တိုနှင့် လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့ပြီး ဒေသတွင်း ကြီးထွားလာနိုင်ဖွယ်ရှိသော အကြမ်းဖက်မှုအန္တရာယ်များအပေါ် ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့သည့်အပြင် ရခိုင်ပြည်နယ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အသိပေးပြောကြားခဲ့သည်။

**အစည်းအဝေးရွှေ့ဆိုင်း**

ဩဂုတ် ၅ ရက် ညပိုင်းတွင် လွန်ဘော့ခ်မြို့၌ လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် ဒေသခွဲအစည်းအဝေးကို ရွှေ့ဆိုင်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဂျကာတာမြို့တွင် အင်ဒိုနီးရှား ရဲတပ်ဖွဲ့ အကြီးအကဲ ရဲဗိုလ်ချုပ်ကြီး တီတိုကာမာဗီယန်နှင့် တွေ့ဆုံခဲ့ပြီး အင်ဒိုနီးရှား Mobile Brigade Corps (MBC) နှင့် Police Science College တို့သို့ သွားရောက်လေ့လာခဲ့သည်။

**အမြင်ချင်းဖလှယ်**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးအား အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စစ် ရတ်နိုမာဆူဒီက အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာန၌ တည်ခင်းသည့် အလုပ်သဘော နံနက်စာစားပွဲတွင် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူစာချုပ်များနှင့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ဆောင်ရွက်မှုများအပါအဝင် ရခိုင်ပြည်နယ်အရေးကိစ္စရပ်များကို အသိပေးခဲ့သည်။

**အသိပေးရှင်းလင်း**

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌအနေဖြင့် အင်ဒိုနီးရှားစီးပွားရေးလုပ်ငန်းရှင်များနှင့် အင်ဒိုနီးရှားကုန်သည်ကြီးများအသင်း၌ တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို အသိပေးရှင်းလင်းခဲ့ရာ အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းရှင်များကလည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်သွားရန်နှင့် လက်ရှိစီးပွားရေး လုပ်ငန်းများကို တိုးချဲ့သွားရန် အထူးစိတ်ဝင်စားကြောင်း ဖော်ပြခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စစ် ရတ်နိုမာဆူဒီအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ဆောင်ရွက်ပြီးစီးမှုများအား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကြည့်ရှုစစ်ဆေး

**မန္တလေး ဩဂုတ် ၉**

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန် ဒေါက်တာရဲလွင်တို့သည် ယနေ့ညနေပိုင်းတွင် မန္တလေး တက္ကသိုလ်ပရဝဏ်အတွင်း အခမ်းအနားများ ကျင်းပရန် ပြင်ဆင်ထားသည့် အဆောက်အအုံများ၊ အားကစားကွင်းများ၊ ဂုဏ်ပြုဖျော်ဖြေရေး တင်ဆက်မည့် စင်မြင့်နှင့် ပြခန်းများ၊ ဈေးဆိုင်ခန်းများကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။ **(ယာပုံ)**





**အခန်း ၂၈၀ ကျော် ပြသမည်**

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)တွင် ဌာနဆိုင်ရာပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးမှ ပြခန်းများနှင့် ရန်ကုန်နှင့် မန္တလေးမြို့တို့မှ လာရောက်ရောင်းချသည့် စာအုပ်အရောင်းဆိုင်များ အပါအဝင် စုစုပေါင်း အခန်း ၂၈၀ ကျော် ပါဝင်ပြသ ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**အားကစားဆိုင်ရာ လှုပ်ရှားမှုများ**

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကာလအတွင်း အားကစားဆိုင်ရာ လှုပ်ရှားမှုများအနေဖြင့် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ လွန်ဆွဲ၊ ထုပ်ဆီးတိုး၊ ခေါင်းအုံးရိုက်၊ ကြံခိုင်စွမ်းရည်၊ ဂုန်နီအိတ်စွပ်ပြေးပွဲ၊ သုံးချောင်းထောက်ပြေးပွဲ၊ ဘတ်စကက်ဘော ဂိုးသွင်းစသည့် အပန်းဖြေအားကစားပြိုင်ပွဲများ၊ ဝူရှူး၊ ကျွမ်းဘား၊ ကရာတေး၊ တိုက်ကွမ်ဒို၊ ခြင်းလုံး သရုပ်ပြအားကစားနည်းများ စသည်တို့ကို ထည့်သွင်းကျင်းပ သွားမည်ဖြစ်သည့်အပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတ တီးဝိုင်းနှင့်အတူ အိုင်းရင်းဇင်မာမြင့်၊ ရင်ဂို၊ ယုန်လေး၊ ဂျေမောင်မောင်၊ မီမီဝင်းဖေတို့က ငြိမ်းချမ်းရေးဂီတပွဲတော်ဆုရအဆိုရှင်များနှင့်အတူ နေ့စဉ် နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၅ နာရီအထိ တစ်ကြိမ် ဖျော်ဖြေပေးသွားမည်ဖြစ်သည်။

ထို့အပြင် ဩဂုတ် ၁၁ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်ကိုယ်စားပြု ကျောင်းသားကျောင်းသူ ၂၀ တို့၏ စာပေစကားဝိုင်းကို ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၁၂ ရက် နံနက် ၅ နာရီတွင် လူထုလှုပ်ရှားမှု အားကစားအနေဖြင့် လူအင်အား ၂၅၀၀ ကျော်တို့ဖြင့် စုပေါင်းလမ်းလျှောက်ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

**စည်ကားသိုက်မြိုက်စွာ ကျင်းပမည်**

ထို့အတူ ပွဲတော်ရက်အတွင်း အင်္ဂလိပ်စွမ်းရည်ပြိုင်ပွဲများ၊ မြန်မာကျပန်းစကားပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများ၊ လူငယ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ အပန်းဖြေအားကစားပြိုင်ပွဲများ၊ သရုပ်ပြအားကစားနည်းများ၊ Science Fair ပြခန်းများ၊ အလုပ်အကိုင်အခွင့်အလမ်း ပြသခြင်း၊ အသိပညာပေးပြခန်းများ၊ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုအစီအစဉ်များ၊ အသိပညာပေး ဆွေးနွေးပွဲ အစီအစဉ်များနှင့် အသိပညာပေးပြဇာတ်အစီအစဉ်များကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မန်း(ကိုယ်ပွား)**

# ပြည်တွင်းသတင်းမီဒီယာအဖွဲ့ မောင်တောဒေသသို့ ကွင်းဆင်းသတင်းရယူ

**မောင်တော ဩဂုတ် ၉**

စစ်တွေမြို့၌ရောက်ရှိနေသည့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေ ရေချမ်းပြင်ဆိပ်ကမ်းမှ အငူမော်သို့ စက်လှေဖြင့် သွားရောက်ပြီး အငူမော်မှ မောင်တောမြို့သို့သွားရောက်ကာ မြေပြင်ကွင်းဆင်း သတင်းရယူကြသည်။

**မေးမြန်းသတင်းရယူ**

သတင်းမီဒီယာ အဖွဲ့သည် မောင်တောမြို့ အထွေထွေအုပ်ချုပ်ရေးရုံး၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွင်နှင့်တွေ့ဆုံကာ နယ်မြေလုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ လက်ရှိနယ်မြေ တည်ငြိမ်အေးချမ်းမှု အခြေအနေ၊ လွတ်လပ်စွာ သွားလာခွင့်ပြုထားသည့်အခြေအနေ၊ ကျေးရွာသစ်များ တည်ဆောက်နေမှု၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စရပ်များနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို မေးမြန်းသတင်းရယူကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့နယ်ရှိ အမှတ် (၂) လက်ခံရေးစခန်း ငါးခူရသို့ သွားရောက်ပြီး စခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံကာ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာပါက စခန်းအတွင်း အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရန် ဆောင်ရွက်ထားရှိမှု၊ UEHRD အစီအစဉ်ဖြင့် ဝင်ရောက်လာသူများအား ပြန်လည်နေရာချထားပေးမှု၊ NVC ကတ်ထုတ်ပေးထားသည့် အခြေအနေများကို မေးမြန်းသတင်းရယူကြပြီး UEHRD အစီအစဉ်ဖြင့် ဝင်ရောက်လာသူများနှင့် တွေ့ဆုံကာ နေထိုင်စားသောက်မှု အခြေအနေများကို မေးမြန်းသတင်းရယူကြသည်။

**တာဝန်ရှိသူများနှင့်တွေ့ဆုံ**

ယင်းနောက် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့တွင် ယာယီဖွင့်လှစ်ထားသည့် ဟိန္ဒူကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာ စခန်းတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး နိုင်ငံတော်မှ စားနပ်ရိက္ခာထောက်ပံ့မှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေးအခြေအနေနှင့် အမြဲတမ်းနေထိုင်နိုင်ရန် အိန္ဒိယအစိုးရထောက်ပံ့မှုဖြင့် မောင်တောမြို့တွင် လူနေအိမ်များ ဆောက်လုပ်ပေးနေမှု အခြေအနေများကို မေးမြန်းသတင်းရယူကြသည်။



ပြည်တွင်းသတင်းမီဒီယာအဖွဲ့ မောင်တောမြို့နယ် အမှတ် (၂) လက်ခံရေးစခန်း ငါးခူရရှိ စခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သတင်းရယူကြစဉ်။

ယနေ့ မောင်တောဒေသသို့ သတင်းရယူကြသည့် အဖွဲ့တွင် MRTV၊ MITV၊ MI Radio၊ MRTV-4၊ 7 Day Daily နှင့် ရွှေဧာမဏီ သတင်းဌာနတို့မှ မီဒီယာသမားများ ပါဝင်ကြသည်။ **မင်းသစ်**( MNA)

# ဂျိုင်းယာယီဖောတံတား ပြင်ဆင်ဆောင်ရွက်မှုပြီးစီး၍ ၁၃ တန်အထက်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြု

**ဘားအံ ဩဂုတ် ၉**

ဂျိုင်း(ကော့ကရိတ်)ယာယီဖောတံတားကို ၁၃ တန်အထက် ယာဉ်များ အမြန်ဖြတ်သန်းနိုင်ရေး ယာယီဖောတံတားအတက် သံလမ်း ဘားအံဘက်အခြမ်းတွင် ပေ ၇၀၊ ကော့ကရိတ်(ကျုံဒိုး) ဘက်ခြမ်းတွင် ပေ ၁၀၀ ကျော်တို့ကို ဩဂုတ် ၄ ရက် ညနေပိုင်းက စတင်ပြီး ပြုပြင်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် အချောသပ်လုပ်ကိုင်ပြီး အတက်သံလမ်း၏ ခံနိုင်ဝန်တို့ကို စစ်ဆေးကာ မွန်းလွဲ ၁ နာရီခွဲတွင် ၁၃တန်အထက် ကုန်တင်ယာဉ်ကြီးများကို ဖောတံတားမှ ဖြတ်သန်းသွားလာခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ယနေ့ မွန်းလွဲ ၁ နာရီခွဲကစလို့ ဖောတံတားကနေ ၁၃ တန်အထက် ယာဉ်ကြီးတွေကို စတင်ဖြတ်သန်းခွင့်ပြုလိုက်တာပါ။ ယာဉ်တွေဖြတ်သန်းနေချိန် ယာဉ်အန္တရာယ်တစ်စုံတစ်ရာ မဖြစ်စေဖို့ ကုန်မပါတဲ့ယာဉ်တွေကို စတင်စေလွှတ်ပြီးမှ တံတားနဲ့ အနီးဆုံးက ကုန်ကားကြီးတွေကို နေရာကျယ်သွားအောင် အရင် ပေးဖြတ်ပါတယ်။ ယာဉ်တွေကိုလည်း စနစ်တကျစေလွှတ်လျက် ရှိပါတယ်။ ပွန်တွန်းတံတားက ဖြတ်သန်းလို့ရပြီဆိုတော့ ယာဉ်ကြောလည်း နှစ်ဖက်လုံးပွင့်သွားမှာဖြစ်လို့ ဂျိုင်း(ကော့ကရိတ်) ကြိုးတံတားပေါ်က ဖြတ်သန်းရမယ့် ၁၃ တန်အောက်ယာဉ်တွေလည်း စောင့်စရာမလိုတော့ဘဲ ယာဉ်ကြီး ယာဉ်ငယ်အားလုံး ချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ပါပြီ"ဟု ယာဉ်အန္တရာယ်မဖြစ်စေရေး ဆောင်ရွက်နေသည့် ဂျိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းနိုင်က ပြောသည်။

အဆိုပါ ဂျိုင်း(ကော့ကရိတ်) ဖောတံတားကို ဇူလိုင် ၂၂ ရက်က စတင်ပြီး ဂျိုင်းမြစ်ရေတက်လာသည့်အတွက် ယာယီဖောတံတား ချဉ်းကပ်လမ်းပေါ်တွင် ရေကျော်နေသဖြင့် ၁၃ တန်အထက် ရေအစိုမခံနိုင်သည့် ကုန်တင်ယာဉ်ကြီးများ မဖြတ်သန်းရဲ၍ စောင့်ဆိုင်းနေခဲ့ကြရပြီး ရေအစိုခံနိုင်သည့် ကုန်နှင့် ခါလီယာဉ်များသာ ဖြတ်သန်းသွားလာလျက်ရှိရာမှ ဇူလိုင် ၂၆ ရက်တွင် ပွန်တွန်းတံတားမှာ ဖြတ်သန်း၍ မရတော့ကြောင်း သိရပြီး ၁၃ တန်အောက် ယာဉ်များသာ ဂျိုင်း(ကော့ကရိတ်) ကြိုးတံတားပေါ်မှ ယာဉ်ကြောတစ်ဖက်ဖွင့်၍ အတက်အဆင်းအား တံတားလုံခြုံရေးတာဝန်ကျအဖွဲ့မှ ဘားအံဘက်အခြမ်းနှင့် ကော့ကရိတ်ဘက်အခြမ်းတို့ ချိတ်ဆက်ကာ အလှည့်ကျ စေလွှတ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဂျိုင်း(ကော့ကရိတ်) ဖောတံတား ချဉ်းကပ်လမ်း ရေကျော်၍ ကုန်တင်ယာဉ်ကြီးများ စောင့်ဆိုင်းနေကြရသည့် အခြေအနေများကို ဩဂုတ် ၄ ရက် မွန်းတည့် ၁၂ နာရီခန့်က ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဖောတံတားမှ တာဝန်ရှိသူများကို ဖောတံတားပေါ်မှ ၁၃ တန်အထက် ကုန်တင်ယာဉ်ကြီးများ အမြန်ဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်ပေးရန် မှာကြားခဲ့သဖြင့် ယင်းနေ့ ညနေပိုင်းက စတင်ပြီး ယာယီဖောတံတား ကန်ထရိုက်ယူထားသည့် မြန်မာ့သစ်တောက်ငှက်ကုမ္ပဏီမှ တာဝန်ရှိသူများကိုယ်တိုင် အနီးကပ်ကြပ်မတ်ကာ အလုပ်သမား ၂၀ ခန့်ဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၁၀ ရက်နေ့ အပြီးဆောင်ရွက်ရန် သတ်မှတ်ထားသော်လည်း ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် အချောသပ်ပြင်ဆင်မှု ဆောင်ရွက်ပြီးစီး၍ယာဉ်များအား စမ်းသပ်ဖြတ်သန်းကာ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ၁၃ တန်အထက် ယာဉ်ကြီးများကို ယာယီဖောတံတားပေါ်မှ ဖြတ်သန်းသွားလာခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**မင်းသူ၊ထွန်းထွန်းထွေး(ဘားအံ)**



ဂျိုင်း(ကော့ကရိတ်)ယာယီဖောတံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

# ဇင်းကျိုက်မြို့ရှိ ရန်ကုန်-မော်လမြိုင်ကားလမ်းမ ရေကျော်မှုဖြစ်ပွား

**ပေါင် ဩဂုတ် ၉**

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့တွင် ဩဂုတ် ၉ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် တောင်ကျရေလိမ့်ဆင်းမှုကြောင့် မင်္ဂလာကန်တော်ရှေ့ ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ်(၁၆၆/၅)မှ(၁၆၇/၀) အထိ ရေအမြင့် ၁ ပေခန့် ကားလမ်းမ ရေကျော်မှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

"မနက် ၃ နာရီခန့် မိုးဆက်တိုက်ရွာလိုက်တော့ ကားလမ်းကိုရေကျော်တာ ၁ လက်မကျော်လောက် ရှိတယ်။ မွန်းလွဲ ၁ နာရီကျော်လောက်မှာ ရေပြန်ကျသွားတာ။ လမ်းတွေတော့ နည်းနည်းပျက်သွားတယ်။ ဒါတောင် ကွန်ကရစ်လမ်းတွေ ထပ်မြှင့်ထားတယ်။ မြောင်းတွေ ထပ်ဖော်ထားသေးတယ်"ဟု ဇင်းကျိုက်မြို့ဒေသခံတစ်ဦးဖြစ်သူ ကိုဇော်မင်းက ပြောသည်။

အဆိုပါ ရေကျော်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ ဇင်းကျိုက်မြို့ပေါ်ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ဒေသခံများက ခရီးသွားပြည်သူများနှင့် ယာဉ်သွားလာမှု လွယ်ကူစေရန်အတွက် ကူညီဆောင်ရွက်ပေးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ထို့အပြင် ပေါင်မြို့နယ် ရင်းငြိမ်မြောက်ကျေးရွာအုပ်စု သပြုချောင်ကျေးရွာရှိ အ.ထ.က(ခွဲ) သပြုချောင်ကျောင်း၏ အနောက်ဘက်တွင် ဩဂုတ် ၉ ရက် နံနက် ၁၁ နာရီခန့်က တောင်မြေလျှောကျမှုဖြစ်ပွားခဲ့မှုကြောင့် ကျောင်းနံရံပေါ်သို့ မြေအနည်းငယ် လျှောကျမှုဖြစ်ပွားခဲ့ရာ ကျောင်းသား ကျောင်းသူများ ထိခိုက်မှုမရှိဘဲ ကျောင်းအား ခေတ္တပိတ်ထားရကြောင်း သိရသည်။

**ကိုဟိန်း (ပေါင်)**

❐ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်းသည် မေလတွင် နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲကစားပြီးနောက်ပိုင်း ခြေစမ်းပွဲများနှင့် ဝေးကွာလျက်ရှိပြီး စက်တင်ဘာလမှသာ ပြန်လည်ကစားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မေလတွင် အင်္ဂလန်လိဂ် ချန်ပီယံရှစ်ကလပ် လိဒ်စ်ယူနိုက်တက်အသင်း၊ တရုတ်လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလကုန် စက်တင်ဘာလတွင် ကစားမည့် ခြေစမ်းပွဲအတွက်သာ ဖွဲ့စည်းမည်ဖြစ်ပြီး ဆူဇူကီးဖလားပြိုင်ပွဲအတွက်မူ အောက်တိုဘာလတွင် စခန်းဝင်လေ့ကျင့်မှု ပြုလုပ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားအသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် နိုင်ငံတကာပြိုင်ပွဲများ၌ တွေ့ဆုံဖူးခြင်းမရှိဘဲ လက်ရွေးစင်အဆင့် ခြေစမ်းပွဲအဖြစ် ၂၀၁၆ ခုနှစ် နိုဝင်ဘာတွင် နောက်ဆုံးကစားခဲ့ရာ ဂိုးမရှိသရေကျခဲ့သည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ဂိုးသမား ကော့တွိုက်စ်သည် ချယ်လ်ဆီးအသင်းနှင့် ခုနစ်နှစ်ကြာ ဖြတ်သန်းမှု အဆုံးသတ်ပြီးနောက် ရီးရဲမက်ဒရစ်အသင်းနှင့်အတူ တရားဝင် ခြောက်နှစ်စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရသိရသည်။ ရီးရဲကွင်းလယ်ကစားသမား ကိုဗာဆစ်ကို အငှားဖြင့် ခေါ်ယူလိုက်ပြီဟု ချယ်လ်ဆီးအသင်းက အတည်ပြုလိုက်ပြီးနောက် နာရီပိုင်းအကြာတွင် ဘယ်လ်ဂျီယံနံပါတ်တစ်ဂိုးသမား ကော့တွိုက်စ်သည် ရီးရဲမက်ဒရစ်အသင်းထံသို့ အပြီးသတ်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရီးရဲမက်ဒရစ်အသင်းက ကော့တွိုက်စ်၏ ပြောင်းရွှေ့ကြေးကို ဖော်ပြထားခြင်း မရှိသော်လည်း သတင်းများတွင် ပေါင် ၃၅ သန်းအထိရှိနိုင်ကြောင်း ဖော်ပြထားသည်။
- ချယ်လ်ဆီးအသင်းသည် ဘီဘာအိုလ်အသင်းမှ ဂိုးသမား ကီပါ အရီဇာဘာလာဂါကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၇၁ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အသက် (၂၃ နှစ်)အရွယ် ကီပါသည် ဘီဘာအိုလ်အသင်း၌ ၎င်း၏ စာချုပ်ပါလျော်ကြေးကို ပေးချေပြီးနောက် စတန်းဖို့ဒ်ဘရစ်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းသည် ချယ်လ်ဆီးအသင်းနှင့် ခုနစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ခြင်းဖြစ်ပြီး အဆိုပါ ပြောင်းရွှေ့ကြေးသည် ၂၀၁၇ ခုနှစ် ဇူလိုင်လက စပိန်တိုက်စစ်ကစားသမား မိုရာတာကို ခေါ်ယူခဲ့သည့် ပေါင်သန်း ၆၀ ထက် ကျော်လွန်ခဲ့ကြောင်းလည်း သိရသည်။
- ဝုဖ်အသင်းသည် စပိန်တောင်ပံကစားသမား ထရာအိုရေးအား ၎င်း၏ စာချုပ်ပါလျော်ကြေး ပေါင် ၁၈ သန်းအား မစ်ဒယ်ဘရော့အသင်းထံသို့ ပေးချေပြီးနောက် ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- ကိုလံဘီယာကွင်းလယ်ကစားသမား ဂျက်ဖာဆန် လာမာသည် စပိန်ကလပ်လီဗန်တေးအသင်းမှ ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းဖြင့် ဘုန်းမောက်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- မန်စီးတီးအသင်းသည် မဲလ်ဘုန်းစီးတီးအသင်းမှ ဩစတြေးလျကွင်းလယ်ကစားသမား ဒန်နီရယ် အာဇန်နီကို ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အသက် (၁၉နှစ်) အရွယ် အီရန်နွယ်ဖွား အဆိုပါ ကစားသမားသည် မြန်နှုန်းမြင့်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဩစတြေးလျ အေ-လိဂ်၏ အကောင်းဆုံး လူငယ်ကစားသမားဆုကို ရရှိခဲ့သူဖြစ်ကြောင်းလည်း သိရသည်။
- ဝက်စ်ဟမ်းအသင်းသည် စပိန်တိုက်စစ်ကစားသမား လူးကပ် ပီရက်ဇ်ကို အာဆင်နယ်အသင်းထံမှ ပြောင်းရွှေ့ကြေး ပေါင် လေးသန်းခန့်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ပီရက်ဇ် (၂၉နှစ်) သည် ဝက်စ်ဟမ်းအသင်းနှင့် သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရသည်။

**အောင်ဇော်**

# MFF U-14 ဘောလုံးပြိုင်ပွဲတွင် ထိုင်း ယူ-၁၄ အသင်း ဗိုလ်စွဲ




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော် ပထမဆုရ ထိုင်း ယူ-၁၄ အသင်းအား ချန်ပီယံဆုဖလား ချီးမြှင့်စဉ်။ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် ဩဂုတ် ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF U-14 Football Tournament ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့နံနက်နှင့် ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ ထိုင်း ယူ-၁၄ အသင်း ဗိုလ်စွဲသွားသည်။

နံနက်ပိုင်းက ကျင်းပသည့် တတိယနေရာလုပွဲတွင် မန္တလေးအကယ်ဒမီ (မြန်မာ)က ပုသိမ်အကယ်ဒမီ (မြန်မာ)ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ညနေပိုင်းတွင် ကျင်းပသည့် ဗိုလ်လုပွဲတွင် ထိုင်း ယူ-၁၄ အသင်းက ဖူကူရှီးမားအကယ်ဒမီ (ဂျပန်)ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တတိယဆုရ မန္တလေးအကယ်ဒမီ (မြန်မာ)နှင့် ဒုတိယဆုရ ဖူကူရှီးမားအကယ်ဒမီ (ဂျပန်)ကို တစ်ဦးချင်းဆုတံဆိပ်၊ ပထမဆုရ ထိုင်း ယူ-၁၄ အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ချန်ပီယံဆုဖလားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ထိုင်း ယူ-၁၄ အသင်းသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဘဲ ပွဲတိုင်းအနိုင်ရကာ ချန်ပီယံဆုရခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

# KBZ Bank Women's League ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဩဂုတ် ၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပလျက်ရှိသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၁၃) တတိယနေ့ကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ သစ္စာအားမာန်အသင်း ဂိုးပြတ်နိုင်ပွဲ ရခဲ့သည်။ သစ္စာအားမာန်အသင်းသည် YREO အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ယမန်နေ့က ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ မြဝတီအသင်း အနိုင်ရခဲ့သောကြောင့် သစ္စာအားမာန်အသင်းသည် ဂိုးပြတ်နိုင်ပွဲရရန် အားထည့်ကစားခဲ့သည်။ YREO အသင်းမှာလည်း ရလဒ်ကောင်းရန် ကြိုးပမ်းသောကြောင့် သစ္စာအားမာန်အသင်းသည် နိုင်ပွဲရရန် အားထည့်ကစားခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၂၄၊ ၃၅၊ ၇၄၊ ၇၈ မိနစ်တွင် ခင်မိုးဝေက တစ်ဦးတည်း လေးဂိုးသွင်းခဲ့ပြီး ကျန်တစ်ဂိုးကို နီလာဝင်းက မိနစ် ၉၀ တွင် သွင်းယူခဲ့သည်။ YREO အသင်းအတွက် ချေပဂိုးကို ၅၅ မိနစ်တွင် အေးအေးထွေးက သွင်းယူခဲ့သည်။

ပွဲစဉ်(၁၃) နောက်ဆုံးနေ့ကို ဩဂုတ် ၁၀ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဇွဲကပင်အသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မြန်မာ ယူ-၁၆ အသင်း ဗိုလ်လုပွဲနှင့် လွဲချော်

**ဂျကာတာ ဩဂုတ် ၉**

၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲများကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာ ယူ-၁၆ အသင်း ရှုံးပွဲကြုံတွေ့ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် ထိုင်း ယူ-၁၆ အသင်းနှင့် တွေ့ဆုံခဲ့ပြီး တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် ထိုင်းအသင်းကို အပြန်အလှန်ကစားနိုင်ပြီး ဂိုးသွင်းခွင့်ပိုရသော်လည်း အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။ မြန်မာ ယူ-၁၆ အသင်းသည် ဗိုလ်လုပွဲသို့ တစ်ကျော့ပြန် တက်ရောက်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ဒုတိယပိုင်းအစတွင် ပေးလိုက်ရသည့်ဂိုးကြောင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထိုင်း ယူ-၁၆ အသင်းသည် ပွဲကို ထိန်းကစားကာ မြန်မာအသင်း၏ အမှားကိုစောင့်၍ ကစားခဲ့ပြီး ဒုတိယပိုင်းသွင်းဂိုးဖြင့် ဗိုလ်လုပွဲသို့ နှစ်ကြိမ်ဆက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် ၂၀၁၅ နောက်ပိုင်း ဗိုလ်လုပွဲသို့ တစ်ကျော့ပြန် တက်ရောက်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း တတိယလုပွဲသာ ကစားရတော့မည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# ပုသိမ်ကြီး၊ ပင်လောင်း၊ ကလော၊ မူဆယ်နှင့် မဘိမ်းမြို့နယ်များ၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၉**

မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၈ ရက် နံနက် ၄ နာရီခွဲက ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ကျောက်ချော စစ်ဆေးရေးစခန်း၌ ခရီးသည်တင်မှန်လုံယာဉ် ရောက်ရှိလာ၍ ရှာဖွေရာ ခရီးသည် အမျိုးသားတစ်ဦးမှာ ယာဉ်တံခါးဖွင့်စဉ် တွန်းထိုးထွက်ပြေးတိမ်းရှောင်သွားပြီး ၎င်းထိုင်ခုံအမှတ်(၁၁)တွင် ခရီးသည် လွမ်းဝေအမည်ဖြင့် လိုက်ပါလာသူဖြစ်ပြီး စစ်ဆေးရာ ဘိန်းဖြူဆပ်ပြာခွက် ၃၉၆ ခွက်(ဘိန်းဖြူအလေးချိန် ၄ ဒသမ ၇၅၂ ကီလို) သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဩဂုတ် ၇ ရက် နံနက် ၅ နာရီက ပင်လောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပင်လောင်း-လွိုင်ကော်သွားကားလမ်း နန့်ဗာမူကျေးရွာအနီးတွင် အောင်နိုင်ထွန်း(ခ)ဖိုးသာထူး မောင်းနှင်ပြီး အေးမင်းအောင်နှင့် အောင်ဆန်းလင်းတို့ လိုက်ပါလာသည့် ကရောင်းအမျိုးအစား မော်တော်ယာဉ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၃၅ ပြားနှင့် ဘိန်းဆီခဲ ၀ ဒသမ ၂ ဂရမ်တို့ကို လည်းကောင်း။

ဩဂုတ် ၈ ရက် မွန်းလွဲ ၁ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်း မိုင်တိုင်အမှတ် (၆၅/၃)တွင် သိန်းထွန်းဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းစိမ်း ၂၁ ထုပ်(ဘိန်းစိမ်းအလေးချိန် ၃၁ ဒသမ ၅ ကီလို)နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲပိုင်းက ပန်ဆိုင်း(ကြူကုတ်)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် ပန်ဆိုင်း(ကြူကုတ်)မြို့ အမှတ်(၄)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးတွင် ဂျုံဂျိန်းစိုက် မောင်းနှင်လာသည့် ပရာဒို အမျိုးအစားမော်တော်ယာဉ် ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀ ကို လည်းကောင်း။

အလားတူ ဩဂုတ် ၈ ရက် နံနက် ၇ နာရီခွဲက တပ်မတော်မှ မဘိမ်းမြို့နယ် လဝါ ကျေးရွာ ဒေသအခေါ် ကျောက်လုံးကြီးအနီးရှိ လျှိုအတွင်း၌ ဝင်းသောင်းကို တွေ့ရှိ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ နှင့် တူမီးသေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကျောက်လုံးကြီး- လေယာဉ်ကွင်း-ရွှေတောင်ကုန်းလမ်းဆုံတွင် ယာယီမိုးကာတဲဖြင့် နေထိုင်သည့် မူးယစ်ဆေးဝါးများရောင်းချပေးသူ မြတ်မွန်စန်း(ခ) ကတုံးမကို ၎င်း၏တဲ၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အားမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သိန်းထွန်းဦးအား ဖမ်းဆီးရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

# အမြန်လမ်း၌ ယာဉ်ငယ်တစ်စီး အရှိန်လွန်ကာ ဆည်ရေလွှတ်မြောင်းအတွင်းပြုတ်ကျ၍ နှစ်ဦးသေဆုံးပြီး တစ်ဦးကယ်တင်နိုင်



**ဖြူး ဩဂုတ် ၉**

ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်း ဖြူးမြို့နယ် မိုင်တိုင် ၁၁၃/၄ နှင့် ၅ အကြား၌ ဩဂုတ် ၉ ရက် နံနက် ၁ နာရီ မိနစ် ၅၀ ခန့်က အိမ်စီးယာဉ်ငယ်တစ်စီး အရှိန်လွန်ကာ လမ်းနှစ်ခုအကြားရှိ ဖြူးချောင်းရေလွှဲဆည် ရေလွှတ်မြောင်း အတွင်းသို့ ထိုးကျခဲ့ရာ နှစ်ဦးရေနစ်သေဆုံး၍ ကျန်တစ်ဦးမှာ ရဲတပ်ဖွဲ့ဝင်များ အချိန်မီ ရောက်ရှိကယ်ဆယ်နိုင်ခဲ့သည့်အတွက် အသက်ရှင်ခဲ့ကြောင်း ဖြူး အမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ် လှိုင်ဇော်ဦးက ပြောသည်။

ရန်ကုန်မှ နေပြည်တော်ဘက်သို့ မောင်းနှင်လာသော အိမ်စီးယာဉ်ငယ် တစ်စီး တံတားလက်ရန်းကို တိုက်မိကာ မြောင်းအတွင်း ပြုတ်ကျသွားကြောင်း သတင်းအရ ဖြူးအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ် လှိုင်ဇော်ဦးနှင့် အဖွဲ့၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ ဒုဦးစီးမှူး သိန်းထွန်း ဦးစီးအဖွဲ့နှင့်အတူ အခင်းဖြစ်နေရာကို သွားရောက်စစ်ဆေးရာ 1G/-----SURF ယာဉ်သည် ရေမြောင်းအတွင်း ထိုးကျနေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါယာဉ်ကို စစ်ဆေးရာ ယုဇနဥယျာဉ်မြို့တော် (C-၁)လမ်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေသူ ယာဉ်မောင်း တင်ရွှေ၊ အင်းစိန်မြို့နယ်နေသူ ဦးနှင်းဝေအောင်တို့အား သေဆုံးလျက်တွေ့ရှိရပြီး ရေမွန်းနစ်မြုပ်နေသော မြောက်ဒဂုံမြို့နယ် (၃၁)ရပ်ကွက်နေသူ ဦးကျော်မင်း(၄၁နှစ်)ကို အချိန်မီ ကယ်ထုတ်နိုင်ခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြူးအမြန်လမ်းရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ စွဲချက်တင်ခံထားရသူ အောင်ဝင်းဇော်ကို စစ်ဆေးမှုပြီးဆုံး

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီကို သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုတွင် သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ယနေ့နံနက် ၁၀ နာရီက ၆၅ ချိန်းမြောက် ရုံးထုတ်ခဲ့ပြီး အမှုမှ စွဲချက်တင်ခံထားရသူ အောင်ဝင်းဇော် ကို စစ်ဆေးမှု ပြီးဆုံးခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

ယင်းအမှုနှင့် စပ်လျဉ်း၍ မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေး တာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က“ဒီကနေ့ မြောက်ပိုင်းခရိုင် တရားရုံး ရာဇဝတ်ကြီးအမှု အမှတ် ၄၅/၂၀၁၇ လူသတ်မှုနဲ့ တရားစွဲဆိုထားရာက ပြစ်မှုကျူးလွန်သူဟုစွပ်စွဲခံရသူ အောင်ဝင်းဇော် ကို ငါးကြိမ်မြောက် နှစ်ဖက်ရှေ့နေများက အပြန်အလှန်စစ်မေးကြတာ ပြီးဆုံးသွားတဲ့အတွက် အမှုမှာ ပါဝင်ပတ်သက်သူ ဇေယျာဖြိုးကို စစ်ဆေးဖို့ မနက်ဖြန် ဩဂုတ် ၁၀ ရက်ကို ချိန်းဆိုထားပါတယ်”ဟု ပြောသည်။

သတင်းမီဒီယာများ၏ မေးမြန်းသည့်အပေါ် ရှင်းလင်းပြောကြားရာတွင် “ဇေယျာဖြိုးရဲ့ အကျိုးဆောင်ရှေ့နေက လျှောက်ထားလွှာတစ်စောင် တင်ပြလာတာရှိပါတယ်။ ပြီးခဲ့တဲ့ရုံးချိန်းမှာ တရားလိုရှေ့နေများက ပြုမူပြောဆိုတာတွေနဲ့ပတ်သက်ပြီး မထီမဲ့မြင် ပြုမူတယ်ဆိုတဲ့ အချက်အရ အရေးယူပေးဖို့ တင်ပြလျှောက်ထားလာတာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး တရားစီရင်မှုဆောင်ရွက်နေစဉ်မှာ တမင်စော်ကားတယ်ဆိုရင်၊ ဝင်ရောက်နှောင့်ယှက်တယ်ဆိုရင်၊ ရုံးတော်ကို မထီမဲ့မြင်ပြုမူတယ်ဆိုရင် တရားဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ တရားလွှတ်တော်ကသာ စီရင်ပိုင်ခွင့်ရှိတဲ့အကြောင်း၊ ခရိုင်အထူးတရားခုံရုံးက စစ်ဆေးစီရင်ပိုင်ခွင့်မရှိတဲ့အကြောင်း ရှင်းလင်းပြောကြားပြီး ပြန်လည်ပေးအပ်လိုက်တာဖြစ်ပါတယ်”ဟု ထပ်မံပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# စစ်တွေ၌ ဆေးခြောက် ဂရမ် ၁၂၀၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**စစ်တွေ ဩဂုတ် ၉**

စစ်တွေမြို့နယ် အုန်းတောကြီးမြောက် ကယ်ဆယ်ရေးစခန်း၌ ယနေ့နံနက် ၈နာရီက ဆေးခြောက် ဂရမ် ၁၂၀၀၀ ခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်တွေမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် အေးခင်မောင်၊ မှန်စီရဲကင်းမှ ဒုရဲအုပ် အောင်ကျော်သန်းနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် အုန်းတောကြီးမြောက် ကယ်ဆယ်ရေးစခန်းနေသူ မာမောက်တော်ယူ(ခ) ဘမောင်နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက် ၁၂ ထုပ် စုစုပေါင်း ဂရမ် ၁၂၀၀၀ နှင့် မူးယစ်ဆေးဝါးများ ရောင်းချရာတွင် အသုံးပြုသော ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် မာမောက်တော်ယူ (ခ) ဘမောင်အား စစ်တွေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ထို့အတူ ဩဂုတ် ၈ ရက် ည ၁၀ နာရီခွဲခန့်က စစ်တွေနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် စစ်တွေမြို့ ဆင်ကူးလမ်းရပ်ကွက် အကွက်(၂) ဆေးရုံချေလမ်းသွယ်နေ ဒေါ်လှမြိုင်စိန်သည် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းရရှိသဖြင့် သွားရောက်ရှာဖွေစဉ် အဆိုပါနေအိမ်ဈေးဆိုင်တွင် ထိုင်နေသည့် သန့်ဇော်ထွန်းကို တွေ့ရှိသဖြင့် စစ်ဆေးရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၊ ငွေကျပ် ၄၀၀၀၀နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။ အဆိုပါ မူးယစ်ဆေးဝါးများအား ဒေါ်လှမြိုင်စိန်က ရောင်းချခိုင်းထားခြင်းဖြစ်ကြောင်း သိရပြီး ဆက်လက်၍ ဒေါ်လှမြိုင်စိန်နေအိမ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇ ပြားနှင့် ငွေကျပ် ၂၀၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၃၇ ပြားနှင့်အတူ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိသူ သန့်ဇော်ထွန်းနှင့် ဒေါ်လှမြိုင်စိန်တို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# လဲချား၌ လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**လဲချား ဩဂုတ် ၉**

လဲချားမြို့နယ်တွင် ဩဂုတ် ၇ ရက်က လဲချား-မိုင်းကိုင်သွား ကားလမ်း တစ်လျှောက် မော်တော်ယာဉ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရေး ဆောင်ရွက်နေစဉ် ပုံနေကျေးရွာအုပ်စု မယ်ရှင်ကျေးရွာ အနောက်ဘက် နှစ်မိုင်ခန့်အကွာ၌ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ ပူးပေါင်းအဖွဲ့များ စစ်ဆေးစဉ် မိုင်းကိုင်ဘက်မှ လဲချားဘက်သို့ ယာဉ်မောင်း စိုင်းလူ(ခ) လောဝ်လျှမ်း(၃၀ နှစ်)မတ်ကျန်းကျေးရွာ နမ့်စန်မြို့နယ်နေသူ မောင်းနှင်လာသော တိုယိုတာလင်ခရူဆာ V8 ယာဉ်(လိုင်စင်စိစစ်ဆဲ)အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရှာဖွေရာ သို့ဝှက်သယ်ဆောင်လာသော ချက်ကိုစလို ဗက်ကီးယားနိုင်ငံထုတ် VZOR 70 CAL 7.65 အမျိုးအစား ပစ္စတိုသေနတ်တစ်လက်၊ ယင်းကျည် ၄၂ တောင့်၊ ပစ္စတို သေနတ် အိတ်တစ်ခု၊ ပစ္စတိုကျည်ခါးပတ်တစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါလက်နက်များ သိမ်းဆည်းရမိမှုနှင့်စပ်လျဉ်း၍ တရားမဝင် လက်နက်ခဲယမ်းများ ကိုင်ဆောင်ထားရှိသူ စိုင်းလူ(ခ)လောဝ်လျှမ်းကို လဲချားမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့ရုပ်မြင်သံကြား

၁၀-၈-၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၇း၃၅ | - | MRTV Travelogue |
| ၈း၄၀ | - | မျက်မှောက်ရေးရာ အဖြာဖြာ |
| ၉း၁၅ | - | “1 On 1 Football skills Challenge Cup ပြိုင်ပွဲအစီအစဉ်” |
| ၁၀း၃၀ | - | လူမှုစီးပွားမြင်ကွင်းများ |
| ၁၁း၁၅ | - | “ချစ်တတ်ကြရအောင်” |
| ၁၁း၃၀ | - | အလုပ်သမားရေးရာ အစီအစဉ် |
| ၁၂း၄၀ | - | မြန်မာဇာတ်လမ်းတွဲ “ဇနီးချောများကွန်ရက်” (အပိုင်း-၂၂)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၁၄း၀၀ | - | မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်(အပိုင်း-၁) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ ခင်မောင်ချင်း) |
| ၁၅း၀၀ | - | နိုင်ငံခြားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ” (အပိုင်း-၈၁) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၂၀ | - | “1 On 1 Football skills Challenge Cup ပြိုင်ပွဲအစီအစဉ်” |
| ၁၇း၀၅ | - | ကျန်းမာရေးမဂ္ဂဇင်း “ကိုယ်ဝန်ဆောင်စဉ် သွေးဆင်းခြင်းအကြောင်း သိကောင်းစရာ” |
| ၁၇း၂၀ | - | Catch Asia News (Season-II)(Epi-2) |
| ၁၇း၃၀ | - | Weekly Sport Info |
| ၁၈း၂၅ | - | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “ဣတ္ထိယနှင့် မင်္ဂလာခုတင်” |
| ၁၉း၁၅ | - | မြန်မာဇာတ်လမ်းတွဲ “ဇနီးချောများကွန်ရက်” (အပိုင်း-၂၃) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ)(ဒါရိုက်တာ-အောင်ဩဘာ) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | - | “ရွှေကောက်ပွဲစောင့်ကြည့် လေ့လာရေးအကြောင်း သိကောင်းစရာ” |
| | - | Britain's Got Talent (10) |
| | - | “မှီခိုရာ”(ဒါန) |

# နောင်ချို၌ မူးယစ်ဆေးဝါးနှင့် လက်နက်များ သိမ်းဆည်းရမိ

**နောင်ချို ဩဂုတ် ၉**

နောင်ချိုမြို့နယ် ရေလင့်ကျေးရွာတွင် မူးယစ်ဆေးဝါးများ ရောင်းဝယ်သုံးစွဲနေကြောင်း သတင်းအရ နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းက ရေလင့်ကျေးရွာနေ ငပြူး(ခ)နိုင်လင်းဦး၏ နေအိမ်သို့ ဝင်ရောက်စစ်ဆေးရာ နိုင်လင်းဦးနှင့် တွယ်ရွှန်းချွန်တို့အား တွေ့ရှိရပြီး တွယ်ရွှန်းချွန်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၃၈၀၊ ငွေကျပ် ၆၄၀၀၀၀ နှင့် လုပ်သေနတ်တစ်လက်၊ ၂၂ မမ ကျည်သုံးတောင့် သိမ်းဆည်းရမိသည်။

ငပြူး(ခ)နိုင်လင်းဦး၏ နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ ဘိန်းဖြူစုစုပေါင်း အလေးချိန် ဂရမ် ၄၀ ခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၄၆၈၀၊ အလေးချိန် ၄၂၁၀ ဒသမ ၂ ဂရမ်ခန့်၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ၊ လုပ်သေနတ်တစ်လက်နှင့် ခဲယမ်းများကို သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ ငပြူး(ခ)နိုင်လင်းဦး (၁၉ နှစ်)နှင့် တွယ်ရွှန်းချွန် (၄၅ နှစ်)တို့ကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# နိုင်ဂျာရေကြီးမှု သေဆုံးသူ ၂၂ ဦးရှိလာ

**နီယာမေ ဩဂုတ် ၉**

နိုင်ဂျာနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ရေကြီးမှုများဖြစ်ပွားခဲ့ရာ ယင်းဖြစ်စဉ်အတွင်း ၂၂ဦး သေဆုံးခဲ့ပြီး လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။

ဩဂုတ် ၆ ရက်မှစကာ လူပေါင်း ၄၉၈၄၅ ဦး ရေဘေးဒုက္ခခံစားနေရကြောင်း၊ ကံဆိုးစွာဖြင့် ၂၂ဦးမှာ သေဆုံးခဲ့ကြောင်း နိုင်ဂျာလူသားချင်းစာနာမှုဆိုင်ရာ ဝန်ကြီး လိုဝမ်မဂ္ဂါဂျီက ရုပ်မြင်သံကြားသို့ ဩဂုတ် ၈ ရက် နှောင်းပိုင်းက ပြောခဲ့သည်။

ရေကြီးမှုကြောင့် အိမ်ပေါင်း ၃၀၀၀ ကျော် ပျက်စီးခဲ့ကြောင်းနှင့် ကောက်ပဲသီးနှံ ၄၀၀၀ ဟက်တာနီးပါး ပျက်စီးခဲ့ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။ နိုင်ဂျာနိုင်ငံ မာရဒီနှင့် ဒစ်ဖာဒေသများသည် ရေဘေးဒုက္ခကို အဆိုးရွားဆုံး ခံစားခဲ့ရသော ဒေသများဖြစ်ကြောင်း၊ နိုင်ဂျာမြို့တော် နီယာမေတွင်လည်း လူပေါင်း ၂၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက် ပြောကြားခဲ့သည်။

နိုင်ဂျာအစိုးရနှင့် စေတနာရှင် အလှူရှင်များက ရေဘေးဒုက္ခခံစားနေရသူများကို အစားအစာများ၊ အဝတ်အထည်များနှင့် ခြင်ထောင်များကို ဖြန့်ဝေပေးလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

၂၀၁၂ ခုနှစ်မှစကာ ဆာဟယ်ဒေသတွင်ဖြစ်ပွားသော အစားအစာခက်ခဲမှုပဋိပက္ခသည် အဆိုးရွားဆုံးဖြစ်ကြောင်း ဇွန်လက ကုလသမဂ္ဂ အကူအညီပေးရေးအကြီးအကဲက ပြောကြားခဲ့ပြီးနောက် ယခုကဲ့သို့ ရေကြီးမှုဖြစ်ပွားခဲ့ပြီး ၂၂ ဦး သေဆုံးခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစားအစာခက်ခဲမှု ပဋိပက္ခကြောင့် ဘာကီနာဖာဆို၊ ချဒ်၊ မာလီ၊ မော်ရီတေးနီးယား၊ နိုင်ဂျာနှင့် ဆီနီဂေါတို့တွင် ကလေးငယ် ၁ ဒသမ ၆ သန်း အာဟာရမပြည့်ဝမှုဒဏ်ကို ဆိုးရွားစွာခံစားခဲ့ရကြောင်း ကုလသမဂ္ဂအကူအညီပေးရေး အကြီးအကဲဖြစ်သူ မာ့ခ်လိုးကော့ခ်က ပြောခဲ့သည်။ နိုင်ငံမြောက်ပိုင်းသဲကန္တာရအပါအဝင် နိုင်ဂျာနိုင်ငံသည် ရေကြီးမှုဒဏ်ကို လွန်ခဲ့သည့်နှစ်များက ထပ်တလဲလဲ ခံစားနေရသည့် နိုင်ငံဖြစ်သည်။

ယခုနှစ်တွင် ရေကြီးပြီး နိုင်ဂျာမြစ်ရေလျှမ်းမိုးမှုကြောင့် လူများသေဆုံးသည့် ဒဏ်မှကာကွယ်ရန် သက်ဆိုင်ရာ အာဏာပိုင်များက ရေနုတ်မြောင်း အမြောက်အမြားကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



# ဆော်ဒီအာရေဗျနိုင်ငံက ကနေဒါနိုင်ငံနှင့်ဖြစ်ပွားနေသည့် ပြဿနာအပေါ် တုံ့ပြန်မှုများ တိုးချဲ့ပြုလုပ်ရန် ပြင်ဆင်နေ

**ရီယာ့ဒ် ဩဂုတ် ၉**

ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး အဒယ်အယ်လ်ဂျူဘာက ဆော်ဒီအာရေဗျနိုင်ငံနှင့် ကနေဒါနိုင်ငံတို့ကြား ဖြစ်ပွားနေသည့် ပြဿနာသည် ညှိနှိုင်းဖြေရှင်းမရဘဲ ဆော်ဒီအာရေဗျအနေဖြင့် တုံ့ပြန်ဆောင်ရွက်မှုများ တိုးချဲ့ပြုလုပ်ရန် ပြင်ဆင်နေကြောင်း မကြာသေးမီက ပြောခဲ့သည်။



ကနေဒါနိုင်ငံသည် ကြီးမားသည့် အမှားအယွင်းတစ်ခုကို ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး ၎င်းနိုင်ငံအနေဖြင့် ယင်းအမှားအယွင်းကို မည်သို့ ပြင်ဆင်ရမည်ကို သိရှိကြောင်း ပြောခဲ့သည်။

ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၃ ရက်က ဆော်ဒီအာရေဗျနိုင်ငံမှ ကနေဒါနိုင်ငံသား လူ့အခွင့်အရေးလှုပ်ရှားသူတစ်ဦးအား ဖမ်းဆီးခဲ့ခြင်းအပေါ် လွန်စွာစိုးရိမ်မိကြောင်းနှင့် ဆော်ဒီအာရေဗျနိုင်ငံမှ ကနေဒါနိုင်ငံသားအား ချက်ချင်းလွှတ်ပေးရန် တောင်းဆိုမှုပြုလုပ်ခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ ဩဂုတ် ၆ ရက်ထုတ်ပြန်ကြေညာချက်တွင် ကနေဒါနိုင်ငံမှ ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီးအား ၂၄ နာရီအတွင်း နိုင်ငံအတွင်းမှ ထွက်ခွာပေးရန် တောင်းဆိုခဲ့ကြောင်း၊ ဆော်ဒီအာရေဗျ နိုင်ငံအစိုးရအနေဖြင့် ကနေဒါနိုင်ငံနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းသစ်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို ရပ်ဆိုင်းကြောင်း၊ ကနေဒါနိုင်ငံရှိ အစိုးရပညာတော်သင်နှင့် ဆေးကုသသည့်နိုင်ငံသားများအား နိုင်ငံသို့ ပြန်လည်လာရောက်စေခဲ့ပြီး ကနေဒါနိုင်ငံသို့ပျံသန်းသည့် လေကြောင်းခရီးစဉ်ကိုလည်း ရပ်ဆိုင်းကြောင်း ပါဝင်ခဲ့သည်။

ကနေဒါနိုင်ငံခြားရေးဝန်ကြီးက ဩဂုတ် ၆ ရက်က ကနေဒါနိုင်ငံအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံအပေါ်ထားရှိသည့် နိုင်ငံခြားရေးဆိုင်ရာ ရပ်တည်မှုကို ပြောင်းလဲမည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဗြိတိန်နိုင်ငံ သတင်းမီဒီယာများ၏ဖော်ပြချက်အရ ကနေဒါနိုင်ငံက ဗြိတိန်နိုင်ငံ၏ အကူအညီဖြင့် ဆော်ဒီအာရေဗျနိုင်ငံနှင့် တင်းမာမှုကို ဖြေရှင်းရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**ဆင်ဟွာ**

# နျူကလီးယားလက်နက်ကင်းစင်သည့်ကမ္ဘာဖြစ်လာစေရေး ကုလအတွင်းရေးမှူးချုပ် တောင်းဆို

**နာဂါဆာကီ ဩဂုတ် ၉**

အဏုမြူဗုံးဒဏ်ခံ ပြည်သူများနှင့် ဗုဒ္ဓဟူးနေ့က တွေ့ဆုံစဉ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က နျူကလီးယားကင်းစင်သည့် ကမ္ဘာဖြစ်လာစေရေး တောင်းဆိုခဲ့သည်။ နျူကလီးယားလက်နက်စွန့်လွှတ်ရေး သဘောတူညီမှုများကင်းမဲ့နေချိန်တွင် အဏုမြူဗုံးဒဏ်မှ အသက်ရှင်ကျန်ရစ်သူများ၏ စကားသံများသည် အလွန့်အလွန်အရေးပါလာကြောင်း မစ္စတာဂူတာရက်စ်က ဗုံးဒဏ်မှ အသက်ရှင်ကျန်ရှိသူများနှင့် တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။



နျူကလီးယားလက်နက်ကင်းစင်သည့် ကမ္ဘာဖြစ်လာစေရေးအတွက် အခုအသက်ရှင်ကျန်ရစ်ခဲ့သူများနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်သည် အင်္ဂါနေ့က ဂျပန်နိုင်ငံသို့ရောက်ရှိလာခဲ့ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးလက်ခံပြီးနောက် ဒုတိယအကြိမ်အဖြစ် ဂျပန်နိုင်ငံသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် တွေ့ဆုံခဲ့သည်။ ဒုတိယကမ္ဘာစစ်တွင် ဂျပန်တို့လက်နက်ချရန် အမေရိကန်တပ်ဖွဲ့ဝင်များက ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့တို့တွင် အဏုမြူဗုံးနှစ်လုံးကို ဩဂုတ် ၆ ရက်နှင့် ဩဂုတ် ၉ ရက်တို့တွင် ကြဲချခဲ့သည်။ **ဆင်ဟွာ**

## ခရီးသွား ၁၇၇ ဦး နှင့် ဟိုတယ်ဝန်ထမ်းများကို ဖူးခက်ကျွန်းမှ ကယ်တင်

**ဖန်ကောက် ဩဂုတ် ၉**

တရုတ်ခရီးသွားများအပါအဝင် ခရီးသွားစုစုပေါင်း ၁၇၇ ဦးကို ထိုင်းနိုင်ငံတောင်ပိုင်း ဖူးခက်ကျွန်း ပင်လယ်ပြင်တွင် မုန်တိုင်းထန်နေရာမှ ဗုဒ္ဓဟူးနေ့ညတွင် ကယ်တင်ခဲ့ရကြောင်းသိရသည်။ ဖူးခက်အရှေ့တောင်ပိုင်း ကမ်းရိုးတန်း ခိုရက်ချာကျွန်းတွင် ရောက်ရှိနေသော အဆိုပါခရီးသွားအများစုတွင် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ အများဆုံးဖြစ်ကြောင်း၊ ထိုင်းဟိုတယ်မှ ဝန်ထမ်း ၁၆ ဦးကိုပါ ကယ်တင်နိုင်ခဲ့ကြောင်း၊ နာရာသီဝပ် ကင်းလှည့်ရေယာဉ်ဖြင့် ကယ်တင်နိုင်ခဲ့ကြောင်း ထိုင်းရေတပ်အရာရှိ အဒမ်ဆွန်နတ်ခ်ပန်ပရာမုတ်က ပြောသည်။ ဖန်ငှ ပြည်နယ်အနီးရှိ ရေတပ်ကင်းလှည့်ရေယာဉ်က ကယ်ဆယ်ရေးလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အပန်းဖြေကျွန်းပေါ်တွင်ရောက်ရှိနေသော ခရီးသွားများနှင့် ဟိုတယ်ဝန်ထမ်းများကို ကယ်ဆယ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ဗုဒ္ဓဟူးနေ့ညနေပိုင်းတွင် အက်ဒမန်ပင်လယ်ပြင်တွင် ဒီရေမှာ နှစ်မီတာမှသုံးမီတာအထိမြင့်တက်ခဲ့ကြောင်း သိရသည်။ မိုးရာသီကာလတွင်ပင်လယ်ပြင်၌ လေပြင်းများတိုက်ခတ်ခြင်း၊ ဒီရေတက်ခြင်းတို့ကြောင့် ဖူးခက်မှ ခိုရက်ချာကျွန်းသို့ လှေငယ်များ၊ ရေယာဉ်များဖြင့် ခရီးသွားများ သွားရောက်ခြင်းမပြုကြရန် တားမြစ်ထားကြောင်းလည်း သိရသည်။

**ဆင်ဟွာ**

## ရုရှားသူလျှိုဟောင်း အဆိပ်ခတ်ခံရမှုအတွက် ရုရှားအပေါ် အမေရိကန်ပိတ်ဆို့

**ဝါရှင်တန် ဩဂုတ် ၉**

ရုရှားသူလျှိုဟောင်းကို အဆိပ်ခတ်ခံရမှုအတွက် အမေရိကန်မှ ရုရှားအပေါ် ပိတ်ဆို့မှုအသစ်များ ထပ်မံပြုလုပ်သွားမည်ဟု ကြေညာခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီသာ နော့ရက်က ဗုဒ္ဓဟူးနေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ မတ်လအတွင်း ဗြိတိန်နိုင်ငံတောင်ပိုင်းမြို့ စလစ္စဗျူရီ၌ ရုရှားသူလျှိုဟောင်းနှင့် ၎င်း၏ သမီးဖြစ်သူတို့ အဆိပ်ခတ်ခံရမှုအတွက် ယင်းသို့ ပိတ်ဆို့မှုပြုလုပ်မည်ဟု ကြေညာခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုမှ ကြေညာသော ကြေညာချက်တွင် ရုရှားတို့သည် ဓာတုလက်နက် သို့မဟုတ် ဇီဝလက်နက်ကို အသုံးပြုခဲ့သည့်အတွက် အပြည်ပြည်ဆိုင်ရာ တရားဥပဒေကိုချိုးဖောက်ရာ ရောက်ကြောင်း၊ သေစေနိုင်လောက်သည့်လက်နက်ကို ကိုယ့်နိုင်ငံသားအပေါ်တွင် ကျူးလွန်ခဲ့သည့်အတွက် ယင်းသို့ ဆုံးဖြတ်လိုက်ရခြင်းဖြစ်ကြောင်း ကြေညာခဲ့သည်။

ပိတ်ဆို့မှုအသစ်တွင် လျှပ်စစ်အစိတ်အပိုင်းများ၊တာဘိုင်အင်ဂျင်များ၊ လက်နက်ထုတ်လုပ်ရာတွင် အသုံးပြုသောအခြားသော အစိတ်အပိုင်းများ ရုရှားသို့ တင်ပို့ခွင့် ပိတ်ဆို့မည်ဖြစ်ကြောင်း သိရသည်။ ရုရှားနိုင်ငံဘက်မှ နောက်ထပ် ဓာတုလက်နက် အသုံးမပြုတော့ပါဘူးဟု ကတိမရမချင်း၊ သို့မဟုတ် တိုင်းပြည်အတွင်း အပြည်ပြည်ဆိုင်ရာမှ စုံစမ်းစစ်ဆေးသူများလာရောက်စစ်ဆေးခွင့်မပြုမချင်း နောက်ထပ်ပိတ်ဆို့မှုများ ထပ်မံလုပ်ဆောင်သွားရန် အစီအစဉ်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ဗြိတိန်နိုင်ငံအပါအဝင် အခြားသော ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့သည် အဆိုပါကိစ္စကြောင့် ရုရှားသံတမန် ၆၀ ခန့်ကို တိုင်းပြည်အတွင်းမှ နှင်ထုတ်ခဲ့သည်။ အမေရိကန်မီဒီယာများကမူ သမ္မတ ထရန့်အစိုးရသည် မော်စကိုအပေါ် သဘောထားပျော့ပျောင်းလွန်းသည်ဟူသော ဝေဖန်ချက်များကို တုံ့ပြန်ရန် ယင်းသို့ ပိတ်ဆို့မှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ဝေဖန်ကြသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### အင်ဒိုနီးရှားနိုင်ငံ လွန်ဘွတ်ကျွန်း၌ ငလျင်ကြောင့် သေဆုံးသူ ၃၀၀ ထိရှိလာနိုင်

**ဂျကာတာ ဩဂုတ် ၉**

အင်ဒိုနီးရှားနိုင်ငံ အမျိုးသားသဘာဝဘေးအေဂျင်စီမှ တာဝန်ရှိသူများသည် တနင်္ဂနွေနေ့က လွန်ဘွတ်ကျွန်း၌ ဖြစ်ပွားခဲ့သည့် ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၉ ရှိ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူဦးရေမှာ ၃၀၀ ထိရှိလာနိုင်ကြောင်း ပြောခဲ့သည်။

ကယ်ဆယ်ရေးလုပ်သားများသည် အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ လက်ရှိအချိန်ထိ သေဆုံးသူဦးရေမှာ ၁၃၁ ဦး ဟု အတည်ပြုထားနိုင်ပြီး ၁၄၀၀ ခန့်မှာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးလုပ်ငန်းလုပ်ဆောင်သူများထဲတွင် တပ်မတော်သားများ၊ ရဲများ၊ မီးသတ်သမားများ ပါဝင်ကြပြီး စက်ကြီးများကို အသုံးပြုကာ အပျက်အစီးများအောက်မှ အသက်ရှင်ကျန်ရစ်သည့် လူများကို ကယ်တင်နိုင်ရန် ကြိုးပမ်းနေကြသည်။ ဒေသခံအရာရှိများက လူပေါင်း ၃၀၀ ကျော်မှာ ငလျင်ဒဏ် အပြင်းထန်ဆုံး ခံစားခဲ့ရသည့် လွန်ဘွတ် မြောက်ပိုင်းတွင် သေဆုံးခဲ့ကြောင်း ပြောကြားခဲ့သည်ဟု နိုင်ငံပိုင်မီဒီယာမှ ကိုးကားဖော်ပြထားသည်။

ထို့အပြင် ငလျင်ဒဏ်ခံပြည်သူများကို ကယ်ဆယ်မှုများလုပ်ဆောင်နိုင်ရေး လမ်းများပျက်စီးသွား၍လည်း ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ဓာတ်ပုံသတင်းထောက်အား ဘင်္ဂလားဒေ့ရှ်ရဲများ ဖမ်းဆီး

**ဒါကာ ဩဂုတ် ၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လမ်းများတွင် လုံခြုံစိတ်ချရရေး ဆန္ဒပြသည့်အကြောင်း အင်တာဗျူးခဲ့သည့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူ ဓာတ်ပုံသတင်းထောက်တစ်ဦးကို ဘင်္ဂလားဒေ့ရှ်ရဲများက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အယ်ဂျာဇီးယား သတင်းဌာနနှင့် အင်တာဗျူးပြုလုပ်ပြီးသည့်နောက် နာရီအနည်းငယ်အကြာ တနင်္ဂနွေနေ့ညက ရှာဟီဒူအလမ်ကို ၎င်း၏နေအိမ်၌ပင် ဖမ်းဆီးခဲ့သည်။ အရှိန်မထိန်းနိုင်သည့် ဘတ်စ်ကားတစ်စီးက ကောလိပ်ကျောင်းသားနှစ်ဦးကို တိုက်မိကာ ကျောင်းသားနှစ်ဦး သေဆုံးခဲ့ပြီးနောက် ဆန္ဒပြမှုများ နှစ်ပတ်ကြာ ဖြစ်ပေါ်ခဲ့သည်။ ဆန္ဒပြပွဲများ ဖြစ်ပေါ်စဉ်အတွင်း ရဲများနှင့် ကျောင်းသားများအကြား ပဋိပက္ခများပေါ်ပေါက်ခဲ့သည်။ အင်တာဗျူးတွင် နိုင်ငံ၏ နိုင်ငံရေးနှင့် ဆန္ဒပြသူများ ဆက်နွယ်မှု လူ့အဖွဲ့အစည်းအတွင်း ဒေါသများဖြစ်ပေါ်လာမှု၊ မီဒီယာအပေါ် ပိတ်ဆို့မှုများ၊ ဘဏ်များဖောက်ထွင်းခံရမှုအစရှိသည်တို့ကို ဝေဖန်ပြောကြားခဲ့သည်။ အလမ်မှာ ဝါဒဖြန့်ချိမှု၊ သတင်းမှားများ ဖြန့်ဝေမှုတို့အတွက် တရားစွဲဆိုခြင်းခံရကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြကြသည်။ မွမ်ဘိုင်းရှိ ဂျာနယ်လစ်များသည် ၎င်းအဖမ်းခံရသည့်အတွက် ဆန္ဒပြမှုများပြုလုပ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ပြဿနာများအလယ် ကြုံကြုံခံရပ်တည်နေဆဲဖြစ်တဲ့ ဗင်နီဇွဲလားသမ္မတ

**ချူးစန္ဒီနွေး**

ဗင်နီဇွဲလားနိုင်ငံမှာ ဖြစ်ပျက်နေတဲ့အရာတွေကို ပြန်ကြည့်မယ်ဆိုရင် ၂၀၁၆ ခုနှစ်မှာ အခြေခံစားသောက်ကုန်တွေပြတ်လပ်လို့ သမ္မတကို ဝိုင်းအပြစ်တင်နေကြတဲ့ လူအုပ်ကြီးရယ်၊ ရွေးကောက်ပွဲမတိုင်ခင်နေ့က သမ္မတ မက်ဒူရိုကိုယ်တိုင် ပလာဇာထဲကိုဝင်လိုက်တဲ့အခါ ပလာဇာထဲမှာ ဘာမှရောင်းစရာမရှိ ဟာလာဟင်းလင်းဖြစ်နေတဲ့ပုံတွေကို တွေ့ရမှာဖြစ်တယ်။ နောက်ပြီး လတ်တလောမှာဖြစ်သွားတာကို ကြည့်မယ်ဆိုရင်တော့ ပြီးခဲ့တဲ့စနေနေ့က ပေါက်ကွဲမှုဖြစ်သွားခဲ့လို့ သမ္မတ မိန့်ခွန်းပြောနေတဲ့စင်ပေါ် လှုပ်ခါသွားတာကိုတွေ့ပြီး လူတွေကြောက်လန့်တကြားထွက်ပြေးကြတာ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ရှုပ်ယှက်ခတ်နေတဲ့မြင်ကွင်းတွေကို မြင်ရမှာပဲ ဖြစ်တယ်။



### ပဋိပက္ခတွေရဲ့အစ

ဒီဖြစ်ရပ်တွေဟာ ဘယ်ကနေ အစပြုလာတာပါလဲ။ ခေတ်သစ်သမိုင်းမှာ ဗင်နီဇွဲလားနိုင်ငံဟာ အကျပ်တည်းဆုံးလို့ဆိုရမယ့် စီးပွားရေးပြဿနာနဲ့ ရင်ဆိုင်ရာကနေ အစပြုလာတာပါပဲ။ လက်ရှိအချိန်မှာတော့ တိုင်းပြည်ရဲ့အာဏာဟာ သမ္မတ မက်ဒူရို လက်ထဲမှာ ရှိနေဆဲပါပဲ။ ဒီမိုကရေစီနဲ့အာဏာရှင်စနစ်ကြားကနေ စီးပွားရေးအကျပ်အတည်းပေါ်ပေါက်လာပြီး ဗင်နီဇွဲလားခေါင်းဆောင်အနေနဲ့ အာဏာကို လက်မလွှတ်တမ်း ဆုပ်ကိုင်ထားနိုင်မယ့် အခွင့်အရေးဖြစ်လာခဲ့တယ်လို့ ဗင်နီဇွဲလားနိုင်ငံ တူလိန်းတက္ကသိုလ်မှ လူမှုဗေဒပါမောက္ခ ဒေးဗစ်စမိုင်းဒီက ပြောပါတယ်။

### သမ္မတမက်ဒူရိုရဲ့ အခက်အခဲတွေ

အမှန်ဆိုရင် ဗင်နီဇွဲလားသမ္မတအနေနဲ့ ရင်ဆိုင်ကျော်ဖြတ်ခဲ့ရတာတွေဟာလည်း မနည်းပါဘူး။ သူ့ပုန်ထဖို့ ကြိုးစားတာတွေ၊ လမ်းမထက်မှာ လနဲ့ချီပြီးဆန္ဒပြတာတွေ၊ အိမ်နီးချင်းတိုင်းပြည်တွေက အဆက်အသွယ်ဖြတ်တောက်တာတွေ၊ အမေရိကန်သမ္မတထရန့်ရဲ့ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မယ်ဆိုတဲ့ ခြိမ်းခြောက်မှုတွေ၊ ရေနံဈေးကျဆင်းမှုတွေ၊ တိုင်းပြည်က ပြည်သူအမြောက်အမြား နိုင်ငံရပ်ခြားကို အစုလိုက်အပြုံလိုက် ထွက်ပြေးကြတာတွေ ဒါတွေနဲ့ရင်ဆိုင်ခဲ့ရပါတယ်။

နောက်ပြီးရွေးကောက်ပွဲမှာ မဲမသမာမှု ပြုလုပ်တယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့လည်း ရင်ဆိုင်ခဲ့ရပါတယ်။ ပြန်လည်ရွေးကောက်ခံထားရတဲ့ သမ္မတ မက်ဒူရိုရဲ့သက်တမ်းဟာ ၂၀၂၅ ခုနှစ်အထိ အာဏာကို ဆုပ်ကိုင်ခွင့်ရရှိမှာပဲ ဖြစ်တယ်။

သမ္မတ မက်ဒူရိုဟာ သူ့ကိုဖြုတ်ချနိုင်စွမ်းရှိတဲ့ တရားရုံးတော်ကိုလည်း အပိုင်ကိုင်ထားနိုင်ပါတယ်။ ပြီးတော့ ဗင်နီဇွဲလားတပ်ဖွဲ့နဲ့လည်း အဆင်ပြေအောင် ပြုလုပ်ထားနိုင်ပါတယ်။ စီးပွားရေး ကျရှုံးခြင်းနှင့်အတူ အခြေခံစားသောက်ကုန်၊ ဆေးဝါးတွေ ပြတ်လပ်ခဲ့ပြီး ငွေကြေးဟာလည်း တန်ဖိုးကင်းမဲ့ခဲ့ရပါတယ်။ ဒါပေမယ့်လည်း သမ္မတဟာ ဗင်နီဇွဲလားတပ်ဖွဲ့ကို သူ့ဘက်မှာ ဆက်လက်ရပ်တည်စေနိုင်ရေး တန်ဖိုးကြီးကြီးမားမားတွေ ပေးထားပါတယ်။

မက်ဒူရိုဟာ လွန်ခဲ့တဲ့လအထိ မြို့တော် ကရာကတ်အပါအဝင် တခြားသော မြို့ကြီးတွေမှာ လမ်းမထက် ဆန္ဒပြပွဲတွေနဲ့ ရင်ဆိုင်နေရတုန်းပါပဲ။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ နှိမ်နင်းမှုကြောင့် လူပေါင်း ၁၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရပြီး ဖြစ်တယ်။ ရေနဲ့လျှပ်စစ်မီးပုံမှန်ပြန်လည်ရရှိရေးအတွက် ဒေသတွင်းအရာရှိတွေမှာ ဖိအားတွေအများကြီးနဲ့ ရင်ဆိုင်နေရပါတယ်။ မြို့တော် ကရာကတ်မှာဆိုရင် လျှပ်စစ်မီးပြတ်တောက်မှုကို ၈၀ ရာခိုင်နှုန်းခန့် ခံစားနေရပြီး ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာ လျှပ်စစ်မီးပြတ်တောက်မှုဟာ နာရီပေါင်းများစွာ ကြာမြင့်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ဒီလိုမျိုး လျှပ်စစ်မီးပြတ်တောက်မှုဟာ တခြားမြို့ကြီးတွေမှာဆိုရင် သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုပါပဲ။

### ဆန္ဒပြမှုတွေ ထပ်မဖြစ်အောင်လုပ်ဆောင်

အခုဆိုရင် လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ ၂၀၁၇ ခုနှစ်ကလိုမျိုး လမ်းမထက်မှာဆန္ဒပြပွဲတွေ အကြီးအကျယ် မပေါ်ပေါက်အောင် ကန့်ကွက်ဆန္ဒပြမှုတွေအားလုံးကို နှိမ်နင်းနေတယ်လို့ ဗိုလ်ချုပ်ဟောင်း တစ်ဦးဖြစ်သူ ဟီဘတ်ဂါစီရာ ပလာဇာက ပြောပါတယ်။ မစ္စတာ ဟီဘတ်ဆိုတာကလည်း သမ္မတ မက်ဒူရိုရဲ့အကျင့်ပျက် ခြစားမှုနဲ့ စွပ်စွဲခံရပြီးတဲ့နောက် တိုင်းပြည်ကနေ ထွက်ပြေးသွားတဲ့လူလည်း ဖြစ်တယ်။ အခုဆိုရင် ဆူဆူပူပူလုပ်မယ့် အရိပ်အယောင်ရှိရင်တောင် ထောက်လှမ်းရေး အေဂျင်စီတွေကနေ ဖမ်းဆီးမှုတွေ လုပ်လာတယ်။ နောက်ထပ် ဆူပူမှုတွေ လုံးဝထပ်မရှိအောင် လုပ်ဆောင်နေတယ်လို့ သူကဆက်ပြောပါတယ်။

အခုဆိုရင် သမ္မတ မက်ဒူရိုကို လုပ်ကြံဖို့ ကြိုးစားကြတယ်။ အဲဒီအကြောင်းပြချက်နဲ့ သမ္မတ မက်ဒူရိုဟာ သူ့ကိုဆန့်ကျင်သူတွေ လုံးဝခေါင်းမထောင်နိုင်အောင် ဖိနှိပ်မှုတွေ ပြုလုပ်နိုင်တယ်လို့ ကရာကတ်မြို့မှာရှိတဲ့ ပဋိပက္ခပြဿနာများ ဖြေရှင်းရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဒီမီတရစ် ပန်တူလပ်စ်က ပြောပါတယ်။ နောက်ထပ် ရှုံးသွပ်တဲ့လူတစ်ယောက်ယောက်က ဒီလိုမျိုး လုပ်ရပ် ထပ်မံလုပ်ဆောင်မှာကို ကြောက်တယ်။ ဘာလို့လဲဆိုရင် သမ္မတ မက်ဒူရို ဖိနှိပ်မှုတွေ ဆက်လက်လုပ်ဆောင်နိုင်အောင် အကြောင်းပြချက်တစ်ခုရသွားမှာ ဖြစ်လို့ပါပဲလို့ ၎င်းက ဆက်ပြောပါတယ်။

### ကျူးဘားနဲ့အလားသဏ္ဍာန်တူလာ

ဒီလိုမျိုး အာဏာရှင်အပြုအမူအတိုင်း ပြုမူနေတာဟာ မက်ဒူရိုက ပထမဦးဆုံး မဟုတ်ပါဘူး။ သူ့အရင် ကျူးဘားခေါင်းဆောင် ဖီဒယ်ကတ်စထရိုတုန်းကလည်း ဒီလိုပါပဲ။ မစ္စတာ ဖီဒယ်ကတ်စထရို လက်ထက်မှာ တိုင်းပြည်အတွင်းမှာ မနေပျော်တော့တဲ့ လူပေါင်းများစွာဟာ ထွက်ပြေးခဲ့ကြပါတယ်။ ဖီဒယ်ကတ်စထရို လက်ထက် အကြီးအကျယ် ရွှေ့ပြောင်းနေထိုင်မှု နှစ်ခုဖြစ်ပွားခဲ့ပါတယ်။ ပထမလှိုင်းကတော့ သူ့ရဲ့ ၁၉၅၉ ခုနှစ် တော်လှန်ရေးကို ဆန့်ကျင်ကြတဲ့ ပညာတတ်လူတန်းစားတွေနဲ့ အလယ်အလတ်တန်းစား လူတွေရဲ့ ဆန့်ကျင်မှုဖြစ်ပြီး ဒုတိယရိုက်ခတ်မှုလှိုင်းကတော့ ၁၉၈၀ ပြည့်နှစ်ကစပြီး ဆင်းရဲသား ကျူးဘားတွေဟာ လှေစီးပြီး တိုင်းပြည်အတွင်းက ထွက်ခွာကြပါတယ်။ ဗင်နီဇွဲလားနိုင်ငံမှာလည်း အလားတူ ဖြစ်ရပ်မျိုးတွေ ကြုံတွေ့နေရပါပြီ။

### ပြည်ပရောက် ဗင်နီဇွဲလားနိုင်ငံသားများ

အခုဆိုရင် ကိုလံဘီယာ နိုင်ငံဟာ ဗင်နီဇွဲလားက ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေကို လက်ခံတဲ့အကြီးဆုံးနေရာ ဖြစ်လာခဲ့ပါတယ်။ ဒီလိုပါပဲ ဘရာဇီးမှာလည်း ဝင်ရောက် ခိုလှုံနေထိုင်ကြတဲ့ ဗင်နီဇွဲလားဒုက္ခသည်တွေ ရှိပါတယ်။

> “သူပုန်ထဖို့ ကြိုးစားတာတွေ၊ လမ်းမထက်မှာ လနဲ့ချီပြီး ဆန္ဒပြတာတွေ၊ အိမ်နီးချင်းတိုင်းပြည်တွေက အဆက်အသွယ် ဖြတ်တောက်တာတွေ၊ အမေရိကန်သမ္မတ ထရန့်ရဲ့ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မယ်ဆိုတဲ့ ခြိမ်းခြောက်မှုတွေ၊ ရေနံဈေးကျဆင်းမှုတွေ၊ တိုင်းပြည်က ပြည်သူအမြောက်အမြား နိုင်ငံရပ်ခြားကို အစုလိုက်အပြုံလိုက် ထွက်ပြေးကြတာတွေ ဒါတွေနဲ့ ရင်ဆိုင်ခဲ့ရ”

ပညာတတ် လူတန်းစားတွေကတော့ ဥရောပမှာ ခိုလှုံခွင့်တောင်းခံကြပါတယ်။ အမေရိကန်ပြည်ထောင်စု၊ တောင်အမေရိက နိုင်ငံတွေဖြစ်တဲ့ ပီရူး၊ ချီလီ အစရှိတဲ့ နိုင်ငံမျိုးတွေမှာလည်း ခိုလှုံခွင့် တောင်းခံကြပါတယ်။ ဒီလိုမျိုး ဖြစ်ရပ်တွေကြောင့် ဗင်နီဇွဲလားနိုင်ငံမှာဆိုရင် လူဦးရေဟာလည်း ပြောင်းလဲလျက်ရှိပြီး သမ္မတ မက်ဒူရိုကို ဆန့်ကျင်တဲ့ လူတွေဟာ ပြည်ပကိုရောက်ကုန်ကြတာ များပါတယ်။

### နောက်ဆုံးမျှော်လင့်ချက်

စီးပွားရေးပညာရှင် အနည်းငယ်ကတော့ သမ္မတ မက်ဒူရိုရဲ့ နောက်ဆုံးအဆိုပြုချက် အပေါ်မှာ မျှော်လင့်ချက်ထားကြပါတယ်။ အဲဒီအဆိုပြုချက်မှာ ကျဆင်းနေတဲ့ ဗင်နီဇွဲလားငွေကြေးကို တည်ငြိမ်အောင် ကြိုးပမ်းမှုရယ်၊ ပြည်ပကုန်သွယ်မှုတွေကို လမ်းဖွင့်ပေးဖို့ရယ် ဒီအချက်တွေ ပါဝင်ပါတယ်။ ဒါမှသာ ဗင်နီဇွဲလားရဲ့ စီးပွားရေးကို ပြန်လည်တည့်မတ်အောင် လုပ်ဆောင်နိုင်မှာလို့ ယုံကြည်ကြပါတယ်။ ဒါပေမယ့် နောက်ထပ်ဖြေရှင်းရမယ့် အရေးကြီးတဲ့အချက်တစ်ချက်လည်း ပါဝင်ပါသေးတယ်။ အဲဒီအချက်ကတော့ ကျဆင်းနေတဲ့ ရေနံဈေးကို ပြန်လည်မြင့်တက်အောင် ပြုလုပ်ဖို့ပါပဲ။ ဒီကိစ္စကိုတော့ အခုချိန်အထိ မဖြေရှင်းနိုင်သေးပါဘူး။

### ခေါင်းမာမာနဲ့ရှေ့ဆက်နေဆဲ

အခုချိန်အထိတော့ သမ္မတဟာ သူ့ရဲ့ နည်းဗျူဟာတွေဟာ အလုပ်ဖြစ်တယ်လို့ ထင်နေတုန်းပါပဲ။ အခုဆိုရင် လူတော်တော်များများဟာ ဗင်နီဇွဲလားသမ္မတကို တိုင်းပြည်ကို တင်းတင်းကျပ်ကျပ် ဖိနှိပ်အုပ်ချုပ်ခဲ့ကြတဲ့ ခေါင်းဆောင်တွေနဲ့ နှိုင်းယှဉ်ပြီး မြင်နေကြပါတယ်။ လွန်ခဲ့တဲ့နှစ်က ရေဒီယိုကထုတ်လွှင့်ချက်မှာဆိုရင် သမ္မတ မက်ဒူရိုက သူ့ကို လူတွေက ကာရေဘီယံရဲ့ စတာလင်လို့ ထင်နေကြတယ်လို့ ပြောခဲ့ဖူးပါတယ်။ ဘယ်သူတွေ ဘာပဲမြင်မြင်၊ ဘာတွေပဲ ပြောပြော သူကတော့ ဂရုမစိုက် ရှေ့ဆက်ဆဲပါပဲ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

# သီတဂူဆရာတော် ဦးဆောင်၍ ရေဘေးသင့်ဒေသများသို့ အလှူငွေများ သွားရောက်လှူဒါန်း

**မော်လမြိုင် ဩဂုတ် ၉**

အဘိဇဗမဟာရဋ္ဌဂုရု သီတဂူဆရာတော် အရှင်ဉာဏိဿရ ဦးဆောင်၍ ကုသိုလ်ရှင်များက ရေဘေးသင့်ဒေသများသို့ အလှူငွေကျပ် သိန်း ၆၅၀ နှင့် ရေဘေးသင့်ဒေသများမှ သံဃာတော်များအတွက် သင်္ကန်းများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရေကြီးရေလျှံမှု ဒဏ်ကို ခံစားနေကြရသည့် ပြည်သူများအတွက် သီတဂူဆရာတော်နှင့် သီတဂူသာသနာပြုအဖွဲ့က စုပေါင်းလှူဒါန်းရာတွင် ယနေ့ နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိခဲ့ကြပြီး ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် စုပေါင်းလှူဒါန်းသည့် ငွေကျပ် သိန်း ၃၅၀ နှင့် သင်္ကန်းများကို ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်က လက်ခံရယူကာ သီတဂူဆရာတော်ကြီးနှင့် သီတဂူသာသနာပြုအဖွဲ့ အလှူရှင်အပေါင်းတို့အား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် သီတဂူဆရာတော်ကြီးသည် မော်လမြိုင်မြို့သို့ ဆက်လက်ကြွရောက်တော်မူပြီး ရေကြီးရေလျှံမှုဒဏ်ကို ခံစားရသည့် မွန်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် ရေဘေးကယ်ဆယ်ရေးအလှူတော် ငွေကျပ် သိန်း ၃၀၀ ကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံထံသို့ လှူဒါန်းပေးခဲ့သည်။ **(ယာပုံ)** ဝန်ကြီးချုပ်ကလည်း ဆရာတော် ဦးဆောင်သည့် သီတဂူ သာသနာပြုအဖွဲ့နှင့် အလှူရှင်များအား ကျေးဇူးတင်ကြောင်း ပြန်လည်လျှောက်ထားပြောကြားခဲ့သည်။

"လူပေါင်းများစွာ၊ သတ္တဝါပေါင်းများစွာ ထိခိုက်ဆုံးရှုံးခဲ့ကြရတဲ့ နာဂစ်မုန်တိုင်း၊ ကလေးဒေသက ပြည်သူတွေ ကြုံရတဲ့ ရေဘေးစတဲ့ သဘာဝဘေးတွေကြုံတုန်းကလည်း ကရုဏာ အလှူတွေကို ဖြစ်စဉ်တွေ စတင်ကတည်းက ကာယကံမြောက် လှူဒါန်းခဲ့ပါတယ်။ အခုလည်းပဲ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး တို့တွေမှာ ရေဘေးသင့်ကြတယ်။ ပြည်သူပြည်သားတွေ ပင်ပန်းဆင်းရဲမှုကို ပြေလျော့စေဖို့ အခုလို ကိုယ်တိုင်ကိုယ်ကျ လာရောက်လှူဒါန်းပေးတာပါ။ ချွေးနဲ့စာလို့ပြောရင်လည်း ရပါတယ်။ တရားပွဲတွေ ကျင်းပပြီး ဝိုင်းဝန်းလှူဒါန်းပေးကြတဲ့ အလှူထဲကမှ လှူဒါန်းတာလည်း ဖြစ်ပါတယ်။ အဓိကကတော့ ကရုဏာစိတ်ပါ။ ဘယ်နေရာမှာဖြစ်ဖြစ်၊ ကမ္ဘာတစ်ခုလုံးမှာ ကရုဏာစိတ်တွေ ပြန့်ပွားနေဖို့လိုအပ်ပါတယ်။ ဘယ်လူမျိုး၊ ဘယ်ဘာသာဝင်ဖြစ်ဖြစ် ကရုဏာစိတ်တွေကြောင့် သတ္တဝါအားလုံး ခံစားနေရတဲ့ ဒုက္ခဆင်းရဲအပေါင်းက ခပ်မြန်မြန်ကင်းလွတ်ခွင့်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အားလုံးသော သူတော်ကောင်းအပေါင်းတို့ဟာ ဒုက္ခဆင်းရဲတွေကို ပယ်ဖျောက်ပေးနိုင်ကြပါစေလို့ ဆုတောင်းပါတယ်"ဟု သီတဂူဆရာတော်က အနုမောဒနာတရားဟောကြားပေးခဲ့ကြောင်း သိရသည်။

**ခင်ရတနာ**



# ဧရာဝတီတိုင်းဒေသကြီးမှ ပျဉ်းမတောရေသွင်းရေနုတ်မြောင်း ပြန်လည်တူးဖော်ပေးနိုင်မှုကြောင့် လယ်မြေဧက ၃၀၀၀၀ ကျော်ကို အကျိုးပြုနိုင်

**နေပြည်တော် ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၊ ဇလွန်မြို့နယ်၊ ဟင်္သာတမြို့နယ်နှင့် ဓနုဖြူမြို့နယ်တို့အတွင်းရှိ မင်းတစု၊ နဲ့ကောနှင့် ပျဉ်းမတောရေတံခါး ပိတ်ဆို့နေမှုများနှင့် ရေဝင်ရေထွက်လမ်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက မိုးရာသီ စပါးစိုက်ပျိုးချိန်အမီ ပြန်လည်တူးဖော်ပေးနိုင်ခဲ့မှုကြောင့် ကျေးရွာပေါင်း ၉၀ ကျော်မှ ဒေသခံပြည်သူငါးသောင်းကျော်၏ လယ်မြေဧက သုံးသောင်းကျော်ကို အကျိုးပြုနိုင်ခဲ့ကြောင်း မြစ်ရွှမ်း (Myitrum) ကိုယ်ထူကိုယ်ထ လူမှုဖွံ့ဖြိုးရေးအဖွဲ့မှ ကိုယ်စားလှယ်များက ပြောကြား သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများက မြစ်ရွှမ်းကိုယ်ထူကိုယ်ထ လူမှုဖွံ့ဖြိုးရေးအဖွဲ့မှ ကိုယ်စားလှယ်များနှင့် ဩဂုတ် ၇ ရက်က ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။ တာဝန်ရှိသူများ၏ စေတနာအပြည့်အဝဖြင့် ကူညီဆောင်ရွက်ပေးခဲ့မှုကြောင့် ဒေသနေပြည်သူများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်နိုင်ခဲ့သဖြင့် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများအား ကျေးဇူးတင်ရှိကြောင်းလည်း အဆိုပါအဖွဲ့ဝင်များက ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဒေသတိုင်းရှိ ကျေးလက်နေပြည်သူများ၊ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးရန်အတွက် စဉ်ဆက်မပြတ်ကြိုးပမ်းနေကြောင်း၊ ဝန်ကြီးဌာနမှ ပညာရှင်များက စက်ယန္တရားအင်အားနှင့် နည်းပညာများ ကူညီထောက်ပံ့ပေးနေသည့်နည်းတူ ရပ်ရွာများဖွံ့ဖြိုးရေးအတွက် ဒေသခံများကိုယ်တိုင်က တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက အကျိုးဆောင် ပါဝင်လာခြင်းတို့ကြောင့် ယခုကဲ့သို့ ရလဒ်ကောင်းများ အမှန်တကယ်ခံစားကြရခြင်းဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။ **တင်မောင်လွင်(မြန်မာ့အလင်း)**



**ပန်းတနော်မြို့နယ် မင်းတစုကျေးရွာမှ ပျဉ်းမတောရေတံခါးအထိ ရေသွင်းရေနုတ်မြောင်း တူးဖော်ထားမှုကို တွေ့ရစဉ်။**

# တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၉**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(သန်လျင်)က ကြီးမှူးကျင်းပသော ၂၀၁၈ ခုနှစ် တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ နည်းပညာတက္ကသိုလ်(သန်လျင်)ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီ က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် နာယက ရွှေသံလွင် ကုမ္ပဏီနာယက ဒေါက်တာဒေါ်နီနီနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်ကောလိပ်များမှ ပါမောက္ခချုပ်များက ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည် ။

အဆိုပါပြိုင်ပွဲသို့ တက္ကသိုလ်နှင့် ကောလိပ်အသီးသီးမှ အမျိုးသား ၂၂ သင်း၊ အမျိုးသမီး ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **သန်းဝင်း(သန်လျင်)**

# မူခင်းကျဆင်းရေး အသိပညာပေး

**ချောက် ဩဂုတ် ၉**

ချောက်မြို့နယ်၌ သက်ငယ်မုဒိမ်းမှုလျော့နည်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ချောက်မြို့ မြို့မရဲစခန်းမှူး ရဲမှူး ခင်မောင်ရွှေနှင့် တပ်ဖွဲ့ဝင်များက ထိန်ခမ်းကျေးရွာအုပ်စု ထိန်ခမ်းအခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ ဟောပြောရာ ကျေးရွာသူ ကျေးရွာသား ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဗထူး**

# နတ်တလင်းမြို့တွင် တောင်သူများ ဆန္ဒထုတ်ဖော်

**နတ်တလင်း ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့တွင် ဩဂုတ် ၉ ရက် နံနက် ၈ နာရီ ၁၀ မိနစ်က ဦးမြင့်နိုင် အုန်းနဲ့ကံအလယ်ရွာ စမ်းချောင်းအုပ်စု၊ ဦးထက်ဇော်လင်း ဒမငယ်ရွာ ဒမငယ်အုပ်စု၊ ဦးတင်မြင့် ဖလံပင်ရွာ ဖလံပင်အုပ်စု၊ ဦးဝင်းကျော် ရှားစေးဖိုရွာ ဖလံပင်အုပ်စု နတ်တလင်းမြို့နယ်နေသူတို့က ဦးဆောင်၍ တောင်သူ ၈၀ ခန့်သည် သံဖြူရုံလမ်းဆုံတွင် စုရပ်ပြုလုပ်ကြပြီး တာပွန်လမ်း-ကံကြီးလမ်း-စုပေါင်းရုံးလမ်းရှိ မြို့နယ်မြေစာရင်းရုံးရှေ့အထိ ဆန္ဒထုတ်ဖော်ကြသည်။

ထိုသို့ ဆန္ဒထုတ်ဖော်ရာတွင် လမ်းတစ်လျှောက်တွင် သိမ်းဆည်းခံလယ်ကိစ္စကို တာဝန်ရှိသူများက အမြန်ဆုံးကွင်းဆင်းစစ်ဆေးပေးရေး၊ သစ်တောကြိုးဝိုင်းပယ်ဖျက်မြေ ၃၁၁၁ ဧကအတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) ထုတ်ပေးထားခြင်းကို ဥပဒေနှင့်ညီ မညီ စစ်ဆေးပေးရေး စသည့်ကြွေးကြော်သံများဖြင့် လှည့်လည်စီတန်း၍ ဆန္ဒထုတ်ဖော်ကြကြောင်းနှင့် နံနက် ၉ နာရီ မိနစ် ၄၀ တွင် မိမိတို့နေရပ် အသီးသီးသို့ အေးချမ်းစွာ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ထားဝယ်ခရီးစဉ်မှလွဲ၍ ကျန်ရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲနေ

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်ဘူတာကြီးမှ မြန်မာနိုင်ငံ အထက်ပိုင်း၊ အောက်ပိုင်းပြေးဆွဲလျက်ရှိသော ရထားခရီးစဉ်များအနက် ရန်ကုန်-မော်လမြိုင်နှင့် ရန်ကုန်-ထားဝယ် ခရီးစဉ်လမ်းပိုင်းမှလွဲ၍ ကျန်ခရီးစဉ်များအားလုံး ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

မိုးများ သည်းထန်စွာရွာသွန်းပြီး ရထားလမ်း ရေကျော်မှုများဖြစ်ခဲ့သည့်အတွက် ဇူလိုင် ၂၇ ရက်မှစတင်ကာ မြန်မာ့မီးရထား၏ ခရီးစဉ်လမ်းပိုင်းအချို့ကို ယာယီရပ်နားထားခဲ့ရသည်။ ရေများ ပြန်လည်ကျဆင်းပြီးနောက် ရထားသွားလာရန် စိတ်ချရသောလမ်းပိုင်းများကို ရထားများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲခဲ့သည်။ ရန်ကုန်- ပဲခူးလမ်းပိုင်း၌ ဇူလိုင် ၃၀ ရက်တွင် လမ်းပြန်ပွင့်သွားခဲ့ပြီး ဇူလိုင် ၃၁ ရက်မှစတင်ကာ ပုံမှန်ပြန်လည်ပြေးဆွဲခဲ့ကြောင်း သိရသည်။ ရန်ကုန်-ပုဂံခရီးလမ်းပိုင်းမှာ ဩဂုတ် ၁ ရက်မှ ၄ ရက်အထိ ယာယီရပ်နားခဲ့သော်လည်း ဩဂုတ် ၅ ရက်မှစတင်ကာ ရထားများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။



မြန်မာနိုင်ငံအောက်ပိုင်း ခရီးလမ်းပိုင်းများဖြစ်သော ရန်ကုန်-မော်လမြိုင်နှင့် ရန်ကုန်-ထားဝယ်ခရီးစဉ်တို့မှာမူ ယာယီရပ်နားထားကြောင်း သိရသည်။ ဇူလိုင် ၂၇ ရက်၌ ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်း ရေကျော်ခဲ့ချိန်၌ တံတားအမှတ် ၇၄ တွင် ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့သည့်အတွက် ရထားခရီးစဉ်များ ဆက်လက်ရပ်နားထားခြင်းဖြစ်သည်။

"နှင်းပုလဲ - ဒုံဝန်းကြားလမ်းပိုင်းက တာပေါင်တွေ ရေတိုက်စားတာပါ။ အဲဒီလို ရေတိုက်စားသွားတာက လေးနေရာလောက်ရှိတယ်။ တချို့နေရာတွေမှာ အနက်က ငါးပေလောက် ပါသွားတယ်။ အဲဒီလိုပါသွားတဲ့နေရာတွေကို ကျောက်ကြီးတွေချ၊ မြေဖို့တာတို့ လုပ်ရပါတယ်။ အခုအဲဒီတာပေါင်တွေ ပြင်တဲ့အပိုင်းတော့ ပြီးသွားပါပြီ။ ကျန်နေတာက တံတားအမှတ် ၇၄ က ရေလယ်တိုင်က ရေထဲပါသွားတော့ ကျွန်တော်တို့ တံတားကို ပြင်ရပါတယ်။ အဲဒါကလည်း ရေကျတဲ့အထိ စောင့်ပြီး စပြင်နေပါပြီ။ လမ်းပိုင်းဖွင့်ဖို့ကတော့ နောက်ထပ် ၁၀ ရက်လောက် မှန်းထားပါတယ်"ဟု မြန်မာ့မီးရထား တိုင်း(၇)၊ မန်နေဂျာ(သွားလာရေး/တိုင်း) ဦးဇော်လွင်က ပြောကြားသည်။

ထိုကဲ့သို့ ရန်ကုန်-မော်လမြိုင်ခရီးစဉ်လမ်းပိုင်းရှိ နှင်းပုလဲ - ဒုံဝန်းဘူတာကြား ရထားလမ်းပိုင်းစဉ် ပြတ်တောက်မှုကြောင့် ရန်ကုန်ဘူတာကြီးမှ ရန်ကုန်-မော်လမြိုင် ပုံမှန်ပြေးဆွဲလျက်ရှိသော ၃၅-၃၆ အစုန်အဆန်ရထားများ၊ ရန်ကုန်နှင့် ထားဝယ်ပြေးဆွဲလျက်ရှိသော ၁၇၅-၁၇၆ အစုန်အဆန်ရထားများ ခေတ္တရပ်နားထားပြီး ရန်ကုန်-နှင်းပုလဲဘူတာအကြား အစုန်အဆန်ရထား နှစ်စင်း၊ မော်လမြိုင် - ထားဝယ်အကြား အစုန်အဆန် ရထားနှစ်စင်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

အရိပ်လည်းရ ဝန်းကျင်လှ
သစ်ပင်စိုက်ပျိုးကြ

# ရခိုင်ပြည်နယ်၌ လူထုစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် မကြာမီစတင်ဆောင်ရွက်မည်

**စစ်တွေ ဩဂုတ် ၉**
ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တစ်ခုဖြစ်သည့် ပြည်သူလူထုစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်ကို USAID ပံ့ပိုးကူညီမှုဖြင့် မကြာမီ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် အမေရိကန်နိုင်ငံ တကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (United State Agency for International Development -USAID) ကိုယ်စားလှယ်အဖွဲ့တို့ ယမန်နေ့က ပြည်နယ်အစိုးရရုံး ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

" USAID အနေနဲ့ ပြည်သူလူထု စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုတဲ့ အစီအစဉ်ကို မကြာခင်စတင်တော့မှာ ဖြစ်ပါတယ်။ အဲဒီစတင်တော့မယ့် အစီအစဉ်ဟာ အမေရိကန်ဒေါ်လာ ၄၈ သန်း အထောက်အပံ့ကို ငါးနှစ်စာကာလ ဒေသသုံးခုအတွက် ကျေးလက်ဒေသတွေမှာရှိတဲ့ ပြည်သူလူထုအတွက် ရည်ရွယ်ပြီးတော့ ကျေးရွာကော်မတီတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ ဆက်စပ်ပြီး စွမ်းဆောင်ရည်မြှင့်မားရေးအတွက် သင်တန်းတွေ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှာ ဆောင်ရွက်မှာဖြစ်ပြီး ရခိုင်ပြည်နယ်မှာစတင်ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု USAID ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ညွှန်ကြားရေးမှူး Ms. Teresa McGhie ကပြောသည်။

USAID အနေဖြင့် ၂၀၁၂ ခုနှစ်မှစ၍ ယနေ့အထိ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများအတွက် သုံးစွဲမှုမှာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ အထိသုံးစွဲခဲ့ကြောင်း၊ လူသားချင်းစာနာမှုအစီအစဉ်များထက် လူထုဖွံ့ဖြိုးရေး စီမံချက်အစီအစဉ်များကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်သည် ရေမြေသဘာဝအရ မွေးမြူရေးနှင့်ရေလုပ်ငန်းများ ကောင်းမွန်သောဒေသဖြစ်ခြင်းကြောင့် နည်းပညာအသစ်များကို ဒေသရေလုပ်ငန်းလုပ်ကိုင်နေသူများနှင့် မိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် စိုက်ပျိုး မွေးမြူရေးမြှင့်တင်ရေးလုပ်ငန်းများလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီမှ လူမှုရေးဝန်ကြီးဒေါက်တာချမ်းသာနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး USAID ကူညီထောက်ပံ့ရေးအစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ၂၀၁၈ ခုနှစ်အတွက် ပထမဦးဆုံး ကြိုးကြာခေါင်းနီအကောင်ပေါက်ငယ်ကို မအူပင်မြို့အနီး တွေ့ရှိ

**နေပြည်တော် ဩဂုတ် ၉**
၂၀၁၈ ခုနှစ်အတွက် ပထမဦးဆုံး ကြိုးကြာခေါင်းနီ အကောင်ပေါက်ငယ်ကို မအူပင်မြို့အနီး ယမန်နေ့က မှတ်တမ်းတင်တွေ့ရှိခဲ့ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံ အစီအစဉ်)မှ သိရသည်။

ကြိုးကြာခေါင်းနီများသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာမှာလည်း မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော မျိုးစိတ်ဖြစ်ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အကောင် ၂၀၀ မှ ၄၀၀ ကြားကျန်ရှိသည်ဟု ခန့်မှန်းထားသည်။

သစ်တောဦးစီးဌာန မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံ အစီအစဉ်)တို့ ပူးပေါင်း၍ ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းရေးဆောင်ရွက်လျက်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများဖြစ်သည့် ဝါးခယ်မ၊ မအူပင်၊ ပန်းတနော်နှင့် အိမ်မဲမြို့နယ်တို့တွင် ကြိုးကြာခေါင်းနီ သုတေသနလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သည်။



၂၀၁၇ ခုနှစ်အတွင်း မအူပင်မြို့တွင် ကျေးရွာ ၂၀၊ ဝါးခယ်မမြို့တွင် ၁၄ ရွာ၊ ပန်းတနော်မြို့တွင် ၁၁ ရွာနှင့် အိမ်မဲမြို့တွင် ၁၈ ရွာ ပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ပြီး ယခုနှစ်တွင် မအူပင်မြို့နယ်၌၂၄ ရွာ၊ ဝါးခယ်မတွင်၂၂ ရွာ၊ ပန်းတနော်တွင် ၁၅ ရွာ၊ အိမ်မဲတွင် ၂၂ ရွာ ပြုလုပ်မည်ဖြစ်သည်။ ယင်းတို့၏ မိတ်လိုက်မျိုးပွားရာသီမှစတင်၍ ကြိုးကြာခေါင်းနီ အသိုက်နှင့် ဥများ စတင်သုတေသနပြုမှတ်တမ်းတင်လျက်ရှိကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ သိရသည်။

အဆိုပါ ကြိုးကြာခေါင်းနီများ သုတေသနလုပ်ငန်းကို ၂၀၁၆ ခုနှစ်တွင် ဒေသခံအနည်းငယ်ကိုမေး၍ သုတေသနပြုလုပ်ခဲ့ရာ ကြိုးကြာခေါင်းနီအသိုက် ၃၃ ခု၊ ၂၀၁၇ ခုနှစ်တွင် ဒေသခံများနှင့် ပူးပေါင်း၍ သုတေသနပြုလုပ်ခဲ့ရာ ကြိုးကြာခေါင်းနီအသိုက် ၁၃၈ ခုအထိ တွေ့ရှိထားကြောင်း သိရသည်။

ယခုနှစ်တွင်လည်း ဒေသခံများနှင့် ပူးပေါင်းပြီး သုတေသနပြုလုပ်ရာ ယခင်နှစ်များထက် ကြိုးကြာအသိုက်သတင်းပေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများမှာ ပိုမိုပူးပေါင်းပါဝင်လာမည်ဟု ကြိုးကြာ ထိန်းသိမ်းရေးသမားများက ယုံကြည်လျက်ရှိသည်။

ထို့ကြောင့် ကြိုးကြာခေါင်းနီ ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကာ ကြိုးကြာခေါင်းနီငှက်သိုက်များ တွေ့ရှိပါက ဦးသက်ဇော်နိုင်(WCS) ဖုန်း ၀၉-၈၆၁၆၉၈၀၊ ဦးပြည့်ဖြိုးအောင် (WCS) ဖုန်း- ၀၉-၂၅၀၀၅၈၉၃၁ နှင့် WCS ရုံးဖုန်း- ၀၁-၅၃၅၇၁၁ သို့ ဆက်သွယ်သတင်းပေးနိုင်ကြောင်း သိရသည်။

**ဇင်ဦး (မြန်မာ့အလင်း)**
**ဓာတ်ပုံ - သက်ဇော်နိုင် (WCS)**

# မကွေးတိုင်းဒေသကြီးအတွင်း မြို့ဝင်ဘီးခွန်ကောက်ခံခြင်းကို ရပ်ဆိုင်းမည်

**မကွေး ဩဂုတ် ၉**
မကွေးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးအဖွဲ့များ၏ အရပ်ရပ်လိုင်စင်ခွန်ရငွေ ကျပ်သိန်းပေါင်း ၁၇၀၀၀ ခန့် ပိုမိုရရှိလာသဖြင့် ဒေသခံပြည်သူများ၏ ဆန္ဒနှင့်အညီ မြို့ဝင်ဘီးခွန်ကောက်ခံခြင်းလုပ်ငန်းများကို ရပ်ဆိုင်းသွားမည်ဖြစ်ပြီး လာမည့် အောက်တိုဘာ ၁ ရက်မှစ၍ မြို့ဝင်ဘီးခွန်ကောက်ဂိတ်များကို ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

"မြို့ဝင်ဘီးခွန်ကောက်လုပ်ငန်းအနေနဲ့ မနှစ်က သိန်းပေါင်းတစ်သောင်းကျော်ဝင်ခဲ့ပါတယ်။ တိုင်းဒေသကြီးမှာ စည်ပင်သာယာရဲ့ အရပ်ရပ် လိုင်စင်ခွန်ကလည်း သိန်းပေါင်း ၁၇၀၀၀ လောက်တိုးလာပါတယ်။ အဲဒီလို အခွန်ရငွေတွေ အရင်ကထက် တိုးလာတာကြောင့် ပြည်သူတွေရဲ့ဆန္ဒကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ မြို့ဝင်ဘီးခွန်ကောက်ကို ဖျက်သိမ်းလိုက်ခြင်း ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက ပြောသည်။

အစိုးရသစ်လက်ထက်တွင် မကွေးတိုင်းဒေသကြီးအတွင်း၌ မြို့ဝင်ဘီးခွန်ကောက်ခြင်းကို ဆိုင်ကယ်များအတွက် ကင်းလွတ်ခွင့်ပြုခဲ့သော်လည်း စည်ပင်သာယာ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် ငွေပမာဏ လိုအပ်ချက်ရှိနေသေးသောကြောင့် ကားများကို မြို့ဝင်ဘီးခွန် ကောက်ခံခဲ့ရကြောင်း၊ ယခုမှသာ ပြည်သူ့ဆန္ဒနှင့်အညီ ဆိုင်ကယ်နှင့် ကားမြို့ဝင်ဘီးခွန်ကောက်များကို ဖျက်သိမ်းနိုင်ခြင်းဖြစ်ကြောင်း၊ မြို့ဝင်ကြေးဘီးခွန်ကောက်ဂိတ်များအားလုံးကို ဖယ်ရှားမည်ဆိုသော်လည်း လိုင်စင်သက်တမ်းတိုးသည့်အခါတွင် ဘီးခွန်ကောက်ခံမှု ရှိနေဦးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"မြို့ဝင်ဘီးခွန်ကောက်တဲ့ဂိတ်တွေ တိုင်းဒေသကြီးထဲမှာ ၄၄ ဂိတ်ရှိပါတယ်။ တင်ဒါရငွေက သိန်းပေါင်း တစ်သောင်းလောက်ရှိပါတယ်။ ဘီးခွန်ဝင်ငွေ မရှိတော့ပေမယ့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ စည်ပင်သာယာရေးအဖွဲ့တွေအတွက် ထပ်ပြီးပေးထားတဲ့ ငွေက ကျပ်သိန်းပေါင်း လေးသောင်းရှိပါတယ်။ဘီးခွန်ကနေ ဝင်ငွေလျော့သွားပေမယ့် လုပ်ငန်းတွေ လျော့ကျသွားမှာ မဟုတ်ပါဘူး။ ကျန်တဲ့နေရာတွေကနေ အခွန်ငွေတွေ တိုးရအောင်လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးထင်အောင်က ပြောသည်။

ဇူလိုင် ၃၁ ရက်က ကျင်းပသည့် မကွေးတိုင်းဒေသကြီးအစိုးရ အစည်းအဝေးမှတ်တမ်း အမှတ်စဉ် (၃၀/၂၀၁၈) ဆုံးဖြတ်ချက် အပိုဒ်(၆၀)အရ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ မြို့ဝင်ဘီးခွန်ကောက်များကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်၍ ဖျက်သိမ်းသွားရန် တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက ဩဂုတ် ၆ ရက်က လက်မှတ်ရေးထိုး၍ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးထံ အကြောင်းကြားခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အာဟာရကျွေး

**ပျဉ်းမနား ဩဂုတ် ၉**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် အ.မ.က(၆) မူလွန်ကျောင်းရှိ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ယမန်နေ့က ဖွေး မိသားစုမှ အာဟာရကျွေးမွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီချိုက ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် အသိပညာပေးဟောပြောပြီး အာဟာရကျွေးမွေးလှူဒါန်းသော ဖွေးမိသားစုမှ ဦးစည်သူက ကျေးဇူးတင်စကားပြောကြားကာ ကျောင်းသားကျောင်းသူ ၆၅၀ အား နတ်သုဒ္ဓါအာဟာရ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# ဈေးကွက်ပေါက်ဈေး

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၉-၈-၂၀၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၅/၉၄၀ ကျပ် | ၉၆၀/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၅/၉၅၀ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၉၀/၉၁၀ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၃၅/၉၆၀ ကျပ် | ၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၃၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၆၈ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၅၄ · ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၆၀ · ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၉၀ · ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၈ · ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ · ၄၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၉၅၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ · ၄၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၂ · ၆၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ · ၂၈၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**
**၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# 2018-2019 EPL WEEK-1



ဝေမိုးဆက်

# ပွဲကောင်းများစွာနဲ့ ပရီမီယာလိဂ်ကန့်လန့်ကာအဖွင့်

လာမယ့် ဩဂုတ်လ ၁၁ ရက်နေ့မှာတော့ ၂၀၁၈-၁၉ ရာသီပရီမီယာလိဂ် ပြိုင်ပွဲကြီးကို စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ မန်ယူနဲ့ လက်စတာ၊ အာဆင်နယ်နဲ့ မန်စီးတီး၊ လီဗာပူးနဲ့ ဝက်စ်ဟမ်းတို့ဆုံတွေ့နေတဲ့ ပွဲကောင်းတွေ ပါဝင်နေတာကြောင့် ပရီမီယာလိဂ်ပြိုင်ပွဲဟာ တာထွက်ချိန်ကတည်းက စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ အထူးသဖြင့် အာဆင်နယ်နည်းပြ အမ်မရီအနေနဲ့ သူ့ရဲ့အဖွင့်ပွဲမှာ မန်စီးတီးနဲ့ရင်ဆိုင်ရမှာဖြစ်တာကြောင့် အဖွင့်လှမလား စောင့်ကြည့်ရမယ်။

## ယမန်နှစ် ဂိုးအများဆုံးသွင်းခဲ့သူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဆာလက် | (လီဗာပူး) | ၃၂ ဂိုး |
| ဟယ်ရီကိန်း | (စပါး) | ၃၀ ဂိုး |
| အဂူရို | (မန်စီးတီး) | ၂၁ ဂိုး |
| ဗာဒီ | (လက်စတာ) | ၂၀ ဂိုး |
| စတားလင်း | (မန်စီးတီး) | ၁၈ ဂိုး |

### မန်ယူ Vs လက်စတာ

ကစားမည့်အချိန် နံနက် ၁း၃၀ (၁၁-၈-၁၈) Old Trafford

နောက်ဆုံးဆုံတွေ့မှု - လက်စတာ ၂ - ၂ မန်ယူ

မန်ယူကလက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ မတည်ငြိမ်သေးဘူးလို့ ဆိုနိုင်ပါတယ်။ အင်တာနေရှင်နယ်ချန်ပီယံဖလားပွဲမှာ ဆန်းချက်ဇ်၊ မာတာတို့ကို အသုံးပြုခဲ့ပေမယ့်လည်း ခြေစွမ်းပိုင်းထက်မြက်မှုမရှိခဲ့ပါဘူး။ ဒီပွဲမှာ မာတစ်ပါဝင်ဖို့ မသေချာတာကြောင့်လည်း မန်ယူခြေစွမ်းကတိုးတက်လာဖို့ခက်ပါတယ်။ လက်စတာကအသင်းလိုက်စွမ်းဆောင်ရည်ကောင်းတဲ့အသင်းဖြစ်ပါတယ်။ မန်ယူအဖွင့်ပွဲမှာအနိုင်ရအောင် အားစိုက်ကစားဖို့ရှိပေမယ့် ဂိုးပြတ်နိုင်ဖို့တော့ခက်ပါတယ်။

### ဘုန်းမောက် Vs ကာဒစ်ဖ်

ကစားမည့်အချိန် ည ၈း၃၀ (၁၁-၈-၁၈) Vitality Stadium

နောက်ဆုံးဆုံတွေ့မှု - ဘုန်းမောက် ၁-၀ ကာဒစ်ဖ်

တန်းတက်အသင်းပီပီ ကာဒစ်ဖ်တို့အဖွင့်ပွဲမှာအမှတ်ရအောင် အားစိုက်ကစားလာမှာက သေချာတယ်။ ဒါပေမယ့် ဘုန်းမောက်ကလည်း အိမ်ကွင်းအဖွင့်ပွဲမှာ အမှတ်ပြည့်ရယူနိုင်ဖို့ ကြိုးစားလာမှာဖြစ်တယ်။ နှစ်သင်းစလုံးအသင်းလိုက် စွမ်းဆောင်ရည်ကို အမှီပြုကစားတတ်တဲ့အသင်းတွေဖြစ်ပေမယ့် အတွေ့အကြုံနဲ့ကစားသမားအင်အားပိုင်းမှာ ဘုန်းမောက်က အားသာမှုရှိတယ်။ ဒါကြောင့်လည်း ကာဒစ်ဖ်တို့အမြင့်ဆုံး သရေလောက်သာ ရယူနိုင်ဖို့ရှိတယ်။

### ဟတ်ဒါဖီးလ် Vs ချယ်လ်ဆီး

ကစားမည့်အချိန် ည ၈း၃၀ (၁၁-၈-၁၈) The John Smith's

နောက်ဆုံးဆုံတွေ့မှု - ချယ်လ်ဆီး ၁-၁ ဟတ်ဒါဖီးလ်

ရာသီအစမှာ အသင်းငယ်လေးတွေနဲ့ ရင်ဆိုင်ရခြင်းက တစ်ခါတစ်ရံခက်ခဲတတ်တယ်။ ချယ်လ်ဆီးက အင်တာနေရှင်နယ်ပွဲအပါအဝင် ပွဲဆက်တွေများကာ ပွဲပန်းနိုင်တယ်။ ဟာဇက်၊ ကော့တွိုက်စ်တို့ရဲ့အနာဂတ်ကလည်း မတည်ငြိမ်သေးလို့ ချယ်လ်ဆီးလူစုံဖို့ခက်တယ်။ ဟတ်ဒါဖီးလ်က အဖွင့်မှာ အိမ်ကွင်းဖြစ်တာကြောင့် အမှတ်ရယူနိုင်ဖို့ အားစိုက်ကစားမှာဖြစ်သလို အသင်းလိုက်စွမ်းဆောင်ရည်လည်း ကောင်းတယ်။ ချယ်လ်ဆီးကပ်ပြီးသာနိုင်မယ်။

### လီဗာပူး Vs ဝက်စ်ဟမ်း

ကစားမည့်အချိန် ည ၇း၀၀ (၁၂-၈-၁၈) Anfield

နောက်ဆုံးဆုံတွေ့မှု - လီဗာပူး ၄-၁ ဝက်စ်ဟမ်း

ဒီရာသီမှာ ပြင်ဆင်မှုအားအကောင်းဆုံး နှစ်သင်းဆုံတဲ့ပွဲပါ။ ဒါပေမယ့် အားဖြည့်ပုံချင်းတော့ မတူပါဘူး။ ဝက်စ်ဟမ်းက အပြောင်းအလဲများလွန်းတယ်လို့ဆိုနိုင်ပြီး မန်နေဂျာပါပြောင်းလဲထားတာကြောင့် ခြေစမ်းပွဲတွေမှာပါ ခြေစွမ်းပိုင်း မတည်ငြိမ်တာကို တွေ့ရပါတယ်။ လီဗာပူးကတော့ လိုအပ်တဲ့နေရာတွေမှာသာ အကောင်းဆုံးတွေနဲ့ အားဖြည့်ထားလို့ အသင်းလိုက်ခြေစွမ်းက အကောင်းဆုံးဖြစ်နေပါတယ်။ အိမ်ကွင်းမှာ လီဗာပူးပဲ အနိုင်ရမယ်။

### ကာဆယ် Vs စပါး

ကစားမည့်အချိန် ည ၆း၃၀ (၁၁-၈-၁၈) St. James' Park

နောက်ဆုံးဆုံတွေ့မှု - စပါး ၁-၀ ကာဆယ်

စပါးက လက်ရှိအချိန်မှာ အသင်းကိုထိရောက်တဲ့ အားဖြည့်မှုတွေပြုလုပ်နိုင်ခြင်း မရှိပါဘူး။ ဒါပေမယ့် အဓိကကစားသမားအားလုံးကိုအသင်းမှာ ဆက်ထိန်းထားနိုင်တဲ့အပြင် အသင်းလိုက်ဟန်ချက်လည်း အကောင်းဆုံးဖြစ်လာနိုင်ပါတယ်။ ဒါပေမယ့် စပါးအနေနဲ့ ကမ္ဘာ့ဖလား ပွဲကစားခဲ့တဲ့ကစားသမားတွေကို အသုံးပြုလာနိုင်ဖို့မသေချာတာကြောင့် ကာဆယ်ရဲ့အိမ်ကွင်းတုံ့ပြန်အားကို ခက်ခက်ခဲခဲကျော်ဖြတ်ရနိုင်တယ်။ စပါးဂိုးပြတ်နိုင်ဖို့ခက်တယ်။

### ဖူလ်ဟမ် Vs ပဲလေ့စ်

ကစားမည့်အချိန် ည ၈း၃၀ (၁၁-၈-၁၈) Craven Cottage

နောက်ဆုံးဆုံတွေ့မှု - ဖူလ်ဟမ် ၃-၁ ပဲလေ့စ်

တန်းတက်အသင်းဖြစ်တဲ့ ဖူလ်ဟမ်ကအဖွင့်ပွဲလည်းဖြစ်၊ အိမ်ကွင်းလည်းဖြစ်နေလို့ ဒီပွဲမှာ အမှတ်ပြည့်ရယူနိုင်ဖို့အားစိုက်လာမှာ သေချာတယ်။ ဖူလ်ဟမ်ရဲ့ခြေစမ်းပွဲတွေကခြေစွမ်းနဲ့ အသင်းကိုအားဖြည့်မှုတွေကလည်း မဆိုးဘူးလို့ ဆိုနိုင်တယ်။ ပဲလေ့စ်ကတော့ ဇာဟာတို့လို အဓိက ကစားသမားတွေပါဝင်လာရင် ထိုးဖောက်အားကောင်းတတ်ပေမယ့် ဇာဟာကအစ အနာဂတ် မတည်ငြိမ်လို့ လူစုံဖို့ခက်တယ်။ ဖူလ်ဟမ်အမှတ်ခွဲယူသွားနိုင်တယ်။

### ဝတ်ဖို့ဒ် Vs ဘရိုက်တန်

ကစားမည့်အချိန် ည ၈း၃၀ (၁၁-၈-၁၈) Vicarage Road

နောက်ဆုံးဆုံတွေ့မှု - ဘရိုက်တန် ၁-၀ ဝတ်ဖို့ဒ်

ဝတ်ဖို့ဒ်က မနှစ်ကရာသီမှာအားနည်းခဲ့တဲ့ တိုက်စစ်ပိုင်းကို လက်ရှိအချိန်အထိ ထိထိမိမိ အားဖြည့်နိုင်ခြင်း မရှိသေးဘူး။ အိမ်ကွင်းဖြစ်နေလို့ ဝတ်ဖို့ဒ်တို့အမှတ်ရအောင် အားစိုက်ကစားမှာဖြစ်ပေမယ့်လည်း ဘရိုက်တန်က အဝေးကွင်းမှာ ခံစစ်အားပြုကစားရင် ဝတ်ဖို့ဒ်ရဲ့တိုက်စစ်က ပိုမိုရုန်းကန်ရနိုင်တယ်။ ဒါပေမယ့် ဘရိုက်တန်ကလည်း တိုက်စစ်ပိုင်းဂိုးသွင်းခြေမတည်ငြိမ်တာကို တွေ့နေရပြန်တယ်။ နှစ်သင်းပေါင်း သွင်းဂိုးနည်းမယ့်ပွဲပါ။

### ဆောက်သမ်တန် Vs ဘန်လေ

ကစားမည့်အချိန် ည ၇း၀၀ (၁၂-၈-၁၈) St. Mary's Stadium

နောက်ဆုံးဆုံတွေ့မှု - ဘန်လေ ၁-၁ ဆောက်သမ်တန်

နှစ်သင်းစလုံးသိသိသာသာ အားဖြည့်ထားခြင်းမရှိပေမယ့်လည်း အဓိကကစားသမားတွေကိုတော့ ဆက်ထိန်းထားနိုင်ပါတယ်။ အထူးသဖြင့် ဆောက်သမ်တန်က အိမ်ကွင်းဖြစ်နေတဲ့အတွက် အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ ဘန်လေကတော့ အဝေးကွင်းမှာခံကစားပုံ ကောင်းမွန်တတ်တာမှန်ပေမယ့် ယူရိုပါလိဂ်ပွဲတွေကစားနေရတဲ့အတွက် ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ ဆောက်သမ်တန်တိုက်စစ်ပိုင်းသာမန်သာရှိပေမယ့် နိုင်ပွဲကပ်ရနိုင်တယ်။

### ဝုဖ် Vs အဲဗာတန်

ကစားမည့်အချိန် ည ၁၁း၀၀ (၁၁-၈-၁၈) Molineux Stadium

နောက်ဆုံးဆုံတွေ့မှု - ဝုဖ် ၀-၀ အဲဗာတန်

တန်းတက်အသင်းတွေအထဲမှာတော့ ဝုဖ် ကအားဖြည့်မှုအထိရောက်ဆုံးပဲ။ မော်တင်ညိုလို ဝါရင့်ပုံရိပ်ကောင်းကစားသမားကိုရရှိခဲ့တာကြောင့်လည်း စိတ်ဓာတ်ပိုင်းအကောင်းဆုံးဖြစ်နေနိုင်တယ်။ အိမ်ကွင်းလည်းဖြစ်လို့ ဝုဖ်တို့အဖွင့်မှာ အမှတ်ရအောင်အားစိုက်ကစားမှာလည်း သေချာနေတယ်။ အဲဗာတန်ကတော့ အားဖြည့်မှုတွေနောက်ကျခဲ့တာကြောင့် အသင်းလိုက် စွမ်းဆောင်ရည်တည်ငြိမ်ဖို့ခက်တယ်။ ဝုဖ်သရေ ကစားသွားနိုင်ခြေရှိတယ်။

### အာဆင်နယ် Vs မန်စီးတီး

ကစားမည့်အချိန် ည ၉း၃၀ (၁၂-၈-၁၈) Emirates Stadium

နောက်ဆုံးဆုံတွေ့မှု - အာဆင်နယ် ၀-၃ မန်စီးတီး

မန်စီးတီးက ကွန်မြူနတီဒိုင်းပွဲမှာတောင် ဒီဘရူနီ၊ စတာလင်း၊ ဆေးလ်ဗားတို့မပါဝင်ဘဲ ချယ်လ်ဆီးကိုအနိုင်ကစားနိုင်ခဲ့တယ်။ ဒီပွဲမှာလည်း အဆိုပါကစားသမားတွေပါဝင်ဖို့မသေချာပေမယ့် အဂွဲရို၊ ဆာနေးတို့နဲ့ အကောင်းဆုံးခြေစွမ်းကို ပြသလာနိုင်တယ်။ ဒါပေမယ့်လည်း ဒီပွဲက အမ်မရီရဲ့ အဖွင့်ပွဲဖြစ်သလို အမ်မရီကလည်း ခြေစမ်းပွဲတွေမှာ အသင်းကို လူစုံတက်စုံနဲ့ စိတ်တိုင်းကျ အထိုင်ချထားနိုင်တယ်။ မန်စီးတီးနိုင်ရင်တောင် ဂိုးပြတ်ဖို့ခက်လွန်းတယ်။

## လေ့လာဆန်းစစ်မှုတစ်ခုအရ ၂၀၁၇-၁၈ ခုနှစ် ပရီမီယာလိဂ်၏ ကံအကောင်းဆုံးအသင်းအဖြစ် မန်ယူရပ်တည်ခဲ့

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် လေ့လာဆန်းစစ်မှုတစ်ခု အရ ၂၀၁၇-၁၈ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲဝင်ကလပ်အသင်းများအနက် ကံကောင်းမှုအရှိဆုံးအသင်းအဖြစ် ရပ်တည်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ ဆန့်ကျင်ဘက်အနေဖြင့် အဆိုပါ ပရီမီယာလိဂ်ရာသီတွင် ကံအဆိုးဆုံးအသင်းမှာ လီဗာပူးအသင်းဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

အဆိုပါ လေ့လာဆန်းစစ်မှုအား ပရီမီယာလိဂ် ဒိုင်လူကြီးဟောင်းတစ်ဦးဖြစ်သူ ပီတာဝါလ်တန်၏ အကူအညီဖြင့် ESPN၊ Intel နှင့် University of Bath တို့က ပူးပေါင်းပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လေ့လာဆန်းစစ်မှုပြုလုပ်ရာတွင် ၂၀၁၇-၁၈ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲမှ ပွဲစဉ်တိုင်းကို ပြန်လည်ကြည့်ရှုခြင်း၊ ကွင်းလယ်ဒိုင်များက ခွင့်မပြုခဲ့သည့် ဂိုးများ၊ မပေးသင့်ဘဲ ပေးမိခဲ့သည့် ပယ်နယ်တီများ၊ အနီကတ်မှားယွင်းပြသမိမှုများ၊ ကိုယ့်ဂိုးကိုယ်သွင်းမိမှုများ ပြန်လည်ကြည့်ရှုလေ့လာကာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းမန်နေဂျာ မော်ရင်ညိုက ၂၀၁၇-၁၈ ခုနှစ် ပရီမီယာလိဂ် ပြိုင်ပွဲတွင် တာဝန်ယူခဲ့သည့် ဒိုင်လူကြီးများအပေါ် ဝေဖန်ပြောဆိုမှုများ ပြုလုပ်ခဲ့သော်လည်း အဆိုပါ လေ့လာဆန်းစစ်မှုအရ ကံအကောင်းဆုံးအသင်းဖြစ်ခဲ့သည်ကို တွေ့ရှိခဲ့ရသည်ဟုဆိုသည်။ မန်ယူအသင်းသည် ၂၀၁၇-၁၈ ခုနှစ် ပရီမီယာလိဂ်ရာသီတွင် ရမှတ် ၈၁ မှတ်ဖြင့် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သော်လည်း လေ့လာဆန်းစစ်မှုရလဒ်အရ မန်ယူအသင်းရရှိသည့် ရမှတ်မှာ ၇၅ မှတ်သာဖြစ်ပြီး အမှန်တကယ် ရရှိခဲ့သည့် ၆ မှတ်အထိ လျော့နည်းနေခဲ့ခြင်းဖြစ်သည်။ လီဗာပူးအသင်းသည် ပြီးခဲ့သည့် ပရီမီယာလိဂ်ရာသီတွင် ရမှတ်၇၅ မှတ်ဖြင့် အမှတ်ပေးဇယား၏ စတုတ္ထနေရာတွင် ရပ်တည်နိုင်ခဲ့သည့်အသင်း ဖြစ်သည်။ လေ့လာဆန်းစစ်မှုအရ လီဗာပူးအသင်းအနေဖြင့် နောက်ထပ် ရမှတ် ၁၃ မှတ် ပိုမိုရရှိသင့်ကာ စုစုပေါင်းရမှတ် ၈၇ မှတ်အထိ ရရှိသင့်သည်ကို တွေ့ရှိခဲ့ရသည်ဟုဆိုသည်။

လေ့လာဆန်းစစ်မှုပြုလုပ်ကာ ထွက်ပေါ်လာသည့် ရပ်တည်မှုဇယားတွင် လီဗာပူးအသင်းသည် ဒုတိယနေရာတွင် ရပ်တည်ခဲ့ကာ မန်ယူအသင်းမှာမူ အဆင့် ၄ နေရာသို့ ကျဆင်းခဲ့သည်။ အဆိုပါ လေ့လာဆန်းစစ်မှုအရ ထွက်ပေါ်လာသည့် ရပ်တည်မှုဇယားအရ ၂၀၁၇-၁၈ ခုနှစ် ပရီမီယာလိဂ်ရာသီ၌ ရမှတ် ၁၀၀ ဖြင့် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် မန်စီးတီးအသင်းသည် ထိပ်ဆုံးနေရာကို ပိုင်ဆိုင်ထားမြဲဖြစ်သော်လည်း လေ့လာဆန်းစစ်မှုအရ အမှတ်ရရှိမှုတွင် သုံးမှတ်လျော့ကျကာ ရမှတ် ၉၇ မှတ်သာရရှိခဲ့သည်။ **ထက်အောင်**

**ပြီးခဲ့တဲ့ဇွန်လကစပြီး ဘာစီလိုနာအသင်းရဲ့အားကစားဒါရိုက်တာအဖြစ် အဘီဒယ်ဖြစ်လာခဲ့တယ်။ သူ့ရဲ့လက်အောက်မှာတော့ ဘာစီလိုနာအသင်းဟာ ကစားသမားသစ် လေးဦးခေါ်ယူခဲ့ပြီး ငါးယောက်လောက်ကိုအသင်းကနေ ရောင်းထုတ်ခဲ့တယ်။ နောက်ဆုံးအနေနဲ့ ခေါ်ယူထားခဲ့တဲ့ကစားသမားကတော့ ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား ဗီဒဲလ်ဖြစ်တယ်။ ဗီဒဲလ်ဟာ ဘာစီလိုနာအသင်းကို သုံးနှစ်စာချုပ်နဲ့ ပြောင်းရွှေ့လာခဲ့ပေမယ့် ပြောင်းရွှေ့ကြေးကိုတော့ တရားဝင်ထုတ်ပြန်ခြင်း မရှိတာကို တွေ့ရပါတယ်။**

# ဘာစီလိုနာနဲ့အတူစောင့်ကြည့်ရမယ့် အော်သူရိုဗီဒဲလ်



● အောင်က

တကယ်တော့ ဘာစီလိုနာအသင်းအနေနဲ့ ဗီဒဲလ်ကိုခေါ်ယူတာကလည်း အသင်းကနေ တရုတ်ကိုအငှားနဲ့ သွားရောက်ကစားနေခဲ့တဲ့ ပေါ်လင်ညိုရဲ့နေရာမှာ အစားထိုးဖို့အတွက် ခေါ်ယူထားခဲ့တာလည်း ဖြစ်ပါတယ်။ ဘာစီလိုနာအသင်းအနေနဲ့ ဗီဒဲလ်ဟာ ပေါ်လင်ညိုရဲ့ ကစားပုံကစားဟန်တွေနဲ့တူတာကြောင့်လည်း အခုလို ခေါ်ယူရတာဖြစ်တယ်။ ကိုယ်ကာယပိုင်းကြံ့ခိုင်မှုရှိတာ၊ box-to-box ကစားနိုင်တာ၊ ဂိုးသွင်းနိုင်တဲ့အလေ့အကျင့်ကောင်းတွေရှိတာတွေကလည်း တူညီလွန်းတယ်။

ဒါ့အပြင် ဗီဒဲလ်ဟာ ကစားသမားကောင်းတစ်ဦးဖြစ်ရုံသာမက တိုးတက်မှုတွေကလည်း အဆက်မပြတ်တဲ့သူမျိုးလည်းဖြစ်တယ်။ ချီလီကွင်းလယ်ကစားသမားဗီဒဲလ်ဟာ ဘောလုံးပေးပို့မှုတွေ ကောင်းရုံသာမက သက်လုံပိုင်းကလည်း ကောင်းလွန်းတယ်။ ဒါပေမယ့်သူဟာ အပြင်းအထန် ကြိုးစားကစားမှုတွေကြောင့် သူ့ရဲ့ကလပ်အသင်းကစားသမားဘဝ ပွဲပေါင်း ၄၅၀ ကစားပြီးချိန်မှာတော့ အဝါကတ်က ၁၂၀ ကျော်နဲ့ အနီကတ်ကတော့ ငါးကြိမ်ထိထားခဲ့တယ်။ ဘောလုံးကိုကောင်းကောင်းကိုင်ကစားနိုင်ပြီး ဘယ်လိုဖိအားတွေရှိနေတဲ့အချိန်မျိုးမှာမဆို စိတ်အေးလက်အေးနဲ့ကစားနိုင်စွမ်းရှိတယ်။ အထူးသဖြင့် အမြင့်ဘောတွေမှာတော့ ကျွမ်းကျင်လွန်းသူတစ်ဦးလို့ ပြောရမယ်။

သူဟာ လေဗာကူဆင်၊ဂျူဗင်တပ်စ်၊ ဘိုင်ယန်မြူးနစ်အသင်းတို့နဲ့အတူကစားခဲ့တဲ့ ပွဲပေါင်း ၄၀၀ ကျော်အတွင်းမှာတော့ ငါးပွဲတိုင်းမှာ တစ်ဂိုးသွင်းယူနိုင်တဲ့ကစားသမားတစ်ဦးလည်း ဖြစ်တယ်။ ဒါကြောင့်လည်း သူ့လိုကစားသမားမျိုးဟာ ဘာစီလိုနာအသင်းနဲ့ အံဝင်မှုရှိလာနိုင်တယ်လို့တော့ ပြောရမယ်။ ဒါ့အပြင် ဗီဒဲလ်ရဲ့ အရည်အချင်းက နေရာမျိုးစုံမှာကစားနိုင်တာ ဖြစ်ပါတယ်။ သူဟာခံစစ်ပိုင်း လိုက်ပါကစားပေးနိုင်သလို လိုအပ်လာရင် တိုက်စစ်ပိုင်းလည်း ကစားပေးနိုင်သူမျိုး ဖြစ်ပါတယ်။

ဒါပေမယ့် ဗီဒဲလ်ကို ခေါ်ယူခြင်းဟာ ဘာစီလိုနာအသင်းအတွက်တော့ နှစ်ရှည်စီမံကိန်းတစ်ခုအတွက်မဟုတ်ဘဲ ကာလတိုအတွက် ခေါ်ယူတယ်လို့တော့ ပြောရမယ်။ ဘာစီလိုနာအသင်းဟာ ဇာဗီ၊ အင်နီယေစတာတို့ရဲ့လစ်လပ်နေရာကို အကောင်းဆုံးအစားမထိုးနိုင်သေးဘူး။ အဲဒီနေရာအတွက် ပေါ်လင်ညိုနဲ့ အန်ဒရီဂိုမက်ဇ်တို့ကို ခေါ်ယူခဲ့ပေမယ့် အလုပ်မဖြစ်ခဲ့ဘူး။ ဒါကြောင့် အသင်းအနေနဲ့ ကာလရှည်အတွက် မဟုတ်တာတောင် ကာလတိုမှာ အဲဒီနေရာတွေအတွက် ကောင်းကောင်းကစားနိုင်မယ့် ကစားသမားတစ်ဦး လိုအပ်နေခဲ့တယ်။ ဒါကြောင့် ဗီဒဲလ်ဟာ အဲဒီနေရာအတွက် ယာယီအစားထိုးသူလို့တောင် ပြောရမယ်။


ဒါကြောင့်လည်း ဘာစီလိုနာအသင်းဟာ ဗီဒဲလ်ကို သုံးနှစ်စာချုပ်နဲ့ ခေါ်ယူခဲ့တာလည်း ဖြစ်တယ်။

ဘာစီလိုနာအသင်းအနေနဲ့ အင်နီယေစတာနဲ့ ဇာဗီတို့ရဲ့ကွက်လပ်တွေကို အသက် ၃၀ အောက်ကစားသမားတွေနဲ့ ဖြည့်တင်းဖို့ကြိုးစားပေမယ့် ရှာဖွေနိုင်ခြင်းမရှိဘူး။ ရှိတဲ့ကစားသမားတွေကလည်း ပေါင်သန်း ၂၀-၃၀ ပေးဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အကောင်းဆုံးကစားသမားတွေဟာ အသက်ငယ်ရွယ်မှုနဲ့ ပေါင်းလိုက်မယ်ဆိုရင် အဲဒီကစားသမားရဲ့ ပြောင်းရွှေ့ကြေးဟာ အနည်းဆုံး ပေါင်သန်း ၁၀၀ ကျော်သွားပြီ။ ဒါကြောင့်လည်း ဘာစီလိုနာအသင်းဟာ အဲဒီလိုပြဿနာကို လတ်တလောဖြေရှင်းတဲ့အနေနဲ့ ဗီဒဲလ်ကို ခေါ်ယူလိုက်တာလည်းဖြစ်တယ်။

ဒါပေမယ့် ဗီဒဲလ်အနေနဲ့ အားနည်းချက်အနည်းငယ်တော့ရှိတယ်။ အဲဒါက ဒဏ်ရာပြဿနာလို့ပြောရမယ်။ သူဟာပြီးခဲ့တဲ့ ရာသီအတွင်း ဘိုင်ယန်မြူးနစ်အသင်းမှာဒဏ်ရာပြဿနာကြောင့် အသင်းမှာ ၁၅ ပွဲလောက်လွဲချော်ခဲ့တယ်။ အထူးဖြင့် သူ့ရဲ့ဒဏ်ရာက ဒူးဒဏ်ရာတွေဖြစ်တယ်။ ဒါကြောင့်လည်း တချို့ထိပ်တန်းအသင်းတွေက အသက် ၃၁ နှစ်ကျော်ပြီး ဒဏ်ရာပြဿနာရှိခဲ့တဲ့ သူကိုခေါ်ယူဖို့ စဉ်းစားနေခဲ့တာလည်း ဖြစ်တယ်။ ဒါပေမယ့် လက်ရှိ သူ့ရဲ့ ခြေစွမ်းတွေ၊ အတွေ့အကြုံတွေ၊ နည်းစနစ်ပိုင်းကောင်းမွန်မှုတွေကတော့ ဘာစီလိုနာအသင်းနဲ့အံဝင်မှုရှိလာနိုင်တယ်လို့ပြောရမယ်။ ဒါပေမယ့်ဘောလုံးလောကမှာက ဘယ်အရာကိုမှ တရားသေပြောလို့ မရတာကြောင့် မြက်ခင်းစိမ်းတွေပေါ်က ဗီဒဲလ်ရဲ့ခြေစွမ်းတွေကိုသာ ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ။

> ချီလီကွင်းလယ်ကစားသမား ဗီဒဲလ်ဟာ ဘောလုံးပေးပို့မှုတွေက ကောင်းရုံသာမက သက်လုံပိုင်းကလည်း ကောင်းလွန်းတယ်။ ဒါပေမယ့် သူဟာ အပြင်းအထန် ကြိုးစားကစားမှုတွေကြောင့် သူ့ရဲ့ကလပ်အသင်း ကစားသမားဘဝ ပွဲပေါင်း ၄၅၀ ကစားပြီးချိန်မှာတော့ အဝါကတ်က ၁၂၀ ကျော်နဲ့ အနီကတ်ကတော့ ငါးကြိမ်ထိထားခဲ့တယ်။

# ရီးရဲကစားသမားဘဝကို အဆုံးသတ်ရန် မိုဒရစ် စဉ်းစားဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်လာ


EPA

စပိန်လာလီဂါကလပ် ရီးရဲမက်ဒရစ်အသင်း ကွင်းလယ်ကစားသမား လုကာမိုဒရစ်သည် ယခုနွေရာသီအတွင်း ရီးရဲအသင်းမှ ထွက်ခွာရန် စဉ်းစားလာဖွယ်ရှိကြောင်း ထင်ကြေးပေးသတင်းများ ထွက်ပေါ်လျက်ရှိသည်။

ခရိုအေးရှားကစားသမား မိုဒရစ်အား အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းက အခွင့်အရေး အလွန်ကောင်းမွန်သည့် ကမ်းလှမ်းမှုတစ်ရပ် ပြုလုပ်ခဲ့ပြီးနောက် ယခုကဲ့သို့ ထင်ကြေးပေးသတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။ အသက် ၃၂ နှစ် အရွယ်ရှိ ကွင်းလယ်ကစားသမား မိုဒရစ်သည် ရီးရဲမက်ဒရစ်အသင်းနှင့် ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုထားသူဖြစ်ကာ အဆိုပါ စာချုပ်အရ တစ်နှစ်လုပ်ခလစာအဖြစ် ပေါင် ၅ ဒသမ ၈ သန်း ရရှိနေသူဖြစ်သည်။

အင်တာမီလန်အသင်းသည် မိုဒရစ်အား တစ်နှစ်လုပ်ခငွေ ပေါင် ကိုးသန်းဖြင့် လေးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ကာ စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အင်တာမီလန်အသင်းနှင့် ချိတ်ဆက်မှုရှိသည့် တရုတ်စူပါလိဂ်ကလပ် Jiangsu Suning အသင်း၌ ပါဝင်ကစားရန် အခွင့်အရေး ရရှိစေမည်ဟု ကမ်းလှမ်းခဲ့ခြင်း ဖြစ်သည်။ အင်တာမီလန်အသင်း၏ ကမ်းလှမ်းမှုအရ မိုဒရစ်၏ လုပ်ခငွေပမာဏမှာ လက်ရှိရရှိနေသည့် လုပ်ခငွေထက် ၅၄ ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား မိုဒရစ်သည် အမေရိကန်ခြေစမ်းခရီးစဉ်မှ ရီးရဲအသင်းပြန်လည်ရောက်ရှိလာချိန်တွင် အသင်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသွားဖွယ်ရှိပြီး ရီးရဲအသင်းအနေဖြင့် အင်တာမီလန်မှ ကမ်းလှမ်းခဲ့သည့် လုပ်ခငွေနှင့်တန်းတူ ပေးချေမည်ဟု ကမ်းလှမ်းခဲ့ပါကမူ မိုဒရစ်သည် ရီးရဲမက်ဒရစ်အသင်း ကစားသမားအဖြစ်သာ ဆက်ရှိနေနိုင်သည်ဟု ဆိုသည်။

မိုဒရစ်သည် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခရိုအေးရှားအသင်းအတွက် ခြေစွမ်းပြကစားနိုင်ခဲ့ပြီးနောက် ၎င်းအား အခြားကလပ်အသင်းများက ခေါ်ယူရန် ကြိုးပမ်းလာနိုင်မှုများကို တားဆီးရန်အတွက် ရီးရဲအသင်းတာဝန်ရှိသူများက မိုဒရစ်၏ ပြောင်းရွှေ့ကြေးအား ပေါင်သန်း ၆၇၀ အထိ တိုးမြှင့်သတ်မှတ်ထားသည်။ ရီးရဲအသင်း၏ နာမည်ကျော် ကစားသမားတစ်ဦးဖြစ်သူ ခရစ္စတီယာနိုရော်နယ်ဒိုသည် ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီးနောက် မိုဒရစ်သည် ရီးရဲမက်ဒရစ်အသင်း ကစားသမားများအနက် ဂျာစီရောင်းချရမှု အများဆုံးကစားသမားတစ်ဦးအဖြစ် ရပ်တည်နေသူ ဖြစ်သည်။

၂၀၁၂ ခုနှစ် ဩဂုတ်လကုန်ပိုင်းတွင် စပါးမှ ရီးရဲသို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ဖြင့် ပြောင်းရွှေ့ခဲ့သူ မိုဒရစ်သည် ရီးရဲအသင်းနှင့်အတူ ချန်ပီယံလိဂ်ဆုဖလား လေးကြိမ်၊ စပိန်လာလီဂါချန်ပီယံဆုဖလား တစ်ကြိမ် အပါအဝင် ဆုဖလားများစွာ ရရှိထားသူဖြစ်သည်။

**ထက်အောင်**

# ဩစတြေးလျကလပ်အသင်းတစ်သင်းတွင် အူစိန်ဘို့ ခြေစွမ်းစမ်းသပ်မှု ခံယူမည်

ကမ္ဘာ့အမြန်ဆုံးလူသားအဖြစ် သတ်မှတ်ခံထားရသူ ဂျမေကာ တာတိုအပြေးသမားဟောင်း အူစိန်ဘို့သည် ဩစတြေးလျကလပ် Central Coast Mariners အသင်းတွင် အချိန်ကန့်သတ်မှုမရှိသည့် ခြေစွမ်းစစ်ဆေးမှု ခံယူခွင့်ရရှိခဲ့သောကြောင့် ပရော်ဖက်ရှင်နယ်ဘောလုံးသမားတစ်ဦးအဖြစ် ရပ်တည်လိုသည့် အူစိန်ဘို့၏ အိပ်မက် အမှန်တကယ်ဖြစ်ပေါ်လာရန် နီးစပ်မှုရှိလာခဲ့ပြီဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အိုလံပစ်ရွှေတံဆိပ်ဆု ရှစ်ခု ဆွတ်ခူးနိုင်ခဲ့သူ အူစိန်ဘို့ (၃၁ နှစ်)သည် အပြေးသမားဘဝမှ အနားယူခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ဘောလုံးသမားတစ်ဦးဖြစ်လာရန် ရည်မှန်းထားသည်ဟု ဖွင့်ဟပြောဆိုထားသူဖြစ်ကာ ဂျာမနီဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းအပါအဝင် ဥရောပကလပ် အသင်းအချို့တွင် လေ့ကျင့်မှုများ ပါဝင်ပြုလုပ်ခဲ့သူဖြစ်သည်။

ပရီမီယာလိဂ်ကလပ် မန်ယူအသင်း၏ ပရိသတ်တစ်ဦးဖြစ်သူ အူစိန်ဘို့က Central Coast Mariners အသင်း၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် "ကျွန်တော့်ကို အခုလို အခွင့်အရေးပေးခဲ့တဲ့ Central Coast Mariners အသင်းရဲ့တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ဘောလုံးသမားတစ်ဦးဖြစ်လာဖို့က ကျွန်တော့်အိပ်မက်ပါ။ ဒီလိုဖြစ်လာဖို့အတွက် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်မှုတွေ ပြုလုပ်ရမှာဖြစ်ပါတယ်။ Central Coast Mariners အသင်းရဲ့နည်းပြဖြစ်သူ မိုက်မူလ်ဗီနဲ့ ဖုန်းဆက်စကားပြောဆိုဖြစ်ချိန်မှာ သူက အသင်းရဲ့ ရည်မှန်းချက်တွေနဲ့ ရာသီသစ်အတွက် သူ့ရဲ့အစီအစဉ်တွေကို ပြောပြခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ Central Coast Mariners အသင်းအတွက် ကောင်းမွန်တဲ့ကူညီထောက်ပံ့မှုတွေ ပြုလုပ်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ နောက်ပြီး အဲဒီအသင်းက အခြားကစားသမားတွေ၊ နည်းပြအဖွဲ့တွေ၊ ပရိသတ်တွေနဲ့လည်း လာမယ့် သီတင်းပတ်တွေအတွင်း တွေ့ဆုံနိုင်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ ဘာမဆို ဖြစ်လာနိုင်တယ်၊ ကန့်သတ်ချက်မထားပါနဲ့ဆိုတဲ့စကားကို ကျွန်တော်အမြဲပြောလေ့ရှိပါတယ်။ ဒါကြောင့် စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ဖို့ ကျွန်တော် မျှော်လင့်နေတယ်"ဟု ပြောဆိုခဲ့သည်။

**ထက်အောင်**


AYA Bank
ရာဝတီဘဏ်
Your Trusted Partner
8th Anniversary
THE FASTEST
MOVING BANK OF MYANMAR
၈ နှစ်ပြည့်မြောက်ခြင်း နှစ်ပတ်လည်

stellar seven ENTERTAINMENT

# ကျေးဇူးတင်လွှာ

stellar seven ENTERTAINMENT

Stellar Seven Entertainment မှကြီးမှူးကျင်းပ၍ Myanmar Tourism Federation ၏ပံ့ပိုးကူညီမှုဖြင့် Miss Myanmar International 2018 Grand Final ပြိုင်ပွဲအခမ်းအနားကြီးကို ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ၁၂.၆.၂၀၁၈ ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပပြီးစီး ခဲ့ပါသည်။ Grand Final ပွဲ အခမ်းအနားကြီးတွင် အဘက်ဘက်မှ ပံ့ပိုးကူညီ အားပေးခဲ့ကြသူများကို လေးစားဂုဏ်ယူစွာဖြင့် မှတ်တမ်း တင်အပ်ပါသည်။ Grand Final ပွဲအခမ်းအနားတွင် အကဲဖြတ်ဒိုင်လူကြီးမင်းများအဖြစ် ကူညီပေးခဲ့ကြသော ဒေါ်ရီရီဝင်း - ဒုဥက္ကဋ္ဌ( မြန်မာနိုင်ငံအမျိုးသမီး အားကစား အဖွဲ့ချုပ်) ၊ ဒေါ်တင်မာမြင့် - အကြီးတန်းဥက္ကဋ္ဌ (မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များ အသင်း) ၊ ဦးမျိုးသွင် - ဒုဥက္ကဋ္ဌ (မြန်မာနိုင်ငံခရီးသွား လုပ်ငန်းဈေးကွက် မြှင့်တင်ရေး အသင်း)၊ အလုပ်အမှုဆောင် (မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်)၊ ဓါတ်ပုံဦးမိုးမင်း (Rays Photo Studio)၊ Fashion Designer မိုးကုတ်ပေါက်ပေါက်၊ Super Model သန္တာလိုင် (Life Influencer)၊ ထပ်ဆင့်အကယ်ဒမီ ဝတ်မှုံရွှေရည်၊ Ms.Kevin Lilliana (Miss International 2017)၊ Mr. Makoy Manlapaz (Head Coach of Gouldian Pageant Training) တို့ကိုကျေးဇူးအထူးတင်ရှိပါသည်။

Miss Myanmar International 2018 ပွဲကြီးအားSponsor နှင့် Partnership များအဖြစ် ကူညီအားဖြည့်ပေးခဲ့ကြသော Title Sponsor အဖြစ် Wave Plus Purified Drinking Water ၊Venue Sponsor အဖြစ် Novotel Yangon Max Hotel ၊ Accommodation Sponsor အဖြစ် Golden City National Landmark Luxury Condo ၊ Medical Partner အဖြစ် Bumrungrad Clinic Yangon International Medical Services and Vitalife Corporation Limited၊ Jewelry Sponsor အဖြစ် She Shines Gems & Jewelry ၊ Wardrobe Partner အဖြစ် Esprit ၊ Gym Partner အဖြစ် Training Ground၊ Emerald Sponsor အဖြစ် Oramin-F ၊ Resort Partner အဖြစ် Victoria Cliff Hotel & Resort ၊ Silk & Lace Partner အဖြစ် လှိုင်ထိပ်တင် (Silk & Lace) ၊ Hair & Make Up Partner အဖြစ် တော်ဝင်သူမေဦးမောင် ၊ Airline Partner အဖြစ် Vietnam Airlines၊ Transportation Partner အဖြစ် Forward Yangon Travel and Transportation ၊ Mobile Partner အဖြစ် SAMSUNG ၊ Language Partner အဖြစ် Wall Street English ၊ Flower & Decoration Partner အဖြစ် Flower by Ashley နှင့် Billboard Sponsor အဖြစ် Tokyo Pipe-(Exel Treasure Hotel) တို့ကို ကျေးဇူးတင်ရှိပါသည်။

Miss Myanmar International 2018 ပြိုင်ပွဲတစ်လျှောက်နှင့် Grand Final ပွဲအထိ အလှပဆုံးဝတ်စုံများ ဖန်တီးပေးခဲ့သည့် Official Designer များအဖြစ်ကူညီပေးပါသော မစန္ဒီလင်းနိုင် (Touched by heart)၊ မထက်ထက်ဦး (P & H Fashion & Boutique)၊ Alfie Desamparado (Swimwear Designer) ၊ ကိုဇော်နောင် (Clover Fashion Collection)၊ မမေသန်းနွယ် (May Dream Design Collection) ၊ Designer မမိုမို တို့ကိုလည်း ကျေးဇူးတင်ရှိပါသည်။

Miss Myanmar International 2018 ပြိုင်ပွဲဝင်ညီမလေးများကို အလှပဆုံး ဓါတ်ပုံများ ရိုက်ကူးပေးပါသော Allied Artists များအဖြစ် ဦးPeter (The Bridal Garden)၊ ကိုဝဏ္ဏစွာနီး (Focus Daily) ၊ ကိုလင်းထွန်း (Life Photography) ၊ ကိုတိုးတိုး (Black & White Photo Studio)၊ Kansuho (Black & White Photo Studio)၊ ကိုစည်သူအောင် (STA's Production) ၊ Kingsman Photo Club တို့ကိုလည်း ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် Official Broadcasting Partners အဖြစ် MNTV, Shwe FM, Channel 9 နှင့် Official Telecom Partners အဖြစ်ပါဝင်ပေးပါသော MPT ၊ Telenor နှင့် Ooredoo တို့ကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။ Miss Myanmar International 2018 ပြိုင်ပွဲစခန်းသွင်း လေ့ကျင့်ချိန်အတွင်းတွင် အသိပညာ၊ အတတ်ပညာများကို လေ့ကျင့်သင်ကြားပေးပါသော ဒေါ်ရီရီဝင်း - ဒုဥက္ကဋ္ဌ (မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်)၊ ဦးမျိုးဝင်းသန်း - ဗဟိုအလုပ်အမှုဆောင် (မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း) - တွဲဖက်အထွေထွေအတွင်းရေးမှူး (မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း)၊ ဦးတင်ဇံကျော် (Principal of Device Management)၊ မဝင်းအိနိုင် (Executive Committe Member of Myanmar Entrepreneur Association)၊ ဒေါက်တာစောနေနွယ် (Deputy Managing Director of AA Medical Products Ltd, Pacific AA Motor Ltd, and Pacific Medical Industry Ltd) ၊ မတင်မိုးလွင် (Talents & Models Agency) ၊ မထက်ရီဝင်း (Founder & Director of Brand You)၊ မဝင်းမင်းသန်း (Yangon in My heart)၊ Ariel သုတ ၊ ဂုဏ်ရည်အေးကျော် (Miss Myanmar International 2013) ၊ စပ်ယွန်းဝတီဦး (Miss Myanmar International 2017)၊ Miss Phacharanan Thiranithitnan - Miss Supranational Thailand Chanthuri 2017 (Professional Model and Dancer) ၊ ဦးမျိုးဟန်နောင် - Director Cosultancy Trainer(WSH Myanmar) နှင့် ဦးမိုးကြည်ဖြူ - Cosultancy Trainer (WSH Myanmar) စသည့် အသိပညာရှင် အတတ်ပညာရှင်များနှင့် အနုပညာနယ်ပယ်အသီးသီးမှ Trainer များနှင့် Talents Show တွင် အကဲဖြတ်ဒိုင်အဖြစ် ပါဝင်ကူညီပေးပါသော မန္တလေးဦးသိန်းဇော်(ဇာတ်မင်းသား၊ ကဗျာဆရာ၊ တေးသံရှင်) နှင့် တေးသံရှင်အဆိုတော် ကိုကောင်းမြတ်တို့အား လုံးကို ကျေးဇူးအထူးပင်တင်ရှိပါသည်။

Miss Myanmar International 2018 ပြိုင်ပွဲကာလအတွင်း Reality TV Show အတွက် Location Sponsor ပြုလုပ်ပေးပါသော The Yangon Restaurant၊ Paribawga Cafe'၊ Yangon Water Boom နှင့် White Rice Restaurant တို့အပြင် Billboard အသုံးပြုခွင့်ပေးပါသော Tokyo Pipe Excel Treasure Tower တို့အားလုံးကို ကျေးဇူးတင်ရှိပါသည်။ အနယ်နယ်အရပ်ရပ်မှလာရောက်ယှဉ်ပြိုင်ပေးခဲ့ကြသော အလှမယ်ညီမလေးများအားလုံးနှင့် Miss Myanmar Inernational 2018 ပြိုင်ပွဲကြီးကို ပွဲစဉ်တစ်လျှောက်လုံး Social Media Page များနှင့် SMS Voting များဖြင့်အားပေးခဲ့ကြသော မိဘပြည်သူပရိသတ်များ၊ Grand Final နေ့တွင် လူကိုယ်တိုင်လာရောက် အားပေး၍သော်လည်းကောင်း၊ TV ဖန်သားပြင်မှသော်လည်းကောင်း၊ Facebook Live မှသော်လည်းကောင်း အားပေးခဲ့ကြသော မိဘပြည်သူပရိသတ်များ၊ စာနယ်ဇင်းမီဒီယာများအားလုံးနှင့် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုး ကူညီပေးခဲ့ကြသော ကျေးဇူးတင်ထိုက်သူများအားလုံး ကိုလည်း Stellar Seven Entertainment မှ ကျေးဇူးအထူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

Title Sponsor | Venue Sponsor | Accommodation Sponsor | Medical Partner | Jewelry Sponsor

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ် မစိုးရိမ်တိုက်သစ်
# စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်း တစ်သောင်းစီမံကိန်း

## စာအောင်သံဃာတော်အရှင်သူမြတ်တို့အား(ဘဏ်တိုး)ဖြင့်
## (နှစ်စဉ်)စာအောင်ဆုလှူဒါန်းနိုင်ရန်
## စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်းတစ်သောင်းစီမံကိန်းကို
## စတင်အကောင်အထည်ဖော်လျက်ရှိပါသည်

သို့ဖြစ်ရာ အလှူရှင်များအနေဖြင့် ကျပ်တစ်သိန်းနှင့် ကျပ်တစ်သိန်းအထက် စာအောင်ဆု ထာဝရငွေပဒေသာပင်များကို အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်၍ စိုက်ထူလှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

(၁) နာယကဆရာတော်များ ဖုန်း-၀၉-၂၀၀၂၆၂၅ (-၄-၃)

(၂) ဦးမြဇော်(ဂေါပက) ဖုန်း-၀၉-၂၀၀၇၃၆၄

အလှူရှင်များ၏ လှူဒါန်းငွေများကို (လစဉ်အလိုက်) သတင်းစာများမှ ဖော်ပြပေးသွားပါမည်။

**ရှုလိုင်လအလှူရှင်စာရင်း**

| | | | |
|---|---|---|---|
| ၁ | ဦးကံချွန်-ဒေါ်ခင်မမတို့အားရည်စူး၍သမီးဒေါ်အမာတင်၊ ဒေါ်သန္တာတင်မိသားစု | (၆၃)လမ်း၊မန္တလေးမြို့ | 10000000 |
| ၂ | ဦးဥတ္တမသာရ | မနောသုခကာရီအဌကျောင်း၊ ကင်းဝန်မင်းကြီးတိုက်၊ မန္တလေးမြို့ | 2500000 |
| ၃ | ဦးမောင်ကို-သီရိသုဓမ္မသီဂီဒေါ်ရွှေဥ ထာဝရကုမ္ပဏီနှင့်ရွှေဥသြရွှေဆိုင်မိသားစု | မန္တလေးမြို့ | 1000000 |
| ၄ | ဦးရောက်တီ-ဒေါ်ခင်မာကြည်နှင့်ဓမ္မမိတ်ဆွေများ | မန္တလေးမြို့ | 1000000 |
| ၅ | မေတ္တာရွှေရည်စိတ်ရောဂါအထူးကုဆေးခန်း | အမှတ် ၂/၁၊ မလိခလမ်း၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ | 843000 |
| ၆ | ကွယ်လွန်သူဦးချစ်တင် အလက-၄၊ ပုလဲငွေရောင်နှင့်၊ သမီးကြီးမခင်အေးတို့အားရည်စူး၍ဇနီးဒေါ်တင်မိသားစုမွေးနေ့အလှူ | အကွက်(ငငc-၄/၁၁)၊ ကန်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ | 500000 |
| ၇ | ဦးပြောင်း-ဒေါ်လှခင်မိသားစု | စိန်ပန်းသဖြူးရပ်၊မဟာအောင်မြေမြို့နယ်၊မန္တလေးမြို့ | 500000 |
| ၈ | ဦးကျင်မြတ်အားရည်စူး၍ဒေါ်အေးသမီးဒေါ်သန်းသန်းမော်မိသားစု | မလိခအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ | 350000 |
| ၉ | ဦးမောင်မောင်-ဒေါ်မိုးမိုးကျော်သားမောင်ဖွဲသန့်ဇင်၊ သမီးမမိုးမြင့်မိုရ်မောင်မိသားစု မမိုးမြင့်မိုရ်မောင်၏(၁၄)နှစ်ပြည့်မွေးနေ့အလှူ | မေခအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ | 350000 |
| ၁၀ | ကျေးဇူးရှင်ဖေဖေဦးတင့်လွင်-မေမေဒေါ်ညွန့်စိန် သမီးသားမြေးမိသားစု | (၁)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ | 300000 |
| ၁၁ | ဦးတင့်မြင့်-ဒေါ်ခင်ဝင်းသမီး ဒေါက်တာတင်မမဝင်း၊ ဗိုလ်ကြီးစံဝင်းမောင်-ဒေါက်တာဝင်းနီနီမြင့်၊ မြေးခင်လပြည့်ဝင်းမိသားစု | ၃၆လမ်း၊၈၄+၈၅လမ်းကြား၊ မန္တလေးမြို့ | 200000 |
| ၁၂ | ဦးမောင်မောင်ထွန်း-ဒေါ်နန်းခမ်းနွယ်မိသားစု | ဟိုပုံးမြို့ | 200000 |
| ၁၃ | (ဦးထွန်းမောင်)-ဒေါ်သန်းတင်သမီးဒေါ်ဖြူပြာခင်၊ ဒေါက်တာဝါဝါခင်၊ ဒေါ်စုရည်လင်းမိသားစု | အမှတ်(၁)ရဲစခန်းရှေ့၊ နန်းတော်ကုန်းရပ်၊ မိတ္ထီလာမြို့ | 200000 |
| ၁၄ | ကွယ်လွန်သူမိဘများဖြစ်သော ဦးစံဦး-ဒေါ်သိန်းမြ၊ ခင်ပွန်းဦးလှကြည် (ရဲမှူးကြီး-ငြိမ်း)တို့အားရည်စူး၍ ဒေါ်နီနီနှင့်မိသားစု | အမှတ် ၁၀၀၊ မြကန်သာလမ်း၊(၁၀)မိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ | 150000 |
| ၁၅ | ဦးသံနိုင်သူနာပြုကောင်စီ | ရန်ကုန်မြို့ | 150000 |
| ၁၆ | ဦးဟိုလိုင်-ဒေါ်ရှုရီညီမဒေါ်ဟုန်း၊ ဒေါ်ကြင်အေးတို့အားရည်းစူး၍ကိုစောသိန်း၊ ညီမ မနွယ်ကောင်းမှု | ပိန်းဇလုပ်မြို့ | 150000 |
| ၁၇ | ဒေါ်ခင်ဆွေဝင်း | အမှတ် ၉၆/ခ၊ မြို့မ(၁၃)လမ်း၊ (၄)မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ရန်ကုန်မြို့ | 110000 |
| ၁၈ | ဦးသန်းတင်-ဒေါ်ထားသီမြေး မောင်အောင်ထူးမြတ်မိသားစု | သီရိလမ်း၊ တောင်ပိုင်ရပ်ကွက်၊ ကျိုက်ထိုမြို့ | 110000 |
| ၁၉ | ဦးရန်နိုင်ဆွေ-ဒေါ်မြတ်မြတ်ထွေးသမီးမမို့မို့ဆွေ၊ မမြတ်မြတ်ဆွေ၊ သားမောင်အောင်ကောင်းမြတ်မိသားစု | မန္တလေးမြို့ | 100000 |
| ၂၀ | ကိုချို-မခင်အေးမူ သားမောင်ဝေဖြိုးအောင်၊ မောင်ကျော်ဇင်ထွန်း၊မောင်အောင်လင်းခန့်မိသားစု | | 100000 |
| ၂၁ | ဦးခင်ဇော်(ခ)ဦးဇော်ကြီးအားရည်စူး၍ ဒေါ်မြင့်စိန်၊ ဦးသန်းလှိုင်-ဒေါ်သန်းငွေးမိသားစု | ရန်ကုန်မြို့ | 100000 |
| ၂၂ | ဦးစိုးရီ-(ဒေါ်မြဝင်း)မိသားစု | တိုက်(၄)၊အခန်း(B)၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်ဗဟိုလမ်း၊လှိုင်မြို့နယ်၊ရန်ကုန်မြို့ | 100000 |
| ၂၃ | ဒေါ်ဝင်းမိသားစု | ဂုန်နီစက်ရုံဝင်း၊အုတ်ကျင်း၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၄ | ဦးထွန်းရှိန်-ဒေါ်ခင်သိုက်သမီးဒေါ်ကြည်လွင်မိသားစု | ဘုရားကြီးကျောက်ဆစ်တန်း၊ ကျွန်းလုံးဥသျှောင်ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ | 100000 |
| ၂၅ | အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းဝန်ထမ်းများ | စက်မှုဝန်ကြီးဌာန၊ နေပြည်တော် | 100000 |
| ၂၆ | သပြေအေးမိုးကုတ်ရိပ်သာယောဂီများနှင့်ဓမ္မမိတ်ဆွေများ | သပြေအေးမိုးကုတ်ရိပ်သာ၊ နေပြည်တော် | 100000 |
| ၂၇ | ဦးခင်မောင်မြင့်-ဒေါ်စန်းစန်းမော် သား မောင်အောင်မျိုးသန့်မိသားစု | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၈ | ဒေါ်သိန်းကြည်(၈၇)နှစ်ပြည့်မွေးနေ့အလှူ | အမှတ်(၄၄)၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၉ | ကွယ်လွန်သွားသောနှစ်ဖက်သောမိဘများဖြစ်ကြသော ဦးမြင့်-ဒေါ်တင်အောင်၊ ဦးဘသောင်းတို့အားရည်စူး၍ မိခင်ကြီးဒေါ်အုန်းသိန်းနှင့် ဦးတင်မြင့်-ဒေါ်စန္ဒာဝင်း၊ သားမောင်ဖြိုးစေဟန်၊ သမီးမခင်စုလှိုင်မိသားစု | အမှတ် ၁၉၅၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၀ | ဒေါ်စုစုကြည်(ဒု-ညွှန်မှူးမန်းစည်ပင်)အားရည်စူး၍ဦးစိုးလွင်-ဒေါ်အေးအေးချို၊ သမီး မမြတ်သီဂီစိုး၊ သားမောင်ဟိန်းသူစိုး-မပန်းအိစံ၊ မြေးမောင်နေစကြာရဲရင့်၊ ဒေါ်စိုးစိုးဝင်းမိသားစု | ရန်ကုန်မြို့ | 100000 |
| ၃၁ | ဗိုလ်မှူးကျော်လင်း(ငြိမ်း)(၃၈)နှစ်မြောက်မွေးနေ့အတွက်ဖေဖေဦးတင်ဦး-မေမေဒေါ်အုန်းဟန်မိသားစု | အမှတ်(၄၂)၊ ငါးလွှာ(ခ)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၂ | ဦးလှမောင်-ဒေါ်ခင်စန်းသမီးမတင်ငွေး(၄၇)နှစ်ပြည့်မွေးနေ့အလှူ | အကွက် ၃၉၊ပင်မ(၁၀)ရပ်၊မန္တလေးမြို့ | 100000 |
| ၃၃ | အရှင်တိကညာဏာလင်္ကာရ | ကျောက်ပတောင်းကျောင်း၊ သရက်တောတိုက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၄ | ရဟန်းခမည်းတော်ဦးညိုအောင်-ဒေါ်ခင်မြင့်မိသားစု | အောင်သာကုန်းရွာ၊ အရာတော်မြို့နယ် | 100000 |
| ၃၅ | ကွယ်လွန်သူဖခင်ကြီး ဦးထွေးမောင်(ကျန်းမာရေးမှူးငြိမ်း)အားရည်စူး၍ ကျန်ရစ်သူမိသားစု | အမှတ်(၁၅/က)၊ သုခဝတီလမ်း၊(၆)ရပ် ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၆ | ဦးအောင်ကျော်မင်း-ဒေါ်အေးအေးမြင့်၊ သား မောင်ထက်အောင်လွင်မိသားစု | နေပြည်တော်၊ | 100000 |
| ၃၇ | ဦးကျော်ထွန်း-ဒေါ်ခင်သိန်းမြင့်မိသားစု | ဂဂ-၃/၈၁၊ကန်သာယာဝန်ထမ်းရပ်ကွက်၊ မန္တလေးမြို့ | 100000 |
| ၃၈ | မောင်ရဲဘုန်းအောင်(တတိယနှစ် M-B-B-S၊ ဆေးတက္ကသိုလ်၂၊ ရန်ကုန်) မွေးနေ့အလှူ | အမှတ် ၈၅၀၊ လှျပ်စစ်ရုံးလမ်း၊မြို့မ (၂)ရပ်ကွက်၊ မှော်ဘီမြို့ | 100000 |
| ၃၉ | နှစ်ဖက်သောမိဘများအား ရည်းစူး၍ဦးထွန်းအောင်ကျော်-ဒေါ်စိန်စိန်၊ အစ်မ ဒေါ်မြမြ မိသားစု | ယဉ်တော်စံအနောက်၊ မြစ်ငယ်မြို့ | 100000 |
| ၄၀ | ဦးဝါဝင်း-ဒေါ်နှင်းနှင်းမိသားစု | စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊မန္တလေးမြို့ | 100000 |
| ၄၁ | ဗိုလ်မှူးကြီးဖိုးအောင်(ငြိမ်း)-ဒေါ်ဘေဘီမိသားစု | (၆၃)လမ်း၊ မန္တလေးမြို့ | 100000 |
| ၄၂ | ဦးညိမ်း-ဒေါ်ရှိန်တို့အားရည်စူး၍ မမဒေါ်မိသားစု | လမ်း(၈၀)၊ (၁၄)လမ်း၊ မန္တလေးမြို့ | 100000 |
| ၄၃ | ဦးသိန်းမြင့်-ဒေါ်ခင်စန်းမှီမိသားစု | ကျိုက်ထိုမြို့ | 100000 |
| ၄၄ | ဗိုလ်မှူးဇော်မျိုးထွန်း-ဒေါ်ပွင့်အိရွှေစင် သား မောင်အောင်ပြည့်ပိုင်မိသားစု | ပြင်ဦးလွင်မြို့ | 100000 |
| ၄၅ | နှစ်ဖက်မိဘများကိုအမှူးထား၍ ဗိုလ်ကြီးစံဝင်းမောင်-ဒေါက်တာဝင်းနီနီမြင့် သမီးခင်လပြည့်ဝင်းမိသားစု | မန္တလေးမြို့ | 100000 |
| ၄၆ | ကိုစိုင်းသူရ | မန္တလေးမြို့ | 50000 |
| ၄၇ | ကိုဇေယျာမင်း-မကေဇင်ဝင်းမိသားစု | | 50000 |
| ၄၈ | ဦးမောင်မောင်သင်-ဒေါ်ချောစုလှိုင်(မိုး/ဇလ)သမီးမခန့်မွန်မွန်မောင်၊ လှိုင်မို့မို့မောင် မိသားစု | မိတ္ထီလာမြို့ | 30000 |
| ၄၉ | ဦးညွှန့်မောင်-ဒေါ်အေးအေး သားသမီးမြေးတစ်စု | စက်မှု(၁)၊ မန္တလေးမြို့ | 10000 |
| ၅၀ | မောင်အောင်ဆန်း-မကေခိုင်မိုး သား မောင်ခန့်မင်းအောင်မိသားစု | စက်မှု(၁)၊ မန္တလေးမြို့ | 10000 |
| | | | 21463000 |

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း (D)မှ မရွှေသွယ်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသာဟံ ၈/စလန(နိုင်)၀၂၀၀၁၈ ဖြစ်ပါကြောင်း။ **ဦးသာဟံ**

**မွေးသက္ကရာဇ်အမှန်**

ဟသ်ာတမြို့နယ်၊ ဓမ္မိ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ (ဘ) ဦးအေးချို၏သားမောင်ဝေဖြိုးလှိုင် ၁၄/ဟသတ(နိုင်)၃၄၇၇၄၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၁၂-၂၀၀၁ ဖြစ်ပါသည်။ **မောင်ဝေဖြိုးလှိုင်**

**ဖခင်အမည်မှန်**

ဟသ်ာတမြို့၊ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၊ သတ္တမတန်းမှ မမိုးပြည့်ပြည့်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး ၁၄/ဟသတ(နိုင်)၂၂၇၅၂၀ ဖြစ်ပါသည်။ **ဦးအောင်ကျော်မိုး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပျော်ဘွယ်မြို့၊ ထန်းတောကြီးကျေးရွာနေ ဦးသိန်းဝင်း၏သမီး မိတ္ထီလာမြို့ အထက(၃)ကျောင်းဝင်အမှတ်(၁၁၀၁၅) မမြတ်ဆုမွန်(ခ) မမြတ်စုမွန် ၉/ပဘန(နိုင်)၂၄၉၄၈၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မမြတ်ဆုမွန်(ခ)မမြတ်စုမွန်**

**ဖခင်အမည်မှန်**

မိတ္ထီလာမြို့ အထက(ခွဲ)ကွက်ငယ် တက္ကသိုလ်ဝင်တန်းမှ မခင်သန္တာစိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးလွင် ၉/မထလ(နိုင်)၁၂၀၄၂၄ ဖြစ်ပါသည်။ **ဦးစိုးလွင်**

**ဖခင်အမည်မှန်**

ဟသ်ာတမြို့နယ်၊ ဒူးယား အခြေခံပညာအထက်တန်းကျောင်း၊ နဝမတန်းမှ ကျောင်းဝင်အမှတ်(၁၄၄၉၄)မယွန်းပန်းသဒ္ဒါ၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်း ၁၄/ဇလန(နိုင်)၀၉၈၁၂၁ ဖြစ်ပါသည်။ **ဦးသိန်းထွန်း**

**ဖခင်အမည်မှန်**

ဟသ်ာတမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ပဉ္စမတန်းမှ ကျောင်းဝင်အမှတ်(၃၅၂၅၇)မကေခိုင်ဇင်၏ ဖခင်အမည်မှန်မှာ ဦးသန်းလှိုင် ၁၄/ဟသတ(နိုင်)၂၇၈၂၇၄ ဖြစ်ပါသည်။ **ဦးသန်းလှိုင်**

**ဖခင်အမည်မှန်**

ဟသ်ာတမြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(ခ)မှ ကျောင်းဝင်အမှတ် (၁၈၄၂၉) မောင်ဟိန်းမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဝင်း ၁၄/ဟသတ(နိုင်)၂၂၇၆၂၆ ဖြစ်ပါသည်။ **ဦးအောင်ဆန်းဝင်း**

**မိခင်အမည်မှန်**

သထုံမြို့နယ်၊ အထက (ပိန္နဲတော) တက္ကသိုလ်ဝင်တန်းမှ မမေမြတ်နိုးအိမ်နှင့် ဒုတိယတန်းမှ မောင်ထက်မြတ်သူတို့၏ မိခင်အမည်မှန်မှာ ဒေါ်မြရွှေ ၁၀/သထန(နိုင်)၀၇၉၂၄၁ ဖြစ်ပါကြောင်း။ **ဒေါ်မြရွှေ**

**ဖခင်အမည်မှန်**

သထုံမြို့၊ အထက(၄)တက္ကသိုလ်ဝင်တန်း (D)မှ မောင်မင်းမင်းစိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုး ၁၀/သထန(နိုင်)၂၂၈၈၉၇ ဖြစ်ပါကြောင်း။ **ဦးမောင်စိုး**

**မိဘအမည်မှန်**

မိတ္ထီလာမြို့၊ ပြည်သာယာ၊ သမာဓိကိုယ်ပိုင်အထက်တန်းကျောင်းတွင်မူကြိုတက်ရောက်ခဲ့သည့် မသက်ထားအိ၏ မိဘအမည်မှန်မှာ ဦးစိုးလွင်နှင့် ဒေါ်မြဝင်း ဖြစ်ပါသည်။ **ဦးစိုးလွင်-ဒေါ်မြဝင်း**

**အမည်ပြောင်း**

ဟသ်ာတမြို့၊ ဒူးယား အခြေခံပညာအထက်တန်းကျောင်း ဆဋ္ဌမတန်းမှ ကျောင်းဝင်အမှတ်(၁၄၅၀၇) မယွန်းနှင်းအိမ်အား မသင်းယုနန္ဒာဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသင်းယုနန္ဒာ**

**ဖခင်အမည်မှန်**

ဟသ်ာတမြို့၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(က)မှ ကျောင်းဝင်အမှတ်(၁၈၄၂၈) မနှင်းဝင့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး ၁၄/ဟသတ(နိုင်)၂၂၇၅၂၀ ဖြစ်ပါသည်။ **ဦးအောင်ကျော်မိုး**

**ဖခင်အမည်မှန်**

ဟသ်ာတမြို့၊ ပင်မပညာကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ ကျောင်းဝင်အမှတ် (၃၀၄) မဂျူးမေ၏ ဖခင်အမည်မှန်မှာ ဦးအုန်းလှိုင် ၁၄/ဟသတ(နိုင်)၁၆၆၀၄၂ ဖြစ်ပါသည်။ **ဦးအုန်းလှိုင်**

**မိခင်မည်မှန်**

သထုံမြို့နယ်၊ အထက(ပိန္နဲတော) တက္ကသိုလ်ဝင်တန်းမှ နော်မြတ်မြတ်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်ခလောက်စိဖော ၁၀/သထန(နိုင်)၁၃၈၃၇၂ ဖြစ်ပါကြောင်း။ **ဒေါ်ခလောက်စိဖော**

**ဖခင်အမည်မှန်**

သထုံမြို့ အထက(ပိန္နဲတော) ပဉ္စမတန်းမှ နော်သဲစုအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင် နေမင်းကျော် ၁၀/ကထန(နိုင်)၀၉၆၇၇၂ ဖြစ်ပါကြောင်း။ **ဦးအောင်နေမင်းကျော်**

**ဖခင်အမည်မှန်**

ပျော်ဘွယ်မြို့၊ သဖန်းချောင်းကျေးရွာ အထက (ခွဲ) သတ္တမတန်းမှ မောင်မိုးထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း ၉/ပဘန(နိုင်)၁၅၅၆၀၀ ဖြစ်ပါကြောင်း။ **ဦးနိုင်ဝင်း**

## ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော်လှည့်လည်အပူဇော်ခံပွဲတော်ကြီး

(၁၁၈)ကြိမ်မြောက်၊ (၁၂၁)နှစ်ပြည့်ပေါင်းတည်မြို့ဗုဒ္ဓမြတ်စွယ်တော်လှည့်လည်အပူဇော်ခံပွဲတော်ကြီးကို -



၁၃၈၀ - ခုနှစ်၊ တော်သလင်းလဆန်း(၁၂)ရက် (၂၁.၉.၂၀၁၈)နေ့မှ တော်သလင်းလပြည့်ကျော်(၁)ရက် (၂၅.၉.၂၀၁၈)နေ့အထိ (၅)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

၁၃၈၀ - ခုနှစ်၊ တော်သလင်းလဆန်း(၁၃)ရက် (၂၂.၉.၂၀၁၈) နေ့လည် (၁)နာရီမှ စတင်၍ ဗုဒ္ဓမြတ်စွယ်တော်ကို ဆင်ရတနာပေါ်သို့ ပင့်ဆောင်ပြီး ယိမ်း - နိပါတ် - ဘာသာရေးအဖွဲ့အစည်းများ လိုက်ပါခြံရံလျက် မြို့ပေါ်သို့လှည့်လည်အပူဇော်ခံပါမည်။

၁၃၈၀ - ခုနှစ်၊ တော်သလင်းလဆန်း(၁၄)ရက် (၂၃.၉.၂၀၁၈)နေ့မှ တော်သလင်းလပြည့် (၂၄.၉.၂၀၁၈)နေ့ည(၁၀)နာရီအထိ ဗုဒ္ဓမြတ်စွယ်တော်ရတနာကို စိန်ကြုတ်မှ ဖွင့်လှစ်၍ပကတိအတိုင်းပူဇော်ခံထားရှိမည် ဖြစ်ပါသည်။

လေလံဆိုင်ခန်းများကို - ၁၃၈၀ - ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆)ရက်နေ့ (၁.၉.၂၀၁၈) နေ့နံနက် (၉)နာရီအချိန်တွင် ယခင်နှစ်များအတိုင်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချပါမည်။

ဈေးဆိုင်ဟောင်းများကို တော်သလင်းလဆန်း (၁)ရက် (၁၀.၉.၂၀၁၈) နေ့မှ စ၍ တော်သလင်းလဆန်း (၃ )ရက် (၁၂.၉.၂၀၁၈) ရက်နေ့အထိ ရောင်းချပြီး ဈေးဆိုင်သစ်များကို တော်သလင်းလဆန်း (၄) ရက် (၁၃.၉.၂၀၁၈)ရက်နေ့မှစ၍ ရောင်းချပါမည်။

"ဗုဒ္ဓမြတ်စွယ်တော်နှင့်ပါတ်သက်သောအမှတ်တရ အကျီ - ရောဘတ် - တံဆိပ် - CDခွေများ လုံးဝရောင်းချခွင့်မပြု။"

**အခြားမြို့နယ်များသို့ အလှူခံစေလွှတ်ခြင်းမရှိပါ။**

မြတ်စွယ်တော်အခမ်းအနားစီစဉ်မှုအဖွဲ့၊ ပေါင်းတည်မြို့။
ဖုန်း - ၀၅၃ - ၃၈၁၁၀

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ငြမ်းဝါးဝယ်ယူရန် ဈေးပြိုင်ကြော်ငြာ

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်ကပ်လှူရန်အတွက် ငြမ်းစေတီ တည်ဆောက်ရန် သိုက်ဝါး(သို့မဟုတ်)ဝါးယား(၁၅၀၀၀)လုံး ဝယ်ယူရန်ရှိပါသည်။ ရောင်းချလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ်(၁၀၀၀၀) နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး၊ စီမံအုပ်ချုပ်ရေးဌာနတွင် ဝယ်ယူပြီး ၁၇-၈-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီ နောက်ဆုံးထား၍ ဈေးပြိုင်တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး၊ အုပ်ချုပ်ရေးဌာနတွင် စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**

## မကွေးမြို့ မြသလွန်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၀ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်ထိ (၁၉-၁၀-၂၀၁၈ ရက်မှ ၇-၁၁-၂၀၁၈ ရက်ထိ) ရက် ၂၀ ကျင်းပပါမည်။ ယခုနှစ် ဆိုင်ခန်းလျှောက်လွှာများကို ယခင်နှစ် ဆိုင်ခန်းပြေစာများနှင့်ပူးတွဲလျက် ရောင်းကုန်အမည်ဖော်ပြ၍ ရိုးရိုးတန်း(ရိုးရိုးခန်း)တစ်ခန်း ငွေကျပ် ၂၄၀၀၀/-၊ ရိုးရိုးတန်း(ထောင့်ခန်း)တစ်ခန်း ငွေကျပ် ၂၅၀၀၀/-၊ လမ်းမတော်တန်း(ရိုးရိုးခန်း)တစ်ခန်း ငွေကျပ် ၂၆၀၀၀/-၊ လမ်းမတော်တန်း (ထောင့်ခန်း)တစ်ခန်း ငွေကျပ် ၂၇၀၀၀/-နှုန်းဖြင့် တင်သွင်းလျှောက်ထားရပါမည်။ ဆိုင်မထွက်လျှင် ငွေပြန်မအမ်းပါ။ ဈေးဆိုင်ဟောင်းများလျှောက်လွှာကို ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက် (၃-၉-၂၀၁၈ရက်) နောက်ဆုံးထား၍လည်းကောင်း၊ ဈေးဆိုင်သစ်များလျှောက်လွှာကို ဝါခေါင်လကွယ်နေ့မှ တော်သလင်းလပြည့်ကျော် ၈ ရက် (၉-၉-၂၀၁၈ ရက်မှ ၂-၁၀-၂၀၁၈ ရက်ထိ) နောက်ဆုံးထား၍လည်းကောင်း တင်သွင်းလျှောက်ထားရပါမည်။

ဇာတ်/အငြိမ့်/ဘားဆပ်ကပ် ကပွဲရုံမြေနေရာကို ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၀ ရက် (၂၁-၈-၂၀၁၈)ရက် မွန်းလွဲ ၂ နာရီတွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးခန်း၌ ညှိနှိုင်းဆောင်ရွက်ပါမည်။ **မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ မကွေးမြို့၊**
**ဖုန်း - ၀၉ - ၂၅၆၁၄၄၄၆၃၊ ၀၉ - ၂၅၆၁၄၄၄၆၄၊ ၀၉ - ၂၅၆၁၄၄၄၆၅**

### ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ထန်းကုန်း အထက၊ တက္ကသိုလ်ဝင်တန်း (က) မှ မောင်ဝေဖြိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဦး ၅/ကဘလ(နိုင်) ၁၂၁၆၈၁ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်ဦး**

### မွေးသက္ကရာဇ်အမှန်

မူဆယ်မြို့၊ ချယ်ရီကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ် ဝင်တန်းမှ မခမ်းဆွေဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၂-၂၀၀၃ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

မူဆယ်မြို့၊ ချယ်ရီကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း တက်ရောက်နေသော မမွေဖောင်၏ ဖခင်အမည်မှန်မှာ ဦးကျန်စောဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၆-၁၀-၂၀၀၂ ဖြစ်ပါကြောင်း။

## ရန်ကင်းအေးငြိမ်းရိပ်သာ ဝါတွင်းရက်(၆၀) တရားစခန်းဖွင့်မည်

မန္တလေးမြို့၊ ရန်ကင်းတောင်ခြေရှိ ကျမ်းပြုဆရာကြီး ဓမ္မာစရိယ ဦးငွေးလှိုင် ဦးစီးဖွင့်ခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ၌ မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီးဟောကြားပြသခဲ့သော မိမိကမ္မဋ္ဌာန်းကျောင်းထဲမှနေ၍ လူ့ပြည်၊ နတ်ပြည်မှဘုရားများ ပကတိမျက်စိဖြင့် မြင်ရသလို ဖူးမြင်နိုင်ခြင်း၊ ပစ္စယပရိဂ္ဂဟ၊ အတိတ်ဘဝများမြင်နိုင်သော သမထ၊ ဝိပဿနာတရားစခန်းကို (၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၁၄ ရက်) ၂၅-၈-၂၀၁၈ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ စခန်းဝင်လိုသူ ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး၊ ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

**စခန်းကြေး။ ။ ဆွမ်းစရိတ်မပေးရပါ။**

**သာသနာ့အကျိုးဆောင်အဖွဲ့**
**ဖုန်း - ၀၉ - ၂၀၃၃၉၂၂၊ ၀၉ - ၄၄၂၀၃၃၉၂၂၊ ၀၉ - ၇၉၆၇၆၂၁၇၆**

## ရခိုင်သဟာယအသင်း(ရန်ကုန်) မဂ္ဂဇင်းအမှတ်(၁၂) စာမူဖိတ်ခေါ်ခြင်း

ရခိုင်သဟာယအသင်း(ရန်ကုန်) မဂ္ဂဇင်းအမှတ်(၁၂) ထုတ်ဝေနိုင်ရေးအတွက် ရခိုင်လူမျိုးတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ စသောအကြောင်းအရာများကို အောက်ပါစည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | ကဗျာ | (ကွန်ပျူတာစာစီ) | A4 ၁ - မျက်နှာ |
| ၂။ | ဝတ္ထု | (ကွန်ပျူတာစာစီ) | A4 ၆ - မျက်နှာ |
| ၃။ | ဆောင်းပါး | (ကွန်ပျူတာစာစီ) | A4 ၆ - မျက်နှာ |
| ၄။ | အက်ဆေး | (ကွန်ပျူတာစာစီ) | A4 ၄ - မျက်နှာ |
| ၅။ | ကာတွန်း | - | A4 ၁ - မျက်နှာ |

၆။ တိုင်းရင်းသားလူမျိုးအသီးသီး ဖတ်ရှုနားလည်နိုင်အောင် မြန်မာနိုင်ငံသုံး ရုံးသုံးစာဖြင့် ရေးသားကြရမည်။
၇။ ၁၅-၉-၂၀၁၈ ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်။

**စာမူပေးပို့ရန်လိပ်စာ**

ရခိုင်သဟာယအသင်း(ရန်ကုန်)
အမှတ် (၆၇)၊ ပထမထပ်၊ လှည်းတန်းလမ်း၊ (၁၀-၁၁)လမ်းကြား၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
ဆက်သွယ်ရန် ဖုန်း - ၀၉ - ၂၆၁၄၄၅၁၆၈၊ ၀၉ - ၄၅၂၅၅၅၃၅

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၌**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် - ၂၂**

ဒေါ်သန်းသန်း နှင့် ၁။ ဦးဇော်ဟိန်း
၂။ ဦးထိန်လင်း

တရားလို — တရားပြိုင်များ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ညည - ၁၉/၆၁ သင်ပန်းကုန်းရပ်ကွက်နေ ဦးဇော်ဟိန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သန်းသန်းက ချေးငွေကျပ် ၃၅၀၀၀၀၀/-နှင့် နစ်နာကြေးငွေကျပ် ၃၅၀၀၀၀၀/-စုစုပေါင်းငွေကျပ် ၇၀၀၀၀၀၀/-ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဩဂုတ် ၂၁ ရက် (၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဩဂုတ် ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဖြိုးငြိမ်းစံ)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

### ဖခင်အမည်မှန်

ပူတာအိုမြို့၊ အထက(ပူတာအို)၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် မောင်ဆန်ဒေါင်းဖုန်တန်၊ တက္ကသိုလ်ဝင်တန်း (H)မှ မောင်ဆန်ဒေါင်းကွဲရမ်၊ သတ္တမတန်း (B)မှ မောင်ဆန်ဒေါင်းဂျိုးဇက်တို့၏ ဖခင်အမည်မှန်မှာ ဦးဆန်ဒေါင်းဖုန်ရမ် ဖြစ်ပါသည်။

### အမည်ပြောင်း

မိုးကောင်းမြို့၊ အထက (ခွဲ - ကျွန်းပင်သာ)၊ နဝမတန်း (A)မှ မောင်ရိဒရတ်ဗဟာဒူးအား မောင်ယိုကရပ်ဗဟာဒူးဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ဖခင်အမည်မှန်

နမ္မတီးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(F)မှ မောင်ရှိဘင်း၏ဖခင်အမည်မှန်မှာ ဦးနာရိုင်းဆန်မာ ၁/ဝမန(နိုင်)၀၁၉၇၀၉ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ အလက(၄)၊ သတ္တမတန်းမှ မမေမျိုးကို၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းကို ၁၄/ကမန(နိုင်)၂၆၁၉၁ ဖြစ်ပါကြောင်း။ **ဦးအောင်ဆန်းကို**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့ အထက (၁) တက္ကသိုလ်ဝင်တန်းမှ မသန္တာဦး၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင်ဦး ၅/ရဥန(နိုင်)၀၅၇၆၀၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ အထက(၁) နဝမတန်းမှ မောင်စောကျော်သူနှင့် အလက(ပန်းသာ)ရွာ ဆဌမတန်းမှ မောင်ဖိုးချစ်တို့၏ ဖခင်အမည်မှန်မှာ ဦးစောနွဲ့ခွန်အောင် ၁/မညန(နိုင်)၀၈၁၄၆၆ ဖြစ်ပါကြောင်း။

### မှတ်ပုံတင်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ပန်းသာကျေးရွာနေ မောင်ကျော်ပိုင်ဦး၏ဖခင် ဦးမျိုးလွင်၏ မှတ်ပုံတင်အမှန်မှာ ၅/ခပန(နိုင်) ၀၁၄၆၇၈ ဖြစ်ပါကြောင်း။

### မှတ်ပုံတင်အမှန်

တမူးမြို့၊ ဈေးတန်း (၁၁) ရပ်ကွက်နေ မောင်ခမ်ဟောက်စံ၊ မောင်ခိုင်စန်းမုန်၊ မမန်ရှင်းသွယ်ပါတို့၏ဖခင် ဦးကျော်ဇင်ထွန်း၏ မှတ်ပုံတင်အမှန်မှာ ၅/စကန(နိုင်)၁၈၃၇၅၈ ဖြစ်ပါကြောင်း။

## မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ၏ CPD ဟောပြောပွဲ

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ၏ CPD ဟောပြောပွဲကို ဦးကျော်မိုးလွင် SAP Certified Consultant and Executive Director, Entrust Avenue Company Limited မှ "Financial Operations and Management with SAP B1-The Digital ERP Platform for SMEs" ခေါင်းစဉ်ဖြင့် ၂၀၁၈ ခုနှစ် ဩဂုတ် ၁၉ ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၈:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းရှိ ဟောပြောပွဲခန်းမ၌ ဟောပြောဆွေးနွေးပေးမည်ဖြစ်ပါသည်။ အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပြီး လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအနေဖြင့် CPD နာရီ ထောက်ခံချက် ၄:၀၀ နာရီ ရရှိမည်ဖြစ်ပါသည်။ အဆိုပါဟောပြောပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ဟောပြောပွဲရက်မတိုင်မီ ရုံးပိတ်ရက်များအပါအဝင် ရုံးချိန်အတွင်း ၁၇-၈-၂၀၁၈ ရက် (သောကြာနေ့)နောက်ဆုံးထားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉၊ ပထမထပ်ရှိ အသင်းရုံးခန်းသို့ လာရောက်ပြီး မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပါကြောင်းနှင့် နယ်မှ တက်ရောက်မည့်သူများအနေဖြင့် အသင်းရုံးခန်းသို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ ဟောပြောပွဲကျင်းပသည့်ရက်တွင် မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်ခြင်းကို (လုံးဝ)လက်ခံမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း - ၀၉ - ၃၁၇၁၈၁၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

### ဖခင်အမည်မှန်

မိုးကောင်းမြို့၊ အထက (ခွဲ - ကျွန်းပင်သာ)၊ သတ္တမတန်း(B) မှ မောင်ဒီကဗဟာဒူးနှင့် ပဥ္စမတန်း (B) မှ မကုတ်စီလာတို့၏ ဖခင်အမည်မှန်မှာ ဦးအင်တရာဗဟာဒူး ၁/မကတ(နိုင်) ၀၂၂၆၀၁ ဖြစ်ပါသည်။

### မွေးသက္ကရာဇ်မှန်နှင့် ဖခင်အမည်မှန်

မိုးကောင်းမြို့၊ အထက (ခွဲ - ကျွန်းပင်သာ)၊ နဝမတန်း(A)မှ မောင်ယိုကရပ်ဗဟာဒူး၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၄-၂၀၀၃ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးကာလ်ဘဒူး ၁/မကတ(နိုင်)၁၄၀၂၉၄ ဖြစ်ပါသည်။

## မြေ ဧက(၁၀၀)ရောင်းမည်
## (1)ဧက = ၁၅၀သိန်း

ရန်ကုန် - ပုသိမ်လမ်း Ph:09-795196145

### မိဘအမည်မှန်

ပူတာအိုမြို့၊ အထက (ပူတာအို)၊ သတ္တမတန်း (C) မှ မောင်စည်သူနိုင်၊ နဝမတန်း(H) မှ မောင်အောင်ထက်တို့၏ မိဘအမည်မှန်မှာ ဦးသိန်းနိုင်(ခ)အသိန်းနှင့် ဒေါ်ဆန်ဒေါင်းထီရမ်တို့ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

တောင်တွင်းကြီးမြို့၊ မောင်းတိုင်(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း (နတ်မောက်လမ်း) ခင်တဲကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် ၂၀၃၄/၂၆၂၆ (အုပ္ပိုလ်ကွင်း)၊ မြေကွက်အမှတ်နှင့် ဦးပိုင်အမှတ် ၅၆/၁၅၀၊ ဧရိယာ ၀ ဒသမ ၅၁၆ ဧကအတွင်းရှိ မြေကွက်အား ဦးတင်ဝင်း ၈/တတက(နိုင်)၀၁၈၂၃၅ မှ အမှန်တကယ်ပိုင်ဆိုင်ကြောင်းနှင့် စက်မှုစီးပွားရေးဂရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မကွေးခရိုင်တောင်တွင်းကြီးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်တွင်းကြီးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၅၉၆၀၉ HONDA DREAM-125 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးမောင်မောင်သွင် ၉/မထလ(နိုင်)၂၄၇၅၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (မိတ္ထီလာခရိုင်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၃/ပေါင်းလောင်း - ၃၊ မြေကွက်အမှတ် (၉၁)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးသန်းနွဲ့အေးအမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်အေးမဉ္ဇူ (ဘ)ဦးငွေတိုး ၁၂/အစန(နိုင်)၂၀၄၃၀၄ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အမည်မှန်

ပူတာအိုမြို့၊ အထက (ပူတာအို)၊ တက္ကသိုလ်ဝင်တန်း (D) မှ မောင်အက်(စ်)ဖေအောင်၏ အမည်မှန်မှာ မောင်ဆာရ်ဝမ်ဖေအောင် ဖြစ်ပါသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ စာ » ၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ စာ » ၉

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ဇန်နဝါရီလမှ ဇွန်လကုန်အထိ ရာဇဝတ်မှု ၈၈၂ မှု လက်ခံရရှိပြီး ၈၅၂ မှု စစ်ဆေးပြီးပြတ်၊ တရားမမှု ၁၄၂၇ မှု လက်ခံရရှိပြီး ၁၃၂၃ မှု စစ်ဆေးပြီးပြတ်

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၏ (၁၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုတရားသူကြီးချုပ်က တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ခိုင်မာရေး၊ ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေး၊ အဂတိတရားကင်းစင်သည့် တရားစီရင်ရေး ဖြစ်ပေါ်ရေးတို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအထိ အဆင့်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရန်တာဝန်များ အသီးသီးပေးအပ်ထားပြီးဖြစ်၍ ဆင့်ကဲဆင့်ကဲ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ကြပ်မတ်ကွပ်ကဲဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားသူကြီးများသည် ဘက်လိုက်မှုကင်းရှင်းစွာဖြင့် အဂတိမလိုက်စားဘဲ မှန်ကန်မျှတစွာ တရားစီရင်ကြခြင်းဖြင့် ပြည်သူတို့ လက်ခံယုံကြည်အားကိုးနိုင်သည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ်ကို ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ၏ မဟာဗျူဟာလုပ်ငန်းနယ်ပယ်- ၅ တွင် နိုင်ငံတစ်ဝန်း တရားရုံးများ၌ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်တစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ကို *စာမျက်နှာ ၇ ကော်လံ ၁* ◆



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၏ (၁၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



မြန်မာနှင့် အင်ဒိုနီးရှားအသင်း ၂၀၁၆ ခုနှစ်က ခြေစမ်းပွဲကစားခဲ့စဉ်။ ဓာတ်ပုံ-စိုးညွန့်

## မြန်မာနှင့် အင်ဒိုနီးရှားအသင်း အောက်တိုဘာတွင် ခြေစမ်းမည်

နေပြည်တော် ဩဂုတ် ၉

**၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းသည် အောက်တိုဘာလတွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ကစားမည့်ရက်ကို ထပ်မံအတည်ပြုမည်ဖြစ်သည်။**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းကို စက်တင်ဘာလနှင့် အောက်တိုဘာလတွင် ခြေစမ်းပွဲကစားရန် အသင်းများ ဖိတ်ကြားလျက်ရှိပြီး လက်ရှိအချိန်ထိ အောက်တိုဘာလတွင် ကစားမည့် ခြေစမ်းပွဲနှစ်ပွဲအတွက် အသင်းများရရှိထားပြီးဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလတွင် အာဖဂန်နစ္စတန်အသင်းနှင့် အိမ်ကွင်း၊ အင်ဒိုနီးရှားအသင်း နှင့် အဝေးကွင်းယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာလတွင် ခြေစမ်းပွဲကစားမည်ဖြစ်သော်လည်း လက်ရှိအချိန်ထိအသင်းများနှင့် ညှိနှိုင်းမှုအဆင်မပြေသေးဘဲ အခြားအသင်းများအား ဖိတ်ကြားလျက်ရှိသည်။ လက်ရှိအချိန်တွင် မြန်မာ့လက်ရွေးစင်အသင်းကို ဖွဲ့စည်းရခြင်းမရှိသေးဘဲ မြန်မာ ယူ-၂၃ အသင်း အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ပြီးမှသာ ဖွဲ့စည်းလေ့ကျင့်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် အန်တွမ်နီဟေးက ကိုင်တွယ်မည်ဖြစ်ပြီး ၎င်းအနေဖြင့် တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲတစ်ပွဲသာ ကိုင်တွယ်ရသေးသည်။ *စာမျက်နှာ ၁၂ ကော်လံ ၅* ❐